ဆရာ

ဦးမင်းကျော် (M.A (Philo)

# ပညာရှင်

နှင့်

# မျိုးဆက်သစ်

# လူငယ်မောင်မယ်များထံပေးစာ

ခေါင်းလောင်းသံချိုအောက်မှာ

စာရေးတေး

သံပြိုင်ဟစ်ကြွေး

သီဆိုနေကြသော

စိမ်းဖြူရောင်

ပန်းကလေးတိုင်းအတွက် ရည်ညွှန်းပါသည်...

BY AIR MAIL


ယနေ့လူငယ်
နောင်ဝယ်လူကြီး
သင်လည်း တစ်ဦး
သွားထူးသွားမြတ်
ဖြစ်အောင်

# ပညာရွှေအိုး နှင့် မျိုးဆက်သစ်

# လူငယ်များထံပေးစာ

( ဦးမင်းဟန် )

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | — (၃၂၆/၉၇) (၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | — (၄၂၂/၉၇) (၈) |
| ပုံနှိပ်ထုတ်ဝေခြင်း | -- ပထမအကြိမ်<br>၁၉၉၇ ခုနှစ်၊ ဩဂုတ်လ |
| စောင်ရေ | — ၅၀၀ |
| တန်ဖိုး | — ၁၀၀ ကျပ် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | — ဦးအုန်းကြည် (၀၅၃၃၂)<br>ကောင်းစံအော့ဖ်ဆက်<br>၂၇၁/ခ၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | — ဦးတင်အုန်း (၀၉၄၃)<br>မိုးမင်းစာပေတိုက်<br>၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်<br>ရန်ကုန်မြို့။ |
| ဖြန့်ဝေသူ | ဒေါ်သန်းသန်းညွန့်(SBO-၁၀၂၅၄ |
| | ကံ့ကော်လိုင်း၊ အကျဉ်းဦးစီးဝင်း၊<br>ရွာမ၊ အင်းစိန်၊ ဖုံး-၆၄၂၅၉၅။ |
| မျက်နှာဖုံးဒီဇိုင်း | -- ကောင်းထက်စံ |
| မျက်နှာဖုံးနှင့်အတွင်းဖလင် | — သစ်လွင်၊ ၁၅၈၊ ၃၈ လမ်း(လယ်)<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| စာအုပ်ချုပ် | — ဦးရဲမင်း<br>၁၁၈၊ ၃၄ လမ်း၊ ရန်ကုန်မြို့။<br>ဖုံး-၂၈၅၄၇၆။ |
| မူပိုင် | — ဦးမြင့်ဝေ (ခ) ဦးမင်းဟန်<br>(ISN -၅၇၀၂၂၄)။ |

## " ကန်တော့ပန်း "

ရိုးရိုးသားသား
ကြိုးကြိုးစားစား
ပင်ပမ်းဆင်းရဲခြင်းကြီးစွာ
ရှာဖွေကျွေးမွေးသုတ်သင်ရင်း
ပညာအမွေပေးခဲ့သော
ဖခင် ဦးတင်မောင်
မိခင် ဒေါ်ရင်ငွေ (ကွယ်လွန်)
ကျွန်ုပ် အခြေခံပညာ အထက်တန်း
စာမေးပွဲအောင်မြင်ရန်
ပညာရေး အတွေးအခေါ်များ ရိုက်သွင်းပေးခဲ့သော
ပညာရေးဘဝ ခွန်အားများ ဖြည့်ဆည်းပေးခဲ့သော
"ချစ်တပည့်ထံပေးစာ" စာအုပ်ငယ်ကို
ရေးသားပြုစုခဲ့သည့် ဆရာ ( V )အုန်းကျော်
(ရူပဒေသင်တန်းများ)
ဆရာဦးကျင်မောင် (နဝရတ်နည်းပြ)
ဆရာဦးရွှေထိုက် (မေခနည်းပြနှင့်)
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ
အပေါင်းတို့အား
ဤစာအုပ်ငယ်အားဖြင့်
ရှိသေစွာ ကန်တော့ပန်းဆင်
ကျေးဇူးဆပ်အပ်ပါသည်။

မင်းဟန် **B.A (Philosophy)**

"သားငယ်၏
နို့ချိုစို့ချင်သော
ဆန္ဒထက်
မိခင်၏
နို့ချိုတိုက်ကျွေးချင်သော ဆန္ဒက
ပိုမိုကြီးမားပါတယ်....."

ပညာသည် ဘဝ
ပညာသည် အလှ
ပညာသည် ကမ္ဘာ
ပညာသည် အစစအရာရာ.....။

# ဤစာကို ....

မောင်သန်းထွန်း
မောင်ငွေစိုး
မကြူကြူ
မောင်ဝင်းထွန်း
မခိုင်သွယ်ဦး (မကြည်ပြာမင်းဟာန်)
(အ. ထ. က (၁) အင်းစိန်)
မောင်အာကာအောင်
မမေခလာ
မချိုအိမ်သူ
မောင်ဇင်ဘိုဘို
မောင်ထွန်းလင်းပိုင်တို့နှင့်
မြန်မာပြည်ဖွား
ပညာသင်
ညီငယ် ညီမငယ်
များအားလုံးသို့

ရည်စူး၍
ရေးသား
ပေးပို့ပါသည် . . . . ။

# မာတိကာ


၁။ ပညာရွှေအိုးနှင့်မျိုးဆက်သစ်လူငယ် မောင်မယ်မျ
ထံပေးစာ
၂။ ပညာဆိုတာဘာလဲ
၃။ ပညာနှင့်ဉာဏ်
၄။ ဘဝနဲ့တာဝန်
၅။ ဘဝနဲ့ပညာ
၆။ မင်း ဘာကြောင့်ပညာသင်သလဲ
၇။ ပညာရွှေအိုး လူမခိုး
၈။ စံအိမ်ကိုစိန်နဲ့ မွမ်းထားသလို
၉။ မိဘနဲ့သားသမီး
၁၀။ မိဘဝတ္တရားငါးပါး
၁၁။ သားသမီးဝတ္တရားငါးပါး
၁၂။ မြပုဝါနဲ့ကျီးအာသီး
၁၃။ သတိရှိဖွယ် အရွယ်သုံးပါး
၁၄။ အမိကနဲ့သာမညာ
၁၅။ မလုပ်ရဘူးမဟုတ်၊ လုပ်ရမယ်
၁၆။ အချစ်ရေးသည် ပညာရေးအတွက်အဆိပ်
၁၇။ ရှင်တယ်ဆိုတာ သေတာရဲ့ဆန့်ကျင်ဘက်
၁၈။ မင်းနဲ့သူ
၁၉။ အချိန်သည်ရွှေ အချိန်သည်ငွေ

၂၀။ ပညာပွားကြောင်း (၈)ပါး
၂၁။ လူ့ဘဝနဲ့အမှီအခို
၂၂။ လူငယ်နှင့် ဘဝအခြေအနေ
၂၃။ ဖြစ်သမျှကို လက်ခံပါ
၂၄။ ဘဝနဲ့ အသိပညာ(၂)မျိုး
၂၅။ အတ္တာဟိ အတ္တနော နာ့ထော
၂၆။ အသိနှင့် စွမ်းရည်
၂၇။ အလေးအနက်ထားခြင်း
၂၈။ အသေဝနာစ ဗါလနံ
၂၉။ ဦးနှောက်မှတ်ဉာဏ်နှင့် အတွေးခေါ်
၃၀။ မှတ်ဉာဏ်ကောင်းအောင်ပြုလုပ်နည်းများ
(က) စိတ်ပါဝင်စားစွာ ကျက်မှတ်ခြင်း
(ခ) လိုသည်ထက် ပိုကျက်ခြင်း
(ဂ) အဓိပ္ပါယ်နားလည်စွာ ကျက်မှတ်ခြင်း
၃၁။ အလိမ္မာစာမှာရှိ
၃၂။ သီလ၊ သမာဓိ၊ ပညာ
၃၃။ အကျင့်သီလနှင့်စာရိတ္တ
၃၄။ မမှားရှေ့နေ မသေဆေးသမား
၃၅။ ပညာလို အိုသည်မရှိ
၃၆။ မင်းကြမ္မာ မင်းဖန်တီးမည်
၃၇။ သေမြေကြီး ရှင်ရွှေထီး
၃၈။ အလီဟာအလီ ပီလီဟာပီလီ
၃၉။ ကြိုးစားရင် အောင်မြင်တယ်ဆိုသော်ငြား

၄၀။ စာကိုဘယ်လို ကျက်မလဲ။
၄၁။ သူတို့နှစ်ယောက်
၄၂။ မင်းကျက်ရမဲ့စာကျက်ချိန်
၄၃။ မင်းစာကျက်စားပွဲဟာ မင်းကမ္ဘာ
၄၄။ ၁၅ မိနစ်မှ ၇၅ နာရီသို့
၄၅။ မင်းညံ့လို့ သူတော်တာ
၄၆။ စာကျက်ဖို့ ပျင်းနေရင် ဒါတွေသတိရပါ
(၁) အမ်စီလား၊ ဝိုင်အိုင်တီလား
(၂) ပန်းတိုင်မတူသည့် ခရီးသည်ကြီးများ
(၃) ရှက်တက်ရင် ရှက်စရာ
(၄) မင်းအမေနဲ့သူ့အမေ
(၅) မင်ဟာ လူလား - ဘာလဲ
(၆) တော်တယ်ဆိုတာအလုပ်၊ အလုပ်လုပ်ရင် တော်တာပဲ
(၇) စာမေးပွဲအောင်ခြင်း သို့မဟုတ် မိဘကို ကျေးဇူးဆပ်ခြင်း
(၈) ကောင်းတဲ့အပြုအမူ
(၉) မင်းရယ် စာမေးပွဲရယ် ၃နာရီရယ် တစ်နှစ်ရယ် တစ်ဘဝရယ်
၄၇။ အလှအပဆိုတာ ဘာလဲ
၄၈။ ရှင်ချောင်သေကြပ် ရှင်ကြပ်သေချောင်
၄၉။ ချွေးထွက်များမှ သွေးထွက်နည်းမည်

၅၀။ ဆူးမပါတဲ့ နှင်းဆီရယ်လို့ မရှိ
၅၁။ သင်စိုက်သမျှ သင်ရိတ်ရ
၅၂။ အများလိုလား - အနည်းလိုလား
၅၃။ တကယ်ကြိုးစားသူနဲ့ မကြိုးစားသူ
၅၄။ အိပ်လို့ အိပ်ချင်တယ်
၅၅။ ထိပ်ဖျားမှာ နေရာလပ်တွေ
၅၆။ ဘယ်လိုလူတွေ အောင်မြင်သလဲ
၅၇။ ရှူးရင်လဲရှူးမှ ထူးရင်လည်းထူးမှ
၅၈။ အာဇာနည်ဆရာတော်များနှင့် အုန်းသီးရာဇဝင်
၅၉။ လူလုပ်ပြီးသမျှကို လူလုပ်နိုင်သည်သာ
၆၀။ တောင်ထိပ်ကလူ
၆၁။ သူတို့ကို အမြဲသတိရစမ်းပါ
၆၂။ ပညာရှာခြင်းသည် ပန်းခင်းလမ်းကို လျှောက်ခြင်းမဟုတ်
၆၃။ ပညာဆိုတာ ထပ်ပြန်တလဲလဲ
၆၄။ တာဝန်သည်ပထမ၊ အစစအရာရာသည် ဒုတိယ
၆၅။ အရူးဗုံမတက်မီအချိန်သည် အမှောင်ဆုံး
၆၆။ ခရီးမိုင်တစ်သောင်းကို ပထမခြေလှမ်းမှ အစပြုသည်
၆၇။ ဥစ္စာရင်လို ဥစ္စာရင်ခဲ
၆၈။ လူတော်များသည် လူသာမန်များ မလုပ်သည့်အလုပ်ကို
လုပ်ကြသည်
၆၉။ စာကို ဘယ်လိုကျက်သင့်သလဲ
၇၀။ လှုပ်ရှားမှုတိုင်းသည် အောင်ပွဲအတွက်
၇၁။ ရွှေရယ် မှတ်ကျောက်ရယ်

၇၂။ အဆိုးဆုံးကို ပြင်ဆင်ထားပြီး၊ အကောင်းဆုံး
မျှော်လင့်ပါ။
၇၃။ မနက်ဖြန်သည် စာမေးပွဲ
၇၄။ ဘစ်သက်မှာ တစ်ခါ
၇၅။ မြေကြီးလက်ခတ်မလွဲ
၇၆။ မတော်သူသေ၊ တော်သူနေ
၇၇။ မတည်ဆောက်မီ ပုံစံထုတ်ပါ
၇၈။ အိုးသည်ကြီး အိုးကိုရိုက်ရသည့် အကြောင်းရင်း
၇၉။ အချိန်အတွက် မမှားနဲ့
၈၀။ အိပ်ချင်ရင်
၈၁။ နက်ဖြန်စာမေးပွဲဆိုရင်
၈၂။ စာမေးပွဲခန်းထဲ
၈၃။ လူငယ်နှင့် စာပေ
၈၄။ ပညာနှင့်ပါတ်သက်တဲ့ ဆိုရိုးစကားများ
၈၅။ လူငယ်နှင့် အချစ်ရေး
၈၆။ လူငယ်နှင့် အိမ်ထောင်ရေး
၈၇။ လူငယ်နှင့်ငွေ
၈၈။ လူငယ်နှင့်ပါတ်ဝန်းကျင် (လူမှုဆက်ဆံရေး)
၈၉။ လူငယ်နှင့် မူးယစ်ဆေးဝါး
၉၀။ လူငယ်နှင့်စည်းကမ်း
၉၁။ လူငယ်နှင့်ဘာသာရေး
၉၂။ လူငယ်၊ ခေတ်နှင့်စံနစ်

-----------*-----------

## ဦးမင်းဟန် B.A (Philo)

### ဆက်လက်ရေးသားထုတ်ဝေမည့် စာအုပ်များ

၁။ လူငယ်နှင့် ကံ၊ ဉာဏ်၊ ဝီရိယလက်စွဲ
၂။ လူငယ်-အချစ်နှင့် အိမ်ထောင်ရေး
၃။ လူငယ်နှင့် မိတ်ဆွေစစ် မိတ်ဆွေမှန်ရှာဖွေခြင်း
၄။ ချစ်သမီးထံပေးစာ
၅။ ချစ်ဇနီးထံပေးစာ
၆။ ကျွန်တော်နှင့် ကျွန်တော့်အမေအကြောင်း

## ပညာရှေ့ဆောင်နှင့်မျိုးဆက်သစ်လူငယ်မောင်မယ်များသို့ပေးစာ

ညီငယ် ညီမငယ်လေးတို့ရေ. . . .

အစ်ကိုကြီး စာရေးလိုက်ပါတယ်။

ဒီစာကို ရေးတာကြာပြီဖြစ်ပေမဲ့ အစ်ကိုကြီးမှာ တာဝန်တွေ များပြားပြီး မအားမလပ်ဖြစ်နေတာမို့ စာက မပြီးပြတ်ခဲ့ဘူး။ ရေးချင်တာတွေကလည်း များနေတယ်။

ဒီတစ်ခါတော့ အစ်ကိုကြီး စာကို အားပါးတရနဲ့ သေချာ စဉ်းစားဝေဖန်ပြီး ဖတ်ပါ။ သာမန်ရေးရိုးရေးစဉ် စာမျိုးတော့ မဟုတ်ဘူး။ လောကနယ်ပယ်၊ ပညာရေးနယ်ပယ်တွေမှာ လူးလာ ဆန်ခတ်ဖြစ်နေတဲ့ ညီငယ် ညီမငယ်တို့အတွက် အစ်ကိုကြီး ဘဝနဲ့ ရင်းပြီး ရရှိလာတဲ့ သင်္ခ်ာစာတွေ၊ ဗဟုသုတတွေပေါင်းစပ်ပြီး လမ်းညွှန် သွန်သင်ဆုံးမချင်တဲ့ စေတနာတွေကြောင့် ရေးဖြစ်ခဲ့ တာပါ။ အလေးအနက်ထားပြီး ဖတ်စေချင်တယ်။

ညီငယ် ညီမငယ်တွေကို လူတော်အပြင် လူကောင်းလည်း ဖြစ်စေချင်တယ်၊ အခက်အခဲအတားအဆီးတွေကို ကျော်လွှားနိုင်တဲ့ ထွန်းပေါက်အောင်မြင်သူ လူတစ်ယောက်အဖြစ်နဲ့ ဘဝမှာ မြင်ချင် တယ်။ အရာရာမှာ အများတကာထက်လည်း သာနေစေချင်တယ်။ အထူးသဖြင့် ဘဝအသိ၊ စိတ်ဓာတ်အသိတွေပေါ့လေ။ သည်စာ အတွက် သဲထဲရေသွန် ရေပေါ်အရုပ်ရေးဆိုသလို အချည်းအနှီး ဖြစ်မှာကိုလည်း စိုးရိမ်မိတယ်။ သည်တော့ အစ်ကိုကြီးမှာချင်တယ်။

သည်စာကို စဉ်းစဉ်းစားစားနဲ့ သေသေချာချာဆုံးအောင် ဖတ်ပါ။ အစ်ကိုကြီးစာဟာ မင်းတို့ဘဝရဲ့ ဒေါင့်တစ်ဒေါင့် တစ်နေရာရာမှာ အစက်ကလေးတစ်စက်၊ သဲကလေးတစ်ပွင့် လောက် အရေးပါအရာရောက် အကျိုးရှိသွားပြီဆိုရင်ပဲ ကြေနပ် ဝမ်းမြောက်လှပါပြီ။ ရေးရကျိုး အပင်ပန်းခံရကျိုးနပ်ပါပြီ။ ပညာသင် နေဆဲ ညီငယ် ညီမငယ်တွေနဲ့ လုပ်ငန်းခွင်ဝင် အိမ်ထောင်ကျနေတဲ့ ညီငယ် ညီမငယ်တွေ အတွက်ပါ အကြုံးဝင်အောင် အစ်ကိုကြီး ကြိုးစားရေးသွားမယ်။

### ပညာဆိုတာ ဘာလဲ

ပညာဆိုတဲ့အဓိပ္ပါယ်ကို နားလည်အောင် အဓိပ္ပါယ် ဖွင့်ရမယ် ဆိုရင် 'သိခြင်း' လို့ခေါ်ရမှာပေါ့ကွာ။ အသိတရားရှိရင် ဘယ်နေရာမဆို ဘယ်အလုပ်မဆို မသွားရဲတာ မလုပ်ရဲတာ မရှိဘူး။ မင်းတို့တွေ ကျောင်းမှာသင်နေရတဲ့ ဘာသာရပ်တိုင်းဟာ ပြဿနာကိုယ်စီရှိတယ်။ အဲဒီပြဿနာတွေကို ဖြေရှင်းရင်းနဲ့ ဘဝရန်းကန်မှုဆိုင်ရာ ပြဿနာလေးတွေကို ဖြေရှင်းလာနိုင်တယ်။ ပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်ဘို့အတွက် ' ပညာဆိုတဲ့ ' 'အသိတရား' လိုတယ်။ သည်တော့ (ပညာဆိုတာ ပြဿနာနဲ့ ဒုက္ခအပေါင်းကို ချုပ်ငြိမ်းအောင် ဖြေရှင်း လမ်းညွှန်ပေးနိုင်သော အရာ သို့တည်းမဟုတ် အခက်အခဲများမှ လွန်မြောက်၍ ဖောင်မြင့်[illegible]သာနေရာ အဆင့်သို့ ပို့ဆောင်ပေးနိုင်သောအရာ) လို့ မှတ်ကြပေါ့ကွာ။

မြန်မာနိုင်ငံ မြန်မာစာအဖွဲ့ကတော့ မြန်မာ့အဘိဓါန် ကျမ်းမှာ "ပညာဆိုသာ ခွဲခြားသိမြင်နိုင်သော အသိဉာဏ်" လို့ အဓိပ္ပါယ် ဖွင့်ဆိုထားတယ်။

ပါဠိသက် ဝေါဟာရအဘိဓါန်မှာတော့ "ပညာဟူသည် အသိဉာဏ်ဖြစ်ကြောင်း အပြားအားဖြင့် (များစွာသော၊ မျိုးစုံသောအားဖြင့်) သိတတ်သောဉာဏ်၊ ဆည်းပူးရသောဉာဏ်၊ ယင်းအသိဉာဏ်ကို ရရာရကြောင်း ရှာဖွေဆည်းပူးအပ်သော အတတ်" ဖြစ်ကြောင်းတို့ကို ဖွင့်ဆိုပြထားတယ်။

ဒါကြောင့် "ပညာဆိုတဲ့စကားလုံးဟာ ပါဠိဝေါဟာရထ လာတာဖြစ်တယ်"

*ပညာနှင့်ဉာဏ်*

(ဉာဏ်ဟူသောဝေါဟာရသည်ပင်လျှင် ပါဠိသက် ဝေါဟာရ ဖြစ်နေပြန်သည်။ ဉာဏ်သည် ဉာဏမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဉာဏ၏အဓိပ္ပါယ်မှာ အသိဉာဏ်ကို ဆိုလိုကြောင်း၊ ဉာဏ်သည် သိမြင်တတ်သော တရား၊ သိမြင်ခြင်း၊ ပင်ကိုယ် အသိ ဉာဏ်ဖြစ်ကြောင်း) ဒဂုန်ဦးထွန်းမြင့်ပြုစုတဲ့ ပါဠိသက်ဝေါဟာရ အဘိဓါန်က အဓိပ္ပါယ်ဖွင့်ဆိုထားတယ်။ တဆက်တည်းမှာပဲ ဉာဏ်ပညာ (ဉာဏ် + ပညာ ) ဆိုတဲ့ ဝေါဟာရကို (အသိပညာ၊ ပညာပါသောအသိဉာဏ်) လို့ အဓိပ္ပါယ်ဖွင့်ဆိုထားတယ်။

ဦးဟုတ်စိန်(ဘီအေ၊ ဘီအယ်လ်) ပြုစုတဲ့ ( **THE UNIVERSAL BURMESE - ENGLISH - PALI**

**DICTIONARY)** **(1st Edition 1978)**မှာ၊ ပညာကို အင်္ဂလိပ်လို **(Wisdom, Knowledge)** လို့ အဓိပ္ပါယ်ဖွင့်ထားပြီး ဉာဏ်ကို **(Knowledge, Intelect )** လို့ အဓိပ္ပါယ်ဖွင့်ထားတာ တွေ့ကြရမယ်။

အဲဒီနေရာမှာ ပညာနဲ့ဉာဏ်ဟာ အဓိပ္ပါယ်တစ်သဘော တည်း တစ်ထပ်တည်း ဖြစ်တယ်ဆိုတာ ပေါ်လွင်မှာပဲ။ ဒါပေမဲ့ ပညာဟာ အကောင်းဘက်မှာသာရှိနိုင်တယ်၊ ဉာဏ်ကတော့ အကောင်းဘက်မှာရော အဆိုးဘက်မှာပါ ရှိနိုင်တယ်။ "သမ္မာဉာဏ်" လို့ခေါ်တဲ့ ကောင်းတဲ့ ဉာဏ်ရှိနိုင်သလို "မိစ္ဆာဉာဏ်" လို့ခေါ်တဲ့ ဆိုးတဲ့ ဉာဏ်လည်းရှိနိုင်တယ်။ မင်းတို့ယူရမှာကတော့ ထာဝရ ဖြူစင်နေတဲ့ အမဲစက်မရှိတဲ့ ပညာကိုပဲ။

**ဘဝနဲ့တာဝန်**

ဘဝဆိုတာပိုင်ဆိုင်လာပြန်ရင် တာဝန်ဟာလဲ ဒွန်တွဲပါလာ တော့တာပဲ။ ငယ်ရွယ်ပေမဲ့ တာဝန်မရှိဘူးမထင်ကြနဲ့။ ပညာသင်နေ ကြတာဟာ တာဝန်ထမ်းဆောင်နေကြတာပဲ။ "ဘဝဟာစာသင်ခန်း ထဲကစတယ်" လို့ ဆိုထားတယ်မဟုတ်လား၊ ထိုကြိုးစားလို့ အောင်မြင်ခဲ့ရင် တို့ဘဝအတွက်၊ တို့မိဘတွေအတွက်၊ တို့ဆရာတွေ အတွက် တာဝန်ကျေတာပဲ။ သည့်ထက်ပိုပြီးတာဝန်ကျေခဲ့ရင် တိုင်းသိပြည်သိအောင်မြင်ခဲ့ရင် တိုင်းပြည်ရဲ့သားကောင်းရတနာ လေးလို့ ခေါ်ဝေါ်ဂုဏ်ပြုခံရမှာပေါ့ကွာ။

**ဘဝနဲ့ပညာ**

လူရယ်လို့ဖြစ်လာရင် ဘဝဆိုတာပိုင်ဆိုင်လာရတယ်။ ( Life is strugle.) **"ဘဝဆိုတာတိုက်ပွဲ သို့မဟုတ် ရုန်းကန်လှုပ်ရှားမှု"** လို့ဆိုတယ်။ **"လူတစ်ခု ပူမှုရယ်က ဆယ်ကုဋေ" "တိစ္ဆမျှားမြောင် လူတို့ဘောင်ဝယ်" "အသက်တစ်ရာမနေရ အမှုတစ်ရာပွေ့ရ"** ဆိုသလိုပဲ လူရယ်လို့ဖြစ်လာရင် ပူစရာပင်စရာ ဖြေရှင်းစရာ ပြဿနာလေးတွေ ရှိတတ်စမြဲပါ။ အဲသည်လို မင်းတို့လျှောက်ရမဲ့ ဘဝခရီးလမ်းမှာ ကြုံတွေ့ရမဲ့ ခလုတ်ကန်သင်း အခက်အခဲ အတားအဆီးတွေကို မြင်အောင်၊ ကျော်လွှားနိုင်အောင် မီးမောင်း ထိုးပြနိုင်တာကလည်း၊ ပညာတည်းဟူသော အရာတစ်ခုတည်းရှိတယ်။ ဒါကြောင့်ငယ်ငယ်ရွယ်ရွယ်ထဲက ဒို့တစ်တွေ ပညာရှာနေရတာပေါ့။

**"ဘဝဟာ စာသင်ခန်းထဲက စတယ်လို့"** တစ်ချို့ ပညာရှိကြီးတွေက ပြောကြသေးတယ်။ အဲဒါဟုတ်တယ်။ ဒို့တစ်တွေ တိုက်ပွဲဝင်နိုင်အောင် စာသင်ခန်းက စစ်ဗျူဟာတွေ သင်ပေးတယ်။ တိုက်ကွက်တွေသင်ပေးတယ်။ ဒါမှလည်း တစ်ချိန်ကျရင် ဘဝဆိုတဲ့ တိုက်ပွဲမှာ အနိုင်ရမှာပေါ့။ စာသင်ခန်းဟာ ဒို့ရဲ့ တိုက်ပွဲ အစပဲကွ။

လုပ်သင့် မလုပ်သင့်၊ စားသင့် မစားသင့်၊ သွားသင့် မသွားသင့်၊ ပြောသင့် မပြောသင့် ဆိုတာတွေကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်အောင် **"အမှန်နဲ့အမှား" "အလင်းနဲ့အမှောင်" "အဖြူနဲ့အမဲ" "အကောင်းနဲ့အဆိုး"** တွေကို ဝေဖန်ပိုင်းခြားတတ်အောင် ဒို့တစ်တွေပညာကို သင်နေရတာ။ အဲဒါတွေဟာလည်း

တစ်ကယ်တော့ ဘဝစစ်တလင်းမှာ အောင်ပွဲဆင်နိုင်ဖို့ စစ်ဗျူဟာ နည်းပရိယာယ်တွေပဲ။ သည်တော့ ဒို့ဘဝမှာ "ပညာဟာ မရှိရင် မဖြစ်ဘူး" လို့ သတ်မှတ်ရမယ်ကွ။ (Education is the universal necessity. ) လို့ ဆိုရမှာပေါ့ကွာ။

**မင်းဘာကြောင့် ပညာသင်သလဲ**

ဘာလုပ်လုပ်ရည်ရွယ်ချက်ရှိရတယ်။ ရည်ရွယ်ချက်ရှိမှ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ကိုယ်ယုံကြည်တာ လေးစားတန်ဘိုးထား တာ။ ဒါမှ ကြိုးစားဖြစ်မှာ။ လူ့ဘဝဟာလည်း ပိုပြီးအဓိပ္ပါယ်ရှိ လာမယ်။ ယုံကြည်ချက်ဟာ ဘဝရဲ့ဆားပဲ။ ခပ်ပေါ့ပေါ့ မဖြစ်ဘူးလို့ ဆိုတာပဲ။

ပညာသင်ရာမှာ ဘဝရဲ့ခံယူချက်နဲ့ဖွဲ့ လိုတယ်။ ဒါတွေ ရှိမှလည်း ပိုမိုအောင်မြင်မှုရမှာ ဖြစ်တယ်။

"ပညာရဲရင့် ပွဲလယ်တင့်" ဆိုတဲ့စကားကို မင်းတို့ ကြားဖူး မှာပေါ့။ ပညာတတ်သူတွေရဲ့ အလယ်မှာ ပညာမတတ် သူတွေဟာ မျက်နှာငယ် သိမ်ငယ်ရတာပဲ။ ဘယ်လောက်ပဲတန်ဖိုးရှိတဲ့ အဝတ် အစားနဲ့ လက်ဝတ်တန်ဆာတွေ ဝတ်ဝတ် ပညာမတတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သိမ်ငယ်မှု အားငယ်မှုတွေကို အကာအကွယ် မပေး နိုင်ဘူး။

ရာဇဝင်မှာ ပညာတတ်တဲ့လူမျိုးက ပညာမတတ်တဲ့ လူမျိုးကို ကျွန်ပြုတယ်။ တိုင်းပြည်မှာ အုပ်စိုးတဲ့ ခေါင်းဆောင် ကြီးတွေ ကမ္ဘာမှာ အုပ်ချုပ်နေတဲ့သူတွေဟာ ပညာတတ်တွေပဲ။

လူတစ်ဦးချင်း ယှဉ်ကြည့်ရင်လဲ ဒီလိုပဲ။ “ ပညာမရှိသူ၏ဝန်ထမ်း” “လူ့ထိုးလှတိုက် လူမိုက်အားကိုး” ဆိုတဲ့ စကားတွေ မင်းတို့ ကြားဖူးမှာပေါ့။ ပညာမတတ်ရင် ခွန်အားကိုသုံးပြီး ပင်ပမ်းကြီးစွာ အသက်မွေးဝမ်းကြောင်းလုပ်ရမယ်။ တစ်ချိန်တျရင် သားသမီးတွေရဲ့ မိဘဖြစ်လာမယ့် မင်းတို့တတွေဟာ အခုချိန်ခါမှာ ပညာကို ကောင်းကောင်း မရှာခဲ့လို့ ပညာမတတ်ဘူးဆိုရင် မင်းတို့ရဲ့ သားသမီးတွေ ဆွေစဉ်မျိုးဆက် အောက်တန်းနောက်တန်းကျရမဲ့ အလားအလာရှိတယ်။ နောင်လာနောက်သားတွေအတွက် မင်းကို ကောင်းအသုံးကျအောင် အရင်လုပ်ထားရမယ်။

**ပညာရွှေအိုး လူမခိုး။**

ကုဋေရှစ်ဆယ်သူဌေးသား ပုံပြင်ကို မင်းတို့ကြားဖူးမှာပေါ့။ ပစ္စည်းဥစ္စာရှိပေမယ့် ပညာမရှိခဲ့တော့ ဆုံးဖြတ်ဝေဖန် ချင့်ချိန်နိုင်မှု အားနည်းပြီး မပေါင်းသင့်သူတွေနဲ့ပေါင်း၊ မလုပ်သင့်တာတွေ လုပ်ခဲ့လို့ ရှိသမျှစည်းစိမ်ဥစ္စာတွေ ကုန်သွားခဲ့တဲ့နောက်ပိုင်း တောင်းရမ်းစားသောက်ရတဲ့ အဆင့်နဲ့ သေခဲ့ရတာလေ။

ဒါကြောင့် “ ဥစ္စာဟူသည်မျက်လှည့်မျိုး ပညာဟူသည် မြတ်ရွှေအိုး” “ ပညာရွှေအိုး လူမခိုး” လို့ပြောကြတာပေါ့။ ပစ္စည်း ဥစ္စာဆိုတာမမြဲဘူး၊ စိတ်မချရဘူး။ ဒီတော့ ကိုယ့်သားသမီးတွေကို အကောင်းမြတ်ဆုံး အမွေအနှစ်အနေနဲ့ ပညာအမွေပေးရမယ်။ ကိုယ်ကိုယ်တိုင်က ပညာတတ်ထားမှလည်း ပညာတန်ဘိုး နားလည် ပြီး ကိုယ့်သားသမီးတွေကို ပညာအမွေပေးရကောင်းမှန်းသိတာလေ။

"ပညာသမ္မာ အာဘာနတ္ထိ" တဲ့ "ပညာနှင့်တူသော ကောင်းမြတ်သောအရာသည် လောက၌မရှိတဲ့" အရေးကြုံလာရင် ဒုက္ခတွေ့လာရင် ဘယ်မိတ်ဆွေ ဘယ်ဆွေမျိုးကမှ စိတ်မချရဘူး။ အားကိုးချင်မှ အားကိုးရတာ။ ပညာကသာ တရားသေ စိတ်ချအားကိုးရတာ။ သည်တော့ ပညာရှာရတဲ့ ရည်ရွယ်ချက်က -

၁။ မင်းအတွက်

၂။ မင်းမိဘအတွက်

၃။ မင်းသားသမီးတွေအတွက်

၄။ မင်းဆရာအတွက်

၅။ တိုင်းပြည်နဲ့လူမျိုးအတွက် စသည်ဖြင့် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့်ရှိရမယ်။ အစိုးရအလုပ် ရဖို့လောက်သာ ပညာရှာတယ်ဆိုရင် မင်းရည်ရွယ်ချက်က အမြင်ကျဉ်းသေးတယ်။ အစိုးရအလုပ်ရဘို့ဆိုတာ ပညာသင်ရတဲ့အကြောင်းရင်း အများကြီးထဲက ရာနှုန်းနည်းနည်းလေးပါ။

**စံအိမ်ကို စိန်နဲ့မွမ်းထားသလို**

"(ဘွဲ့ရလည်းအပိုပါပဲကွာ။ ပညာသင်မနေစမ်းပါနဲ့။ ဘွဲ့ရလည်း အလုပ်ရမှာ မဟုတ်ပါဘူး။ အလုပ်ရရင်လည်း လခလေးက မဖြစ်စလောက်နဲ့၊ ဘွဲ့ရတဲ့သူတွေ ပေါက်တူးပေါက် မြေကြီးတူးနေကြတာအများကြီးပါပဲ) " ဆိုတဲ့ စကားတွေကို နားမယောင်နဲ့။ သူခိုးသေဖော် ညှိတဲ့စကားတွေပဲ၊ မနာလိုလို့လဲ ဖြစ်မယ်။ ပညာတတ်မှာစိုးလို့လဲ ဖြစ်မယ်။ တစ်ကယ်တော့ မင်းတို့အရွယ်က

ပညာသင်ရမဲ့အရွယ်၊ ပညာသာ ရအောင်ရှာပါ။ (Timely blossom, timely ripe) သီးချိန်သီး ပွင့်ချိန်ပွင့်ရမှာပဲ။ အလုပ်လုပ်ရမဲ့အရွယ် ရောက်တော့ ပညာလေးကလည်း ပြည့်စုံထားမယ်ဆိုရင် အလှမှာ အယဉ်ဆင့်သလိုမျိုး၊ ဒါမှမဟုတ် စံအိမ်လေးကို စိန်နဲ့မွမ်းထားသလိုမျိုး မင်းတို့ရဲ့ ဘဝလေးဟာ ဘယ်လိုကြည့်ကြည့် သိပ်ပြီးလှနေလိမ့်မယ်။ မင်းတို့မှာ ပညာရှိထားရင် ဘယ်တော့မှ မတိမ်ကောဘူး။ အခွင့်အရေး ပေးလာရင် မင်းတို့မျှော်မှန်းထားတဲ့ ဘဝကို ရလာမှာပဲ။ " ပတ္တမြား မှန်ရင် နွံမနစ်ပါဘူးကွာ"

**မိဘနဲ့သားသမီး**

မိဘတွေမှာလည်း ကိုယ့်သားသမီးတွေကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပညာသင်ပေးကြတာ၊ လူယဉ်ကျေးလေးတွေ လူ့အဖိုးတန်လေးတွေ ဖြစ်လာအောင် ဆုံးမသွန်သင်ရ လွယ်အောင် စာသင်ပေးတာ။ " လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား" ဆိုတဲ့ စကားရဲ့အဓိပ္ပါယ် မင်းနားလည်တယ်မဟုတ်လား။ "ကလေးငယ်၏ နို့စို့ချင်သောဆန္ဒထက် မိခင်၏ နို့တိုက်ကျွေးချင်သော ဆန္ဒက ပို၍ကြီးမားပါတယ်" ဆိုတဲ့ စကားဟာ မိဘတွေရဲ့ သားသမီးအပေါ် ထားရှိတဲ့ မေတ္တာအနန္တကို ဖော်ကျူးတဲ့စကားလေး ဖြစ်တယ်။ ပညာတတ်ဖြစ်လာရင် မိဘတွေကိုလည်း ကျေးဇူးဆပ်ရာ ကျတာပေါ့။

ဒီနေရာမှာ ညီ၊ ညီမလေးတွေ ဗဟုသုတရစေဘို့ ဟိတောပဒေသ ပုံဝတ္ထုထဲက (သုံးဒဿန) ဘုရင်ကြီးနဲ့ သားမိုက်များဆိုတဲ့ အခန်း (၁)မှာပါတဲ့ နီတိစကားလေးတွေကို အစ်ကိုကြီး ဖော်ပြလိုက်ပါတယ်။

"ယုံမှား သံသယများစွာကို ပါယ်ဖျောက်နိုင်သော၊ တိမ်မြုပ်နေ၍ မမြင်ရသောရတနာဥစ္စာတို့ကို ပြတတ်သော၊ အရာခပ်သိမ်းကို သိမြင်နိုင်သော၊ စာပေကျမ်းဂန် (အတတ်ပညာ) မရှိသောသူသည် အကန်းသာမည်၏။"

"ပညာမရှိ တရားလည်းမရှိသော သားမျိုး မွေးဖွားရရှိသဖြင့် အကျိုးကျေးဇူးမရှိပေ။ ကန်းနေသော မျက်စိသည် ဘာမျှ အသုံးမကျ။ မျက်စိနာကျင်မှု သက်သက်သာဖြစ်ပေ၏"

" မမွေးဖွားသေးသောသား၊ သေဆုံးသွားသောသား၊ မိုက်မဲသောသားဟူသော သားသုံးမျိုးအနက် ပထမနှင့်ဒုတိယ သားမျိုးသည် နောက်ဆုံး (တတိယမြောက်) မွေးဖွားသောသားမျိုးထက် မြတ်၏။ အကြောင်းမူကား ရှေ့ (ပ-ဒု) မွေးဖွားသော သားနှစ်မျိုးသည် မိဘကို တစ်ကြိမ်သာ ဒုက္ခပေး၏။ နောက်ဆုံး သားမျိုးကား အကြိမ်ကြိမ်အဖန်ဖန် ဒုက္ခပေးတတ်၏။"

"ဂုဏ်အရည်အချင်းနှင့် ပြည့်စုံသော သားတစ်ယောက်သည် မိုက်မဲသော သားတစ်ရာတို့ထက်မြတ်၏။ တစ်စင်းတည်းသော လမင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သော်လည်း ကြယ်တာရာပေါင်းများစွာတို့ကမူ အမိုက်မှောင်ကို မပယ်ဖျောက်နိုင်ပေ"

"ကြွေးတင်အောင်လုပ်သော ဖခင်သည် ရန်သူမည်၏။ အကျင့်ပျက်သော မိခင်သည် ရန်သူမည်၏။ အဆင်းလှသော မယားသည် ရန်သူမည်၏။ ပညာမရှိ မိုက်မဲသောသားသည် ရန်သူမည်၏။"

"အလေ့အကျက်မရှိလျှင် အတတ်ပညာသည် အဆိပ်ဖြစ်၏။ မကြေညက်သောအစာသည် အဆိပ်ဖြစ်၏။ ပညာမဲ့သူအဖို့ လူစု လူဝေး (သဘင်)သည် အဆိပ်ဖြစ်၏။ လူအိုအဖို့ မိန်းမပျိုသည် အဆိပ်ဖြစ်၏။"

"ကလေးသူငယ်ကို ပညာသင်ကြားမပေးသော အမိအဖတို့သည် ရန်သူမည်၏။ ပညာမတတ်သော ကလေးသည် ဟင်္သာတို့အလယ်၌ ဗျိုင်းကဲ့သို့ ပရိသတ်အလယ်တွင် မတင့်တယ်ချေ။"

" အဆင်းလှပမှု ငယ်ရွယ်မှုနှင့် ပြည့်စုံ၍ အမျိုးမြတ်မှ မွေးဖွားသူတို့ ဖြစ်လင့်ကစား၊ အတတ်ပညာကင်းမဲ့ကြလျှင် ပေါက်ပွင့်များကဲ့သို့ မတင့်တယ်ကြကုန်"

"ဖန်ကျောက်သည် ရွှေနှင့်ပေါင်းဖက်မိသောကြောင့် မြရောင် ဆင်သကဲ့သို့ လူမိုက်သည် ပညာရှိ သူတော်ကောင်းနှင့် ပေါင်းဖက်မိခြင်းကြောင့် လူလိမ္မာအဖြစ်သို့ ရောက်ရှိနိုင်၏။"

" လူညံ့များနှင့်ပေါင်းသင်းမိခြင်းကြောင့် မိမိအသိပညာ ဆုတ်ယုတ်သွားတတ်၏။ တန်းတူသူများနှင့် ပေါင်းသင်းမိခြင်းကြောင့် မိမိ၏အသိပညာသည် အလတ်စား ဖြစ်သွားတတ်၏။ ပညာအရည်အချင်း သာလွန်သူတို့နှင့် ပေါင်းသင်းမိခြင်းကြောင့် မိမိ၏အသိပညာသည် သာလွန်ထူးချွန် သွားတတ်သည်။"

"[ပညာရှိသူတို့၏ အချိန်ကာလသည် စာပေကျမ်းဂန်ဖတ်ခြင်း ရေးသားခြင်းဖြင့် ပျော်ရွှင်စွာကုန်ဆုံး၏၊ လူမိုက်လူဖျင်းတို့၏ အချိန်ကာလသည်ကား ကာမဂုဏ်ရမ္မက် လိုက်စားခြင်း၊ အိပ်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းအားဖြင့် ကုန်ဆုံးစေ၏"]လို့ ဆိုထားတယ်။ လူငယ်တွေအတွက် မှတ်ထိုက်ဖွယ်တွေပါပဲ။ ဆင်ခြင်ကြပေါ့။

ထပ်ဆင့်အနေနဲ့ "သိင်္ဂါလော ဝါဒသုတ်တော်" လာ လူ့ကျင့်ဝတ်များထဲက မိဘဝတ္တရားနဲ့ သားသမီးဝတ္တရားတွေကိုလည်း အစ်ကိုကြီး ဖော်ပြလိုက်ပါဦးမယ်။

*မိဘဝတ္တရားငါးပါး*

(က) မကောင်းမှုမှ တားမြစ်ခြင်း ။ ။ မိမိသားငယ် သမီးငယ်များကို သူတစ်ပါးပစ္စည်း မခိုးအောင် ကလေးချင်းရန်မဖြစ်အောင် ညစ်ညမ်းစွာ မဆဲရေးရအောင် တားမြစ်ပိတ်ပင် ဆုံးမအပ်၏။

(ခ) ကောင်းမှုပြုအောင် တိုက်တွန်းခြင်း ။ ။ သားသမီးကို ငယ်စဉ်ကပင် ဘုရားသွားကျောင်းတက် ခေါ်သွားရမည်။ ယဉ်ကျေးစွာ ပြောဆိုနည်း၊ ပြုမူဆက်ဆံနည်းများကို သင်ကြားပေးရမည်။ ဘုရားရှိခိုးစာများ ဆုံးမစာ သံပေါက်များ ကဗျာများကို ကျက်မှတ်ရွတ်ဖတ်စေခြင်း၊ ငါးရာ့ငါးဆယ် ဇာတ်ကြီးဆယ်ဘွဲ့၊ စသောအတုယူဖွယ် ပုံဝတ္ထုများ ပြောကြားခြင်းဖြင့် လိမ္မာယဉ်ကျေးအောင် ငယ်စဉ်ကပင် ပြုပြင်ပုံသွင်းပေးရမည်။

(ဂ) **အတတ်ပညာသင်ပေးခြင်း ။** ။ ခေတ်အလျောက် မိမိစွမ်းနိုင်သလောက် အခြေခံပညာ၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာ၊ စက်မှုလက်မှုပညာများကို သင်ကြားပေးခြင်း၊ အသက်မွေးမှုတစ်ခုအတွက် အတတ်ပညာတစ်ခုခုကို သင်ကြားပေးခြင်းပြုရမည်။

(ဃ) **ဥစ္စာဝေစုခွဲဝေသတ်မှတ်ခြင်း၊ အမွေပေးခြင်း ။** ။ သားသမီးများကို ငယ်စဉ်ကပင် ထိုက်သင့်သလောက် ပစ္စည်းဥစ္စာ ခွဲခြမ်းပေးရမည်။ သားသမီးများ အိမ်ထောင်ခွဲသွားသောအခါ၌လည်း ရင်းနှီးလုပ်ကိုင်စားသောက်ရန် ထိုက်သင့်သလောက်၊ ပစ္စည်းဥစ္စာခွဲဝေပေးရမည်။ နောက်ဆုံး သေခါနီး၌ မိမိဥစ္စာပစ္စည်းများကို သားသမီးများအား ခွဲဝေပေးခဲ့ရမည်။

(င) **ထိမ်းမြားပေးခြင်း ။** ။ အရွယ်ရောက်လာသောသားသမီးများကို အိမ်ထောင်ချပေးခြင်း၊ သို့မဟုတ် သားသမီးများ ကျေနပ်နှစ်သက်သူနှင့် လက်ထပ်သည်ကို မိဘက တရားဝင် ခွင့်ပြုသဘောတူခြင်း ပြုရမည်။

**လင်္ကာ။** ။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြား
ခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ။

*သားသမီးဝတ္တရားငါးပါး*

(က) မိဘတို့ကို ကျွေးမွေးပြုစုခြင်း ။ ။ မိမိကို ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က လူလားမြောက်အောင် ကျွေးမွေး သုတ်သင်လာခဲ့သော မိဘတို့အား ကျွေးတုံ့ကျွေးလှည့် မွေးတုံ့မွေးလှည့် လုပ်ကျွေး ပြုစုခြင်း ရှိရမည်။

(ခ) မိဘတို့၏ကိစ္စကို ဆောင်ရွက်ပေးခြင်း ။ ။မိဘတို့ အလုပ် ကိစ္စရှိခဲ့သော် မိမိအလုပ်ကို ဘေးချ၍ မိဘတို့၏ အလုပ်ကိစ္စကို ဦးစားပေး ဆောင်ရွက်ရခြင်း ပြုရမည်။

(ဂ) အမွေခံထိုက်အောင် မိဘတို့၏ ဩဝါဒကိုလိုက်နာခြင်း။ ။ မိဘတို့က ကောင်းရာကောင်းကြောင်း ဆိုဆုံးမသည်ကို လိုက်နာခြင်း၊ ထိုသို့လိုက်နာမှ မိဘတို့စိတ်ချမ်းသာ၍ မိဘ အမွေကိုခံထိုက်သည်။

(ဃ) မိဘတို့သေဆုံးခဲ့သော် အလှူအတန်းပြုလုပ်၍ အမျှအတန်း ပေးဝေခြင်းပြုရမည်။

(င) မိဘဂုဏ်သိက္ခာနှင့် အစဉ်အလာကို ဆက်လက် ထိန်း သိမ်းခြင်း ။ ။ မိမိလက်ထက်တွင် မိဘလက်ထက် ကထက်စည်းစိမ်ဥစ္စာကျဆင်းမသွားစေရ၊ ပိုမိုတိုးတက် အောင် ကြိုးပမ်းရမည်။ မိဘတို့၏ မျိုးရိုး၊ ဂုဏ်သိက္ခာကို ငဲ့ကွက်၍ အငယ်အနှောင်းထားမှု၊ လုယက်ခိုးဝှက်မှု၊ လောင်း ကစားမှု၊ သောက်စားမှုများမှ ရှောင်ကြဉ်၍၊ မိဘ ဆောက်လုပ်ခဲ့သော ကျောင်းကန်ဘုရားများကို ပြုပြင် ထိန်းသိမ်းခြင်း၊ အစဉ်အလာက ပြုခဲ့သော ကုသိုလ်ဝတ်များ ကို ဆက်လက်ပြုလုပ်ခြင်း ရှိရမည်။

လက်၁။ ။ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံ
ထိုက်စေ၊ လှူမျှဝေ၍ စောင့်လေမျိုးနွယ်
ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

**မြပုဝါနဲ့ ကျီးအာသီး**

"**အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပုဝါ**" ဆိုတဲ့စကားကို ကြားဖူးသလား၊ ပညာတတ်တဲ့လူတွေကို တင်စားထားတဲ့ စကားပဲ။ တိုက်ရိုက် အဓိပ္ပါယ်ကတော့ အပြင်ကစုတ်ပေမယ့် အတွင်းမှာ အနှစ်သာရရှိတယ်လို့ ဆိုလိုပါတယ်။ ပညာတတ်တဲ့လူဟာ ဘာကို ဝတ်ထား ဝတ်ထား၊ ဘယ်လိုနေနေ ကျက်သရေရှိနေမှာပဲ၊ လှနေမှာပဲ။

"**အပေါ်ယံ ရွှေမှုန်ကြဲ အထဲက နောက်ချေးခံ မျိုးကမမှန်**" ဆိုတဲ့ စကားကိုရော ကြားဖူးသလား။ ဒီစကားရဲ့ ယေဘူယျ အဓိပ္ပါယ်ကတော့ အပေါ်ယံ အမြင်ပန်း လှပေမယ့် အတွင်းက အနှစ်မရှိ အကာအတိဖြစ်တယ်လို့ဆိုလိုတယ်။ ဘာပညာမှမတတ်ပဲနဲ့ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားတဲ့ လူတစ်ယောက် အတွက် အဲဒီစကားကမှန်တယ်။ ဒီလိုအဆင်းသာရှိပြီး အချင်း (အရည်အချင်းပညာ)မရှိတဲ့လူတွေကို ကျီးအာသီးလို့ခေါ်တယ်ကွ။ ကျီးအာသီးကို မင်းတို့မြင်ဘူးလား။ အပြင်ဘက်က နီရဲနေပြီး သိပ်လှတယ်။ တချို့ အလုံးတွေကျတော့ ရွှေရောင်လို ဝင်းမှည့်နေတယ်။ အတွင်းမှာကျတော့ မဲနေတာပဲ။ လုံးဝကြည့်ချင်စရာ မရှိဘူး။

**သတိရှိဖွယ် အရွယ်သုံးပါး**

လူရယ်လို့ ဖြစ်လာရင် (ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ကုသိုလ်ရှာ) ဆိုတဲ့ စကားရှိတယ်။ ငယ်စဉ်ခါ ပညာကိုရအောင် ရှာထားမှ ဒီပညာကိုအသုံးပြုပြီး ဒုတိယအရွယ်မှာဥစ္စာပစ္စည်းကို ရအောင်ရှာနိုင်မယ်။ ဒုတိယအရွယ်မှာ ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံ ရှိထားမှလည်း တတိယအရွယ်မှာ မကြောင့်မကြ၊ မတောင့်မတ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ တရားကို ဖြောင့်ဖြောင့်တန်းတန်း ကြိုးစားအားထုတ်နိုင်မယ်။

ယေဘူယျအားဖြင့် ပထမအရွယ်ဟာ မွေးစက (၂၅)-နှစ်လောက်အထိ ဖြစ်ပြီး၊ အသက် (၅၀) အထိကို ဒုတိယအရွယ်၊ (၅၀) နှစ်ကျော်ရင်တော့ တတိယအရွယ်ရောက်ပြီလို့ ခေတ်အခြေအနေအရ သတ်မှတ်ရမယ်။

ပထမအရွယ် (မင်းတို့အရွယ်) တုန်းကသာ ပညာသင်ကြားမှုမရှိခဲ့ရင် မကြိုးစားခဲ့ရင် ဒုတိယအရွယ်မှာ ပစ္စည်းဥစ္စာမပြည့်စုံနိုင်တော့ဘူး။ ဒုတိယအရွယ်မှာ ပစ္စည်းဥစ္စာမပြည့်စုံရင် တတိယအရွယ်မှာ တရားအားထုတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ **"အူမတောင့်မှ သီလစောင့်နိုင်မယ်"** ဆိုတဲ့စကားရှိတယ်မဟုတ်လား။ ဒါကြောင့် **"အချိန်ရှိခိုက် လုံ့လစိုက်"**ပါ။ **"လသာတုံးဗိုင်းငင်"**ကြပါ။

**အခါကနဲ့သာမည**

မင်းတို့အရွယ်တွေက စိတ်လေတတ်တယ်။ သစ်ရွက်လေးလှုပ်ရင်တောင် ရယ်ချင်နေတဲ့အရွယ်၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်

ထိန်းလုပ်ရမှာကို အပြီးတိုင် တစူးတစိုက်လုပ် အောင်မြင်မှု သေချာတယ်။ လူငယ်ဟာ အထက်မြက်ဆုံး ခွန်အားအရှိဆုံးပဲ။

အရွယ်က ဆယ်ကျော်သက်အရွယ်ဆိုတော့ အရာရာကို အထင်ကြီးပြီး ရေလိုက်လွဲတတ်တယ်။ ဒီနေရာမှာ အဓိကနဲ့သာမည ကို ဘာလုပ်လုပ် ခွဲခြားသိဖို့လိုတယ်။ အဓိကနဲ့သာမည ခွဲခြား မသိသူတစ်ယောက်ဟာ ဘယ်တော့မှ မကြီးပွားနိုင်ဘူး။ မအောင် မြင်နိုင်ဘူး။ ထိပ်တန်းမရောက်နိုင်ဘူး။

**ပညာသင်ချိန်မှာ မေးခွန်းသုံးခု မေးစရာရှိတယ်**

၁။ မင်းဟာ ဘာလဲ

၂။ မင်းအတွက် ဘာအဓိကလဲ။ ဘာသာမညလဲ။

၃။ အဓိကအတွက် မင်းဘာလုပ်မလဲ။

အဖြေကရှင်းပါတယ်။

၁။ မင်းဟာ ကျောင်းသား

၂။ မင်းအတွက် စာမေးပွဲအောင်ဖို့က အဓိက ကျန်တဲ့အရာသာ သာမည။

၃။ အဓိကအတွက် မင်းစာကို လုံ့လဝီရိယ ရှိရှိ ကျက်ရမယ်။ မှတ်ရမယ်။

ကျောင်းသားတစ်ယောက်ဟာ စာမေးပွဲတော့ မအောင်ပဲ၊ ဘောလုံး။ ဘော်လီဘော၊ ဂစ်တာတီး၊ သီချင်းရေး၊ သီချင်းဆိုမှာ သွားပြီးတော်တယ်ဆိုရင် ကျက်သရေအမှန်မရှိဘူး။ တလွဲ ဆံပင်ကောင်းတဲ့ သဘောပဲ။ ဘက်စုံတော်အောင် ကြိုးစားရပေမယ့် အတန်းပညာကတော့ အဓိကပဲ။

ကျောင်းသူတစ်ယောက်ဆိုလည်း စာမေးပွဲမှာ တဖုံးဖုံး ကျနေပြီး၊ အပေါင်းအသင်းများတာ၊ ဆိုရှယ်ကျတာ၊ ဝတ်ကောင်း စားလှနဲ့၊ အလှအပပြုပြင်ရာမှာ သွားပြီး ထူးချွန်နေမယ်ဆိုရင်လည်း အလကားပဲ။ မင်္ဂလာမရှိ မယောင်ရာဆီ လူးတာပဲ။ စေ့စေ့ တွေးကြည့်တော့ ရှက်စရာ တော်တော်ကောင်းတဲ့ အလုပ်တွေပဲ။

အဓိကနဲ့သာမည ဘယ်ဟာအရေးကြီးလဲ၊ အဓိကဟာ မလုပ်မဖြစ်တဲ့ အရာမို့ အရေးကြီးတယ်။ သာမညက မလုပ်လည်း ရတယ်၊ လုပ်လည်းရတဲ့အရာမို့အရေးမကြီးဘူး။ စာမေးပွဲလည်း ထိပ်ဆုံးကအောင်တယ်။ ဘောလုံး၊ ဂစ်တာစတဲ့ သာမညကိစ္စတွေ မှာလည်း တော်တယ်ဆိုရင်တော့မင်းဟာ "အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကား" ဆိုသလို ဖြစ်သွားပြီ။ ဘက်စုံပညာရေးစနစ်နဲ့ ချီတက်နေတဲ့ ပညာရေးခေတ်ကြီးမှာ မင်းဟာ စူပါကျောင်းသား ဖြစ်သွားပြီ။ သာမညတွေမှာ တော်ပြီးတော့ အဓိကမှာ ညံ့ခဲ့ရင်တော့ မင်းဟာ အလကားပဲ။

**မလုပ်ရဘူးမဟုတ် လုပ်ရမယ်**

မင်းတို့ လုပ်ချင်တာလေးတွေကို တားဆီးပိတ်ပင်တာ မဟုတ်ပါဘူး၊ လုပ်ရမှာပါ။ လူဆိုတာ ဝါသနာပါရာ လုပ်ချင်တာ ပေါ့။ ဒါပေမဲ့ ပညာလေးကလည်း ပြည့်စုံထားမယ် ဆိုရင်တော့ ဘာလုပ်လုပ် တင့်တယ်တာပေါ့ကွာ။ ဘုန်းကြီးပဲ ဝတ်မလား မယ်သီလရှင်ပဲ ဝတ်မလား။ ကောင်းတာ အကျိုးရှိတာ ဝါသနာပါ ဟာဆိုရင် ပညာပြည့်စုံတဲ့အခါ လုပ်သာလုပ် နောက်မဆုတ်နဲ့ပေါ့။

ဘာကြောင့် ဒီလိုပြောရသလဲ သိလား။ အရာရာမှာ ပညာဟာ အမိကကျနေလို့ပဲကွ။

ဥပမာအနေနဲ့ ဘာသာရေးကို ကြည့်မယ်ဆိုရင်လည်း ပညာဟာ အချုပ်ပဲဆိုတာ သိနိုင်တယ်။ ပညာမရှိရင် အသိတရား နည်းပါးမယ်။ ဒါဆိုရင် ဘယ်လိုလုပ်ပြီး ကောင်းမှုကုသိုလ်နဲ့ မကောင်းမှု အကုသိုလ်ဆိုတာ ခွဲခြားသိနိုင်မှာလဲ။ ဒီလိုမခွဲခြားနိုင်ရင်တော့ မျှော်လင့်ချက်မရှိတော့ဘူး။ နိဗ္ဗာန်မရောက်ပဲ လမ်းလွဲသွားနိုင်တာပေါ့။

သည်တော့ ဘာပဲဖြစ်ချင်ဖြစ်ချင် ပညာတတ်ထားရမယ်။ သူ့အချိန်ခါနဲ့သူ လုပ်သင့်တာလုပ်ရမယ်။ စိတ်ဇောနဲ့ တစ်ချိန်ကျ စိတ်မောနေတတ်တယ်။

**အချစ်ရေးသည် ပညာရေးအတွက် အဆိပ်**

လက်သီးကို ဘယ်ရော၊ ညာရော တစ်ပြိုင်နက် မထိုးပါနဲ့။ ထိုးချက်ထိချက် ပျော့သွားလိမ့်မယ်။ ညာဆိုညာ၊ ဘယ်ဆိုဘယ် အားယူထိုး။ ဒါမှ ထိချက်ပြင်းမယ်။ အကျိုးရှိမယ်။ ပညာရေးက ဖြူစင်တယ်။ နူးညံ့တယ်။ ထိတာနဲ့ပဲတတ်တယ်။ အချိန်နဲ့ရင်းနှီးပြီး ဝယ်ရတဲ့ အဲဒီပညာရေးမှာ အခြားအရေးအခင်းလေးတွေ ရောလာရင်အဖြူမှာအနက်စက် ကလေးတွေထင်လာသလိုဘဲ၊ ဖြူစင်တဲ့ ပညာရေးအရောင် မှိန်လာနိုင်တယ်။ မင်းတို့ ဦးကျောက်ကလေးမှာ နေရာ ပေးစရာတွေများလာရင် မကောင်းဘူး။ ( Education is major, Love is minor. ) ဆိုတဲ့စကား အမြဲမှတ်ထား။

"ပညာရေးသည် အဓိက၊ အချစ်ရေးသည် သာမည" လို့ ပညာသင်ချိန်မှာ စွဲမြဲထားရမယ်။ ဘုရားကို မာန်နတ်ဖျက်သလို မင်းရဲ့ ပညာရေးကို ဖျက်ဆီးနိုင်တယ်။ (Love is poison for the education.) "အချစ်ရေးသည် ပညာရေးအတွက် အဆိပ်" ဖြစ်တတ်တယ်။

## ရှင်တယ်ဆိုတာ သေတာရဲ့ ဆန့်ကျင်ဘက်

အသက်ရှင်တယ်ဆိုတာ လှုပ်ရှားရုန်းကန်နိုင်တယ်ဆိုတဲ့ သဘောပဲ၊ ရှင်နေတဲ့ဘဝမှာ ရုန်းကန်လှုပ်ရှားရမှာဟာ သဘာဝပဲ။ "အသက်ရှင်နေလျှက်နဲ့ မရုန်းကန်ဘူးဆိုရင်တော့ ရှင်လျှက်နဲ့မသာ" ဖြစ်နေတာပဲ။

(Laziness is a disease of the mind which unnerves the body and weakens it.) "လုံ့လဆရာ သူမလာ၊ မသေခင် အသုဘ" လို့ အဓိပ္ပါယ်ဆောင်တယ်။ လူဆိုတာ မသေမချင်း ကိုယ့်တက်လမ်းအတွက် ကြိုးစားရုန်းကန်နေရမယ်ကွ။ တွင်းငယ်လေးထဲမှာ လှုပ်ရှားနေတဲ့ကြွက်ငယ်လေးဟာ ရွှေဂူကြီးထဲမှာအိပ်နေတဲ့ ခြင်္သေ့ကြီးထက်ပိုပြီး တန်ဖိုးရှိပါတယ်။ မင်းဟာ လှုပ်ရှားနေတဲ့ကြွက်ငယ်လေးလား။ အိပ်နေတဲ့ခြင်္သေ့ကြီးလား။ ဖြေပါ။

မင်းနဲ့သူ

ဒို့တွေ မသေခင်တော့ မင်းဟာ တစ်ချိန်ကျဘာ၊ သူဟာ တစ်ချိန်ကျဘာ ဆိုတာ သိသွားကြရမှာဖြစ်တယ်။ မနက်ဖြန် မင်းဘာဖြစ်မယ်ဆိုတာကတော့ကနေ့ မင်းဘာလုပ်နေတယ်ဆိုတဲ့ အချက်ပေါ်မှာ တည်တယ်။ လောကကြီးဟာ ယှဉ်ပြိုင်ကြိုးစားနေမှ တန်ကာကျတဲ့ လောကကြီးပဲ။ မင်းကမယှဉ်ရင် မကြိုးစားရင်တော့ မင်းဟာ သူများရဲ့နောက်မှာ ကျန်ခဲ့မှာပဲ။

တကယ်တော့ မင်းဟာမင်း၊ သူဟာသူပဲ၊ တစ်ချိန်ကျ (M.C) (Y.I.T) (Y.U) မှာ မင်းရှိမှာလား၊ သူရှိမှာလား။

တစ်ချိန်ကျ သူက ပန်ကာအောက်မှာ အိန္ဒြေရရနဲ့ ဖောင်တိန်၊ နားကြပ် ကိုင်နေချိန်မှာ မင်းက နေပူကျဲကျဲအောက်မှာ ပင်ပမ်းကြီးစွာ အိန္ဒြေမဲ့စွာ ဝမ်းစာရှာနေရမှာလား။

ကိုယ့်ထမင်း ကိုယ်စားပြီးတော့ ကိုယ့်ဘဝကိုယ် ရုန်းကန်နေရတဲ့အခြေအနေမှာ မင်းနဲ့သူဟာ ယှဉ်ပြိုင်ကြိုးစားနေရမှာပဲ။ ပညာရေးမှာ ယှဉ်ပြိုင်ကြိုးစားလို့ အောင်မြင်တယ်ဆိုတာ သူတစ်ပါးကို ပါးတစ်ချက်ရိုက်ပြီး သူများကို နစ်နာစေပြီးမှ အောင်မြင်တာ မဟုတ်ဘူး။ ကိုယ့်ခွန် ကိုယ့်အားကို ထုတ်ပြီး၊ အပင်ပမ်းခံပြီး၊ အအိပ်ပျက် အစားပျက်ခံပြီး ကြိုးစားရတာမို့ ဒီအောင်မြင်မှုဟာ တရားတယ်၊ နည်းလမ်းကျတယ်။

ယှဉ်စမ်းပါ။ သူများနဲ့တင်မကဘူး၊ ကိုယ့်ကိုယ်ကိုပါ ယှဉ်စမ်းပါ။ မနေ့က 'ငါ' နဲ့ ဒီနေ့ 'ငါ' ဟာ ပိုပြီးတော့ သာတယ်၊ ပိုတယ်။ မနေ့က 'ငါ' ဟာ ဒီနေ့ 'ငါ' ကို မမှီတော့ဘူး။ ဒီလိုပဲ ဒီနေ့ 'ငါ' ဟာ မနက်ဖြန် 'ငါ' နဲ့ ယှဉ်လိုက်ရင် ကျန်ခဲ့ရဦးမှာပဲပေါ့။

"သွားရင်ထက်မြက်မယ်" "ယှဉ်ရင်တိုးတက်မယ်" ဆိုတဲ့ စကားကို အမြဲနှလုံးသွင်းပါ။ ဘဝသိချေးတက် မခံချင်စမ်းပါနဲ့ကွာ။

**အချိန်သည်ရွှေ အချိန်သည်ငွေ**

ပညာရေးဟာ အချိန်နဲ့ရင်းပြီး ယူရတယ်လို့ဆိုပြီးပြီ။ (Time is gold, time is precious.) တဲ့။ အချိန်ဟာတန်ဖိုးရှိတယ်။ (Time and tide waits for no man.) "အချိန်နဲ့ဒီရေသည် လူကိုမစောင့် လို့လည်း" အချိန်ရဲ့တန်ဖိုးရှိပုံကို ပြောကြသေးတယ်။ (ပညာနှင့် လူသည် လိုက်တမ်းပြေးတမ်းကစားနေကြသော ကလေးနှစ်ယောက်ကဲ့သို့ ဖြစ်သည်။) လို့ အိန္ဒိယစကားပုံတစ်ခုက ဆိုထားတယ်။ လူက ပညာကိုမှီအောင်၊ မီအောင်လိုက်နေရမှာပဲ။ လူက သက်ရှိပဲ။ မှီကို မှီရမယ်။ မိကိုမိရမယ်။

မပြောစကောင်း သည်ပညာသင်နှစ်မှာ မင်းကျခဲ့ရင် အရင်နေခဲ့တဲ့ အတန်းမှာ သည်စာကိုပဲ ပြန်သင်နေရဦးမယ်ဆိုရင် မင်းအသက် တစ်နှစ်ပိုကြီးသွားပြီဆိုတာကို သတိပြုပါ။ မင်းနဲ့အတူနေခဲ့တဲ့သူငယ်ချင်းတွေဟာလည်း မင်းထက်တစ်နှစ်ပိုကြီးသွားပြီဆိုတာကို သတိပြုပါ။ မင်းနဲ့အတူ နေခဲ့တဲ့သူငယ်ချင်းတွေဟာလည်း မင်းထက်တစ်တန်းသာတဲ့ပညာကို သင်နေရပြီဆိုတာ သတိပြုပါ။ သည်ပညာသင်နှစ်ဟာ နောက်နှစ်ပညာသင်နှစ် မဟုတ်ဘူး။ နှစ်သစ်တိုင်းမှာ မိမိဟာ အတန်းသစ် ဘဝသစ်မှာ ရှိနေဖို့လိုတယ်။

**ညာပွားကြောင်း (၈)ပါး**

ပညာသင်သူတို့ လိုက်နာဘို့အချက် (၈)ချက်ရှိတယ်။ ိုက်နာရင်ပညာပွားများလာမယ်။ အဲဒါတွေကတော့ (၁)သုဏေယျ ကြားနာရာ၏။ (၂) စိန္တေရ-ကြံစည်ရာ၏။ (၃) ပုစ္ဆေယျ-မေးမြန်း ရာ၏။ (၄) ဘာသေယျ-ပြောဆိုရာ၏။ (၅) ဝိစာရေယျ-စူးစမ်း င်ခြင်ရာ၏။ (၆) လိခေယျ-ရေးသားရာ၏။ (၇) သိက္ခေယျ- လေ့ကျင့်ရာ၏။ (၈) ဓါရေယျ-နှုတ်ငုံဆောင်ရာ၏။

အဲဒီရှစ်ချက်ကို အတိုကောက်အားဖြင့် "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ ိ၊ သိ၊ ဓါ။" လို့ မှတ်ပါ။ မြန်မာလိုတော့ " ကြား-ကြံ-မေး-ပြော- -ရေး-လေ့-နှုတ်" လို့ မှတ်ပေ့ါ။

**ဘဝနှင့် အမှီအခို**

လူဆိုတာမွေးဖွားသည်မှ သေတဲ့အထိ ဘဝခရီးကို ဖြတ်သန်း ာပဲ။ ဒီလိုဖြတ်သန်းရာမှာ အဆင့်များစွာရှိတယ်။ မွေးကင်းစ ာလဆိုရင် မိမိကိုယ်မိမိ လုံးဝအားမကိုးနိုင်သေးဘူး။ တပါးသူရဲ့ ကူအညီနဲ့ ရပ်တည်ရတယ်။ အစားအသောက် အဝတ်အစားက ပြီး၊ ကျမ္မာသန့်ရှင်းမှုအထိ လူကြီးမိဘ(သို့) အုပ်ထိန်းသူကသာ လုပ်ပေးရတယ်။

တဖြည်းဖြည်းနဲ့ အသက် (၄-၅) နှစ်ရောက်လာတော့ းသောက်နေထိုင်မှု အတော်အသင့်ကို မိမိလုပ်ကိုင်တတ် ာတယ်။ ဒါပေမဲ့လူကြီး မိဘတွေက ရင်အုပ်မကွာ ထိန်းသိမ်း ားရသေးတယ်။

**လူငယ်နှင့်ဘဝအခြေအနေ**

ဒီအရွယ်က စပြီး အများစုဟာ ကျောင်းကို သွားကြရတယ်။ ကြိုးစားတာလဲပါ။ ကံကောင်းတာလဲပါတဲ့သူတွေက တက္ကသိုလ်၊ ကောလိပ်အထိ ပညာဆက်သင်ကြရတယ်။ ဒီအထဲမှာပဲ ကျောင်းလုံးဝမနေလိုက်ရသူ ပညာမတတ်သူ စာမတတ်သူတွေလည်း ရှိကြတယ်။ ကျောင်းတစ်ပိုင်းတစ်စနဲ့ အလုပ်လုပ်ကိုင်ကြသူတွေလည်း ရှိကြတယ်။

**ဖြစ်သမျှကိုလက်ခံပါ**

အမှီအခိုအနေနဲ့ လူ့ဘဝသက်တမ်းကာလ လေးပုံတစ်ပုံ က သုံးပုံတစ်ပုံအထိ လူအများဟာ "**အမှီအခို**" ကင်းမဲ့စွာ မနေနိုင်ကြောင်းတွေ့ရမယ်။

မည်သည့်အုပ်ထိန်းသူလက်မှာပဲ ကြီးပြင်း ကြီးပြင်း ငယ်စဉ်အခါ ပညာရှာရမှာကတော့ လူဖြစ်လာသူတိုင်းရဲ့ တာဝန်ပဲ။ ဆင်းရဲတဲ့မိဘက မွေးဖွားလာတဲ့၊ မိမဲ့ဖမဲ့က မွေးဖွားလာတဲ့ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ အနုပညာရှင်၊ ဆေးပညာရှင်၊ သိပ္ပံပညာရှင်တွေ အများကြီးရှိခဲ့တယ်။

ချမ်းသာတဲ့မိဘက မွေးဖွားလာပေမယ့်လည်း ပညာ မတတ်၊ ဆိုးမိုက်ပေတေ ဘဝပျက်စီးခဲ့တဲ့သူတွေလည်း ဒုနဲ့ဒေးပဲ။

တကယ်တော့ ချမ်းသာခြင်း ဆင်းရဲခြင်းဆိုတဲ့ မှီခိုမှုနဲ့ မသက်ဆိုင်၊ မိမိသာလျှင် မိမိရဲ့ အရှင်သခင် ဦးစီးဦးဆောင်ဖြစ်တယ်။

"ဖြစ်သမျှကိုလက်ခံပါ။ သို့လက်ခံမှသာလျှင် လောက၌ရှိသော ဒုက္ခအပေါင်းကို ကျော်လွှန်နိုင်အောင် ကြိုးပမ်းနိုင်လိမ့်မည်" လို့ စိတ်ပညာဆရာကြီး ဝီလျံဂျိမ်း က ဆိုထားတယ်။

ဆင်းရဲလို့ဘဝကို စိတ်နာနေရုံနဲ့မပြီးဘူး၊ ဖြစ်သမျှ အခြေအနေတိုင်း ဆက်လက်ကြိုးစားရုံပဲ။ အစ်ကိုကြီး မြန်မာပြည်က ဆင်းရဲတဲ့မြို့တစ်မြို့နဲ့ ချမ်းသာကြွယ်ဝတဲ့ မြို့တစ်မြို့ကို ရောက်ဖူးတယ်။ ဆင်းရဲတဲ့မြို့မှာ ဘွဲ့ရပညာတတ်တွေ များများတွေ့ခဲ့ရပြီး သူတို့ဟာ ယဉ်ကျေးသိမ်မွေ့စွာ ကြိုးစားတဲ့ သူတွေ ဖြစ်နေကြတယ်။

ချမ်းသာတဲ့မြို့မှာတော့ ပညာတစ်ပိုင်း တစ်စနဲ့ လူတွေများပြီး ယဉ်ကျေးမပျူငှာပဲ ရိုင်းစိုင်းကြတာ တွေ့ရတယ်။ ပျက်စီးချင်တိုင်း ပျက်စီးနေကြတာ တွေ့ရတယ်။

ဒါဟာ အခက်အခဲ အကြပ်အတည်းရှိတော့ ပညာရေး ကြိုးစားရ ကောင်းမှန်းသိတယ်၊ ချောင်လည်ပြေလျှောတော့ ပျက်စီးမှုလမ်းကြောင်းထဲရောက်ပြီး ပညာသင်ရကောင်းမှန်း မသိတော့ဘူး။

ငယ်စဉ်ခါ မှီခိုကင်းလွတ်မှု မရှိကြပေမယ့် မည်သည့်မှီခိုမှု ပါတ်ဝန်းကျင်မှာ တွေတွေ ကြုံကြုံ အဲဒီပါတ်ဝန်းကျင် အုပ်ထိမ်းမှု တွေနဲ့ လိုက်လျောညီထွေနေပြီး ကိုယ့်ဘဝတက်လမ်းအတွက် ပညာ ရှာကြရမှာ ငယ်ရွယ်သူတွေရဲ့ တာဝန်ပဲ။

**ဘဝနဲ့အသိပညာ(၂)မျိုး**

အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်တဲ့ ဉာဏ်ပညာကို "ဘဝအတွေ့အကြုံမှဖြစ်စေ" "သင်ကြားတတ်မြောက်မှုမှဖြစ်စေ" "၂-မျိုး စလုံးမှ ဖြစ်စေ" ရရှိနိုင်တယ်။

ဘဝအသိကရတဲ့ ဉာဏ်ပညာကို ဘဝပေးပညာလို့ခေါ်တယ်။ အတွေ့အကြုံကရတဲ့ အဲဒီဉာဏ်ပညာဟာ မမေ့ မပျောက်တတ်ပါ။ တန်ဖိုးလဲကြီးတယ်။

တကယ်တော့ သင်ကြားမှုက တတ်မြောက်ရရှိတဲ့ ပညာဟာ ဘဝပေးပညာထက် သက်တောင့်သက်သာရှိစွာ တတ်မြောက်ရခြင်းဖြစ်တယ်။ လက်တွေ့ဘဝက ရရှိတဲ့ပညာလောက်တော့ မလေးနက်ဘူး။

ဒါကြောင့် (သင်ကြားမှုဖြင့်တတ်မြောက်သောပညာနဲ့ဘဝပေးပညာ)တွဲဘက်မှသာ ပြည့်စုံပြီးမြောက်တတ်တယ်။ တနည်းအားဖြင့် ဘဝမှာကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာလို့ခေါ်တဲ့ ဆရာသုံးဦးထံက ပညာကို ရယူသင်ယူပြီး မိမိဘဝမှာရှိတဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်မှသာ - တကယ်ပညာကို ရရှိတယ်လို့ ခေါ်ဆိုနိုင်တယ်။

ပြန်လည်သုံးသပ်ကြည့်ရင် ဘယ်ပညာကိုဘယ်လိုရှာရှာ မိမိသာလျှင် အဓိကဖြစ်ကြောင်း သဘောပေါက်သင့်တယ်။

**အတ္တာဟိ အတ္တနော နာထော**

"မိမိသာလျှင် အမိက ကိုးကွယ်ရာ" ဖြစ်တယ်လို့ဆိုတယ်။

"ပညာကို ရှာပါ သိမ်းထားပါလို့" တစ်စုံတစ်ယောက်က မိမိအား ပေးလို့မရ။

"ကျွန်တော်အသပြာ တစ်သိန်းပေးပါ့မယ်။ ပညာကိုချက်ချင်း ပေးပါလို့ တောင်းယူလို့မရ"

ပညာကို မိမိကိုယ်တိုင်လေ့လာမှ တတ်မြောက်နိုင်မှာဖြစ်တယ်။

လူ့သဘာဝအရ အခြားသူကို အားကိုးအမှီသဟဲပြုပြီး ဘဝကိုစခဲ့ရတယ်။ လူကြီးမိဘ ရင်အုပ်မကွာ စောင့်ရှောက်ပါမှ အသက်ရှင်လာတယ်။ နောက် ဆရာ၊ ဆရာမတို့က ပညာပေးတယ်။ ပါတ်ဝန်းကျင်က ပညာပေးတယ်။ အတွေ့အကြုံက ပညာပေးတယ်။ ရေရှည်မှာတော့ မိဘနဲ့သက် ခံစို့လို့မရ။ အုပ်ထိန်းသူလောင်းရိပ်အောက်မှာ ကြာကြာနေလို့ မဖြစ်နိုင်ပါ။

**အသိနှင့် စွမ်းရည်**

ဘာပဲဖြစ်ဖြစ် လူဟာ သူတစ်ပါးကို ထာဝရအမှီသဟဲတော့ မပြုနိုင်ဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ် တဖြည်းဖြည်း ရပ်တည်နိုင်အောင် ကြိုးစားလာရတာချည်းပဲ။ ဘဝကို အသွင်အမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာ ဖြစ်တယ်။

ဒီလိုရင်ဆိုင်ရာမှာ သူတစ်ပါးဆီက အကူအညီရချင်ရမယ်။ မရချင်လည်း မရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်လုပ်ဆောင်ပြုမူချက်အားလုံးက မိမိကိုယ်ကို ပြန်ထင်ဟပ်မှာပဲ။

ကိုယ်က မှန်ကန်အောင် လုပ်ကိုင်ရင် တိုးတက်မယ်။ မိမိ မှားယွင်းစွာလုပ်ကိုင်ရင် မိမိဆုတ်ယုတ်မယ် တိုးတက်မှု နှောင့်နှေးမယ်။

ဒါကြောင့် လောကမှာ ကိုယ်ရရှိတဲ့ ကောင်းမွေ ဆိုးမွေ မှန်သမျှဟာ ကိုယ့်လုပ်ဆောင်ချက်ပေါ်မှာသာ အဓိက မှီတည်နေမှာသာ ဖြစ်တယ်။

ဒီတော့အမှန်ကို လုပ်နိုင်ဘို့ တိုးတက်အောင် ဆောင်ရွက်နိုင်ဘို့ အသိဉာဏ်ပညာ စွမ်းရည်ဟာ လူတိုင်းမှာလိုတယ်။ သင်ကြားရသော အပိုင်းကဏ္ဍတွေဟာ ရှည်ကြာလှပါတယ်။ Life is short but art (craft) is long. ပဲ။ လောင်းရိပ်အမိခံရရင်လည်း ကြုံလို့တတ်တယ်။ မိဘ အုပ်ထိန်းသူတွေထံက လိုအပ်တဲ့ အကူအညီကို ယူပါ။ ဆရာသမားများထံမှလည်း သင်ယူပါ။ သို့သော် တကယ် အားကိုးရာက ဘယ်သူလဲ ဆန်းစစ်ကြည့်ပါ။

မိမိအားကိုးရမည့်သူ **"အဓိက"** တစ်ဦးတည်းကတော့ **"မိမိ"** သာလျှင် ဖြစ်ပေတော့တယ်။

### ***အလေးအနက်ထားခြင်း***

အချိန်ကိုမလေးစားခြင်း၊ ကတိမတည်ခြင်း၊ အလေးအနက်မထားခြင်းတို့ဟာ လူငယ်တွေအတွက် ရန်သူသဖွယ် ရှောင်ရှားရမယ့် အရာတွေဖြစ်တယ်။

ဂတိမတည်ခြင်းဟာ မကောင်းဆုံးအကျင့်ပဲ၊ စိတ်ပျက်စရာလဲကောင်းတယ်၊ ကတိ တစ်ကြိမ်ပျက်ခြင်းဟာ-ယုံကြည်မှုတစ်ကြိမ်ပွန်းပွဲသွားခြင်းလို့ယူဆသင့်တယ်။

ကတိပေးတယ်ဆိုတာ မိမိဂုဏ်သိက္ခာကို ပေါင်နှံ ထားလို
ခြင်း ဖြစ်တယ်။ ကတိတည်ခြင်းဖြင့် အဲဒီဂုဏ်သိက္ခာကို ပြန်ရေ
ယူရမယ်။ ကတိပျက်ရင် ဂုဏ်သိက္ခာဟာ အပေါင်ဆုံး ပစ္စည်
ဖြစ်သွားတာနဲ့ ဘာမှမခြားဘူး။

ကတိမတည်ခြင်းရဲ့ အဓိကအကြောင်းရင်းဟာ အလေ
အနက် မထားခြင်းဖြစ်တယ်။ ကိုယ်ပြောတဲ့ စကားတစ်ခွန်
ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို လေးစားတတ်ရင် ကတိပျက်တ
ဘယ်ရှိတော့မလဲ။

အသေးအဖွဲလေးပဲဆိုပြီး ဂရုမပြု ပေါ့ပေါ့ဆဆ လုပ်ကိုင်
မိတဲ့ အတွက် ဆုံးရှုံးခဲ့ရတာတွေ အများကြီး လောကမှာရှိခဲ့တယ်။
သာမန် ဆုံးရှုံးမှုမှစပြီး လူ့အသက် အိုးအိမ်စည်းစိမ်တွေအထိပဲ။
နေ့စဉ် လုပ်ကိုင်နေတဲ့ ကိစ္စအဝဝကို အလေးအနက်ထားကြရင်
ဒါမျိုးတွေ ဖြစ်လာနိုင်စရာမရှိတော့ဘူး။

**အသေဝနာစ ဇာလန်**

**"လူမိုက်ကို ရှောင်ကြဉ်ရာ၏"** တဲ့ မင်္ဂလာတရားတော် ထဲမှာ
ပါတယ်။ အဲဒီမင်္ဂလာတရားတော် (၃၈)ဖြာ မင်္ဂလာကို ဖတ်မှတ်
လေ့လာ လိုက်နာမယ်ဆိုရင် လောကီ၊ လောကုတ် ကိစ္စအဝဝ
ပြီးမြောက်အောင်မြင်နိုင်တယ်လို့ အစ်ကိုကြီးထင်တယ်။

လူမိုက်ကိုမပေါင်းနဲ့လို့ ဆုံးမရာမှာ ကိုယ့်အကျိုးစီးပွားကို
ပျက်စီးရာ ပျက်စီးကြောင်း လုပ်မဲ့လူတွေ ဒုနဲ့ဒေး တွေ့ကြုံရတတ်
လို့ပဲ။ "**လူမိုက်ဆိုတာဟာ မကောင်းတာကို ကြံစည်သူ မကောင်း**

တာကို ပြောဆိုသူ၊ မကောင်းတာကို လုပ်ဆောင်သူတဲ့"

လူမိုက်ကိုပေါင်းသဖြင့် ဒုက္ခရောက်မယ်။ ဥစ္စာဓန ဆုံးရှုံးမယ်။ နာမည်ပျက်မယ်။ လူမိုက်ကို ပေါင်းသင်းမိလို့ ဒုက္ခရောက်တဲ့ ဥပမာတွေကို ပြောပြမယ်။

ဘုရားဟော ငါးရာ့ငါးဆယ်နိပါတ်တော်ထဲက (အပဏ္ဏက ဇာတ်)မှာ လှည်းကုန်သည်အုပ်စု ၂-ခုရှိတယ်။ တစ်စုမှာ လှည်းသား ငါးရာစီပါတယ်။ စုစုပေါင်း တစ်ထောင်ပေါ့။ ပထမလှည်းသား ငါးရာက ဒေဝဒတ်လောင်းဖြစ်တဲ့ လူမိုက်ကြီးကို ခေါင်းဆောင်တယ်။ ဒုတိယ လှည်းသားငါးရာက ဘုရားလောင်းဖြစ်တဲ့ ပညာရှိကို ခေါင်းဆောင် တင်တယ်။ ခေါင်းဆောင်(၂)ဦးဟာ သူ့အတွေးနဲ့သူ စဉ်းစားဆုံးဖြတ်ကြပြီး ဒေဝဒတ်လောင်းက ခရီးကိုအရင်၊ ဘုရား အလောင်းက ခရီးကိုနောက်ချန်ပြီးသွားဖို့ သဘောတူ ဆုံးဖြတ် ကြတယ်။

အရင်သွားတဲ့ ဒေဝဒတ်လောင်းဟာ လမ်းတလျှောက်က ရှံ့ဗွက်တွေကိုဖို့ရတယ်။ ချိုင့်တွေကျင်းတွေ ချောက်တွေ စောက်တွေ ကို ပြေအောင်လုပ်ရတယ်။ လမ်းမရှိတဲ့အရပ်မှာ လမ်းသစ်တွေ ဖောက်ရတယ်။ ရေမရှိတဲ့အရပ်မှာ ရေတွင်းတွေတူးရတယ်။ ဒီလို ပင်ပမ်းစွာနဲ့ ခရီးဆက်နေဆဲမှာ ဘီလူးများရဲ့လှည့်စားမှုကို မသိမမြင် မဆင်ခြင်နိုင်ကြလို့ အားလုံးဘီလူးစာ ဖြစ်ကုန်ကြတယ်။

နောက်မှခရီးထွက်တဲ့ ဘုရားလောင်းနဲ့ အဖွဲ့ကတော့ ဒေဝဒတ်တို့အဖွဲ့ လုပ်ဆောင်ပြီးသမျှတို့ကို အခန့်သင့်အသုံးချနိုင်တဲ့ အပြင် ဘီလူးများရဲ့လှည့်စားမှုကို ပညာနဲ့သိမြင် ဆင်ခြင်နိုင်တဲ့ အတွက် သေဘေးကလွတ်ပြီး ချမ်းသာသွားကြတယ်တဲ့။

ပဋ္ဌာလတိုင်းက ဘုရင်ကြီးနဲ့ ကျေးညီနောင်ပုံပြင်ကိုလဲ မင်းတို့ သိပြီးသား ဖြစ်မှာပါ။ လူဆိုးတွေဆီရောက်တဲ့ ကျေးကလေးက လူဆိုးသူခိုးတွေရဲ့ အကျင့်တွေရပြီး၊ ရသေ့ရဟန်းသူတော်စင်တွေဆီ ရောက်သွားတဲ့ ကျေးကလေးကျတော့ သူတော်ကောင်းတရားတွေ ရသွားတယ် မဟုတ်လား။

သူတော်ကောင်းကျေးကလေးရဲ့ စကားအတိုင်း ပြောရရင်တော့ "ငါးပုပ်ကိုသမန်းမြက်ဖြင့်ထုပ်လျှင် သမန်းမြက်ပါ အပုပ်နံ့နံပါသည်။ ထို့အတူပင် လူမိုက်နှင့်ပေါင်းသင်းလျှင် လူမိုက်သာဖြစ်လာနိုင်ပါသည်။ တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့်ထုပ်လျှင် ပေါက်ဖက်ပါပန်းရနံ့မွှေးကြိုင်ပါသည်။ ထို့အတူပင် ပညာရှိသူတော်ကောင်းနှင့် ပေါင်းဖက်လျှင် ပညာရှိသူတော်ကောင်းဖြစ်လာနိုင်ပါသည်" တဲ့။

အပေါင်းမှားတဲ့ အထဲမှာတော့ **အဇာတသတ်မင်းက** စံချိန်တင်လိမ့်မယ်ထင်တယ်။ အရှင်ဒေဝဒတ်ကို ဆရာတင်မိတော့ ဖခင်အရင်းကိုတောင် သတ်မိတဲ့အထိ မိုက်တွင်းနက်တော့တာပါပဲ။

သမိုင်းမှာ ပြန်ကြည့်ရင်လည်း တပင်ရွှေထီးမင်းဟာ အပေါင်းမှားလို့ အရက်သမားကြီးဘဝရောက်ပြီး အသက်ဆုံးရှုံးခဲ့ရတယ် မဟုတ်လား။

ရတုဘုရင်စာဆိုနတ်ရှင်နောင် ဆိုရင်လည်း တိုင်းတစ်ပါးသား ဖိလစ်ဒီဗရစ်တိုနဲ့ ပေါင်းမိလို့ ဘယ်ဘဝနဲ့ ဘယ်လို ဇာတ်သိမ်းသွားရတယ်ဆိုတာ မင်းတို့အသိပါ။

ဂျွန်ဦးစောကြီးကို ကြည့်ဦးမလား။ နယ်ချဲ့နဲ့ပေါင်းမိတော့ နယ်ချဲ့လက်ပါးစေဖြစ်ပြီး တို့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်မိတဲ့အထိ မိုက်မှားခဲ့တယ်။

လူမိုက်ဆိုတာ ဒီလိုအင်္ဂါရပ်တွေ ရှိတယ်လို့ (ဝိဘင်းပါဠိ တော်) မှာ ဖော်ပြထားတယ်။

"အမျက်ထွက်တယ်၊ ကျေးဇူးကန်းတယ်။ မနာလိုတယ်။ သဝန်တိုတယ်၊ လှည့်ပတ်ဖျားယောင်းတတ်တယ်။ စဉ်းလဲကောက် ကျစ်တယ်။ လိမ်ညာပြောတတ်တယ်။ မတရားလိုချင်တယ်။ အယူ မှားတယ်" တဲ့။

သုတေသန ရုပ်ပြအဘိဓါန် မှာလည်း လူမိုက်နှင့်ပေါင်းခြင်း ကြောင့် ရရှိနိုင်တဲ့အပြစ်တွေကို ဒီလိုဖော်ပြထားသေးတယ်။

"လျှို့ဝှက်အပ်သော စကားကို ထုတ်ဖော်ပြောတယ်။ အတောင်းအရမ်းများတယ်၊ ကြွင်နာကင်းပြီး ရက်စက်တယ်။ စိတ်မတည်ကြည်ဘူး၊ အမျက်ကြီးတယ်၊ မဖြောင့်မှန်ဘူး၊ အလောင်း အစားနဲ့ အပျော်အပါးများတယ်" တဲ့။

ဒါကြောင့် လောကနီတိ ဆရာတို့က "ဦးချိုရှိသော သတ္တဝါ ကို အတောင်ငါးဆယ်ကွာသော အရပ်မှ ရှောင်ရာ၏။ မြင်းကိုကား အတောင်တစ်ဆယ်မှ ရှောင်ရာ၏။ အစွယ်ရှိသော ဆင်ကိုကား အတောင်တစ်ထောင်အကွာမှ ရှောင်ရာ၏။ လူမိုက်ကိုကား အရပ်ကို စွန့်လို့ရှောင်ရာ၏" လို့ဆိုထားတယ်။

ဒီတော့လူမိုက်ကိုရှောင်၊ ပညာရှိကိုပေါင်းရမယ်။

မြတ်စွာဘုရားကိုယ်တော်တိုင်က "မိတ်ဆွေရှာသောအခါ၊ သီလ၊ သမာဓိပညာ၊ အကျင့်သိက္ခာအရာတွင် မိမိထက်သာလွန်သူကိုဖြစ်စေ၊ မိမိနှင့်တန်းတူသူကိုဖြစ်စေ၊ မတွေ့ရလျှင် မိမိတစ်ယောက်တည်းသာ နေရာ၏။ လူမိုက်နှင့်ကား ပေါင်းသင်း ဆက်ဆံခြင်း မပြုရာ" လို့ဆုံးမတော်မူခဲ့တယ်။

တစ်ခါမှာတော့ အရှင်အာနန္ဒာက "မိတ်ဆွေကောင်းသည် လိုအပ်သောအကျိုးတရားကို တစ်ဝက်ပြီးစေနိုင်သည်" လို့ ဥဒါန်းကျူးရင့်လိုက်တာကို မြတ်စွာဘုရားက ကြားသိတော်မူပြီး "အာနန္ဒာ ဤသို့ မဆိုလင့် ! ဤသို့ မဆိုလင့်! မိတ်ဆွေကောင်းသည် လိုအပ်သောအကျိုးတရားကို အလုံးစုံ အပြည့်အဝပြီးစေနိုင်သည်" လို့ မိန့်ကြားတော်မူထားဖူးပါတယ်။

ကဲ ဒီလောက်ဆိုရင် လူမိုက်ကိုမပေါင်းသင်းမိဖို့နဲ့ ပညာရှိတဲ့ မိတ်ဆွေကောင်းကို ပေါင်းသင်းကြဖို့ သဘောပေါက်လောက်ရောပေါ့။

*ဦးနှောက်၊ မှတ်ဉာဏ်နှင့် အတွေးခေါ်*

တချို့သူတွေဟာ မှတ်ဉာဏ်ကောင်းပြီး အချို့မှာ မှတ်ဉာဏ်မကောင်းပါ။ မှတ်ဉာဏ်မကောင်းသူတွေက မိမိတို့ ဦးနှောက်မကောင်းလို့ မှတ်ဉာဏ်မကောင်းခြင်းဖြစ်မယ်လို့ ယူဆနေကြတယ်။ မှတ်ဉာဏ်ဟာ ဦးနှောက်ရဲ့ မွေးရာပါ အရည်အသွေးတစ်ခု ဖြစ်ပေမဲ့ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ စနစ်တကျ လေ့ကျင့်ပေးမယ်ဆိုရင် မည်သူမဆို မှတ်ဉာဏ်ကောင်းသူတွေ ဖြစ်လာနိုင်တယ်။ (ရူးသွပ်တဲ့လူတော့ မပါဘူးပေါ့။)

**မှတ်ဉာဏ်ကောင်းအောင် ပြုလုပ်နည်းများ**

(က) စိတ်ပါဝင်စားစွာ ကျက်မှတ်ခြင်း (**Concentration.**)

သင်္ချာတော်တဲ့ ကျောင်းသားဟာ သမိုင်းမှာ ညံ့ချင်ညံ့နေတတ်တယ်။ ဘာကြောင့်လဲဆိုတော့ မိမိစိတ်ဝင်စားတဲ့ ဘာသာရပ်ကိုသာ ဂရုတစိုက်ကျက်မှတ်တဲ့အတွက်ဖြစ်တယ်။ ဒါကြောင့် မိမိစိတ်ဝင်စားတဲ့ ဘာသာရပ်တွေကို စိတ်ပါဝင်စားစေဖို့ မိမိဘာသာမိမိ အခြေအနေတစ်ခု ရယူဖန်တီးကြံဆောင်ယူရမယ်။

(ခ) လိုသည်ထက် ပိုကျက်ခြင်း (**Over Learning.**)

ကျောင်းသား အတော်များများဟာ အမှားမပါဘဲ တစ်ခေါက်နှစ်ခေါက်ရွတ်ဆိုနိုင်ပြီ ဆိုတာနဲ့ အလွတ်ရပြီထင်ပြီး နောက်ထပ်ကျက်မှတ်လိုစိတ် မရှိကြတော့ နောက်တစ်နေ့ ရောက်ရင် မနေ့ကကျက်ထားတဲ့စာတွေ မေ့နေတတ်ကြတယ်။ အမှန်က သေသေချာချာရအောင် မကျက်မှတ်ခဲ့တဲ့ အတွက်ကြောင့် သာ ဖြစ်တယ်။

စိတ်ပညာရှင် **အက်ဘင်ဟော** (**Ebbinghaus**) ရဲ့ လေ့လာချက်အရ အလွတ်ကျက်မှတ်ထားတဲ့စာရဲ့ သုံးပုံနှစ်ပုံဟာ ကျက်မှတ်ပြီး ၂-နာရီအတွင်း မေ့လျော့သွားတတ်တယ်လို့ဆိုတယ်။ ဒါကြောင့် စာတစ်ပုဒ်ကို ထပ်ခါထပ်ခါ ပြန်ရွတ်သင့်တယ်။

ဥပမာ-ကဗျာတစ်ပုဒ်ကို ၁၂ -ခေါက်ဖတ်မှ မှတ်မိမယ် ဆိုရင် (၁၂)ခေါက်ရ ပြီးနောက် နောက်ထပ် (၃)ခေါက်ဖတ်ခြင်းဟာ ပိုမိုမှတ်မိစေတယ်။

(ဂ) အဓိပ္ပါယ်နားလည်စွာ ကျက်မှတ်ခြင်း (ကျိုးကြောင်းဆင်ခြင်၍ ကျက်မှတ်ခြင်း) **(Resonable Intellegence.)**

မိမိမှတ်မိတဲ့စာဟာ အကျိုးအကြောင်း အဓိပ္ပါယ်ရှိပါက၊ ပိုပြီး မှတ်မိတတ်တယ်။ ဒါကြောင့် မိမိကျက်မှတ်နေတဲ့ အကြောင်းအရာမှာ နားမလည်တဲ့ အချက်အလက်တွေပါလာရင် တတ်သိနားလည်သူတွေကို မေးမြန်းပြီး သေချာစွာသိရှိမှ ကျက်မှတ်သင့်တယ်။

ကျောင်းသားတွေအတွက် အလေးထားရမဲ့ သာဓက တစ်ခုကတော့ မှတ်ဉာဏ်ကောင်းလို့ ထူးချွန်တဲ့ကျောင်းသား တစ်ယောက်ဖြစ်လာမယ်ဆိုပေမယ့် ကျိုးကြောင်းဆင်ခြင်မှု **(Resonable Intellegence)** မရှိရင် အကျိုးမရှိဘူးဆိုတာပဲ။

သာဓကတစ်ခုအနေနဲ့ သီအိုရီ ရူပဗေဒပညာရှင် အိုင်စတိုင်းဟာ မှတ်ဉာဏ်ကောင်းတယ်လို့ မဆိုသာပါ။ မကြာခဏ မေ့တတ်တယ်။ **ဆွစ်စက်မှုတက္ကသိုလ် (Swiss Federal Instive of Technology)** တက်ရောက်ဖို့ဝင်ခွင့် စာမေးပွဲမှာ သူ့ရဲ့ ဂျာမန်ဘာသာစကားကလွဲပြီး ကျန်တဲ့ဘာသာစကားတွေ မကျွမ်းကျင်လို့ တစ်နှစ်ကျရှုံးခဲ့ရတယ်၊ **အိုင်စတိုင်း** ဟာ သူကျော်ကြားတဲ့ **ရီလေတီဗတီသီအိုရီ (Relativity Theory)** ကို (**"ငင်းရဲ့မှတ်ဉာဏ်တွေထဲက ဆွဲထုတ်ယူခဲ့ခြင်းမဟုတ် ကျိုးကြောင်းဆက်စပ်မှုမှတဆင့် တွေးခေါ်ခဲ့ခြင်းသာ ဖြစ်တယ်"**) လို့ဆိုခဲ့တယ်။

**အလိမ္မာစာမှာရှိ**

"ပညာရှာ၊ ပမာသူဖုန်းစား" "ပညာလို၊ အိုသည်မရှိ" "ခြေသုတ် ပုဆိုး၊ မြွေစွယ်ကျိုးလို့" ဆိုတဲ့ စကားတွေဟာ ပညာရှာ... နေရာမှာ မရှက်ဖို့ မာန်မာနမထားဖို့ ရိုကျိုးဖို့ ပညာကိုမပြတ် သေသည်ထိတိုင်အောင် လေ့လာလိုက်စားနေဖို့ အားပေးတဲ့ စကားတွေ လမ်းညွှန်တဲ့ စကားတွေပဲ။ အချုပ်ကတော့-

- ပညာသည် ဘဝ
- ပညာသည် အလှ
- ပညာသည် ကမ္ဘာ
- ပညာသည်သာ အစစအရာရာပဲ. . . ။

**သီလ၊ သမာဓိ၊ ပညာ**

အကျင့်သီလ နဲ့ မပြည့်စုံသောသူဟာ မိမိနှင့်တကွ အများ အကျိုးအတွက် ဘာမဆို ဖြူစင်စွာဆောင်ရွက်နိုင်မည်မဟုတ်။

စိတ်ထားတည်ငြိမ်မှု သမာဓိ မရှိသူဟာ မိမိနှင့်တကွ အများ အကျိုးအတွက် တည်ငြိမ် ဖြောင့်မတ်စွာ ဘာမဆို ဆောင်ရွက် နိုင်မည်မဟုတ်။

အမှားအမှန်ကို ဟုတ်မှန်တိုင်း ပိုင်းခြားသိမြင်မှု ပညာ မရှိသူဟာ မိမိနှင့်တကွ အများအကျိုးအတွက် ဘာမဆို အမှား ကင်းစင် အမှန်ထင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်။

ဒါကြောင့် ညီ၊ ညီမလေးတို့ဟာ အများအကျိုးစီးပွား အတွက် မမေ့သောသတိနဲ့ သီလ၊ သမာဓိ၊ ပညာပြည့်စုံကြဘို့ လိုတယ်။

သီလဟာ လူတွေရဲ့အသက်ဖြစ်တယ်။ သမာဓိက လူတွေရဲ့ နှလုံးသား၊ ပညာကတော့ လူတွေရဲ့ ဦးနှောက်ပေါ့။

သီလရှိမှ လူပီသတယ်။ ပညာတွေ ဘယ်လောက် တတ်တတ်၊ ဉစ္စာဘယ်လောက်ရှိရှိ၊ သီလမရှိရင် အဲသည်လူဟာ အလကားပဲ။ လူ့အဖိုးတန်မဖြစ်ပဲ တန်ဖိုးမဲ့တဲ့လူ ဖြစ်နေတယ်။

"အူမတောင့်မှ သီလစောင့်နိုင်တယ်"ဆိုတဲ့စကားကို ပြောနေကြတာဟာ တကယ်တော့ မှားတယ်လို့ အစ်ကိုကြီးထင်တယ်။ အမှန်တကယ်ကတော့ လောကမှာ သီလစောင့်မှသာ အူမတောင့်အောင် ဖန်တီးနိုင်တာပါ။ သီလမစောင့်သူမှန်သမျှဟာ အူမဘယ်လိုမှ မတောင့်နိုင်ပါဘူး။ ပညာနဲ့တိုးတက်ကြောင်း စပေမယ့် သီလမပါရင် ခရီးရှည်မသွားနိုင်ဘူး၊ သီလနဲ့အတူ သမာဓိအားကောင်းလာရင် တော့ ဘဝမှာ ဘာပြောစရာလိုတော့မလဲ။

အစ်ကိုကြီး ပြောလိုတာကတော့ - ပညာရှာ သီလစောင့် သမာဓိကိုထူထောင်ပါ။ အဲဒီကိစ္စဟာ ကြီးမှ လုပ်ရမှာမဟုတ်ဘဲ ကျောင်းသားဘဝ ကတည်းက လုပ်ရမှာ ဖြစ်တယ်။

လောကမှာ "သီလသမား၊ အမှားနည်း၏တဲ့"

**အကျင့်သီလနှင့်စာရိတ္တ**

သီလရဲ့ မြန်မာလို အဓိပ္ပါယ်ကတော့ အလေ့အကျင့်လို့ ပြန်ဆိုရမယ်။ သီလနဲ့ စာရိတ္တကတော့ တစ်စိတ်တစ်ဒေသ တူညီပြီးတော့ ထူးခြားတဲ့အပိုင်းလည်းရှိတယ်။ စာရိတ္တထက် သီလက ပိုမိုအဓိပ္ပါယ်ကျယ်ဝန်းပါတယ်။

သီလမှာ ရှောင်ရမယ့်သီလ၊ ဆောင်ရမယ့်သီလ ဆိုပြီး (၂)မျိုး ရှိတယ်။ ပါဠိလိုတော့ "ဝါရိတ္တသီလ" နဲ့ "စာရိတ္တသီလ" လို့ ခေါ်တယ်။

"ဝါရိတ္တသီလ" ကတော့ ရှောင်ကြဉ်ရမဲ့သီလ ဖြစ်တယ်။ လုပ်နေကျ မကောင်းတဲ့ အလေ့အကျင့်တွေကို ရပ်စဲပြတ်စဲသွားအောင် လေ့ကျင့်ခြင်းဖြစ်တယ်။ ဒူးနန့်တတ်တဲ့လူဟာ ဒူးနန့်ပျောက်အောင် လေ့ကျင့်ယူရတယ်။ လက်အငြိမ်မနေပဲ ဒိုးဒိုးဒေါက်ဒေါက် ခေါက်နေသူဟာ လက်ငြိမ်သွားအောင် လေ့ကျင့်ယူရတယ်။ ဒီလိုအကျင့်ဆိုးတွေ မကောင်းတဲ့အပြုအမူတွေ ပပျောက်အောင် ထိန်းချုပ်တဲ့လေ့ကျင့်နည်းကို "ဝါရိတ္တသီလ" လို့ခေါ်တယ်။

ကောင်းတဲ့အပြုအမူတွေ ဖြစ်ပေါ်လာအောင် လေ့ကျင့်ယူတဲ့ နည်းကတော့ "စာရိတ္တသီလ" လို့ ခေါ်တယ်။

အင်္ဂလိပ်လိုတော့ (**DO and DON'T**) ပေါ့။ စာရိတ္တသီလက **DO** လုပ်ပါ၊ ဝါရိတ္တသီလကို **DON'T** မလုပ်ပါနဲ့ပေါ့။

***မမှားစေ့ရှေ့နေ မသေစေဆေးသမား***

လောကမှာ မမှားတဲ့ရှေ့နေ၊ မသေတဲ့ဆေးသမားရယ်လို့ ရှိသလား။ ဒီလိုဆိုရင် ကျောင်းသားစာမေးပွဲကျတာကော ဆန်းသလား။ မဆန်းပါဘူးကွာ။ စာမေးပွဲဖြေရင်မအောင်ရင် ရှုံးမယ်။ မရှုံးရင်အောင်မယ်။ တစ်ခုမဟုတ် တစ်ခုကတော့ သေချာနေပြီ။ ထိုင်ပြီး ဝမ်းနည်းနေလို့ပြီးမလား။

(It's never too late to mend.)တဲ့။ အမှားကိုပြုပြင်ရာ နောက်ကျတယ်လို့ မရှိဘူးတဲ့။ ရှုံးရတဲ့အတွက် ဘယ်သူ့ကိုမှ အပြစ်မနေနဲ့၊ ဘယ်သူ့ကိုမှ အပြစ်ပြောမနေနဲ့၊ မိဘဆိုတာမျိုးကတော့ သားသမီးပြောရင်ယုံတာပဲ။ ခွင့်လွှတ်တာပဲ။ သားသမီးတော့ စုံလုံးကန်းဆိုတဲ့ စကားကြားဘူးတယ်မဟုတ်လား။ နိဂုံးကြည့်တော့ ရှုံးတာဟာ မအောင်တာပဲ။

ဒီတော့ဘာလုပ်မလဲ၊ အကောင်းဆုံးကတော့ ရှုံးရတဲ့အကြောင်းရင်းမှန်ကိုရှာပြီး ပြုပြင်ရမယ်။ မလျှော့သောဇွဲနဲ့ ထပ်ကြိုးစားရမယ်။

အစ်ကိုကြီး(၁၀)တန်း တစ်နှစ်ကျတုံးက အကြောင်းလေးပြောပြမယ်။ အစ်ကိုကြီးက အင်္ဂလိပ်စာညံ့တယ်။ တခြားဘာသာတွေ အခြေအနေကောင်းတယ်။ အင်္ဂလိပ်စာကို ကြောက်တယ်။ ကျက်ရမှာကိုကြောက်နေတယ်။ ဒါနဲ့ ပေါ့ဆမိတာပေါ့။ ပထမနေ့မြန်မာစာ၊ ဒုတိယနေ့ အင်္ဂလိပ်စာကို ဖြေပြီးတော့ အိမ်ပြန်လာတယ်။ ကျပြီဆိုတာ သိလိုက်တယ်။ စာကျက်နေတာ တွေ့တော့ အဖေက ထုံးစံအတိုင်း မေးတယ် "သားဖြေနိုင်လားတဲ့"။

"နောက်နှစ်အတွက် စာစကျက်နေတာပါအဖေ" လို့ပြောလိုက်တော့ တို့အဖေလည်း ဘာမှပြန်မပြောဘူး၊ ပြန်ထွက်သွားတယ်။

အဲဒီနောက် အင်္ဂလိပ်စာကို အရမ်းဖိတယ်။ ကျက်တယ်။ ဦးဃန်းအင်္ဂလိပ်သတင်းစာ လစဉ်ဝယ်ပြီး စာမျက်နှာတိုင်းလျှောက်အော်ဖတ်တယ်။

ဒီအကျိုးကြောင့် နောင်နှစ်တော့ အင်္ဂလိပ်စာ အမှတ်ကောင်းကောင်းနဲ့ အောင်တယ်။ (၁၀)တန်းလည်း အောင်တာပေါ့။ အဲဒီကတည်းက အင်္ဂလိပ်စာကို နိုင်သွားတာ အထိုက်အလျောက် အောင်မြင်တဲ့ အင်္ဂလိပ်စာကျူရှင်ဆရာ တစ်ယောက်တောင် ဖြစ်ခဲ့သေးတာ ညီ ညီမလေးတို့ မှတ်မိမှာပေါ့။

(To Learn From The Past Is The Beginning Of Wisdom.) တဲ့။ အဓိပ္ပါယ်ကတော့ (အတိတ်က သင်ခန်းစာကို ယူပြီး လေ့လာကြမှ မှန်ကန်စွာ ပညာတတ်မယ်။ အောင်မြင်မယ်) လို့ဆိုတာပေါ့။

- ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်း
- ငုတ်မိသဲတိုင် တတ်နိုင်ဖျားရောက်
- သေသည့်တိုင် လော့်ပါ။ (လှေခွက်ကြီးကျန်အောင်လံမလဲ)
- တနေ့တစ်လံ ပုဂံဘယ်ပြေးမလဲ
- ကြိုးစားသူတိုင်းအတွက် ပန်းတိုင်သည် ရပ်တည်နေသည်

ဆိုတဲ့စကားတွေဟာ လူ့လုံ့လနှင့်ဖွဲ့ကို ဖော်ကျူးထားတဲ့စကားတွေပဲ။

(Turn a new page of your life.) ဆိုတဲ့ အင်္ဂလိပ်စကားတစ်ခွန်းကို မင်းတို့ ကြားဖူးမှာပေါ့။ "မင်းဘဝရဲ့ စာမျက်နှာသစ်တစ်ရွက်ကို လှန်လိုက်ပါ" လို့အဓိပ္ပါယ်ရတယ်။ လူသစ်စိတ်သစ်နဲ့ ကြိုးစား။ ညီငယ်/ညီမငယ်လေးတွေနဲ့အတူ သင်ရလို့ ရှက်သလို ကြောက်သလို ရွံ့သလို လုပ်မနေနဲ့။ တစ်ရက်က နှစ်ရက် မကွဲချင်နဲ့။

ဒီနေ့ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ စစ်ဗိုလ်တွေ ထိပ်တန်း ရောက်နေတဲ့ သူတွေဟာ ရာခိုင်နှုန်းအများစုကြီးက စားမေးပွဲ ကျဘူးသူတွေပဲ။ စာမေးပွဲကျလို့သာ စိတ်ပျက်ပြီး ထပ်မကြိုးစားရင် သူတို့ ဒီဘွဲ့မရနိုင်ဘူး။

တစ်ခါတော့ ကမ္ဘာ့တင်းနစ်ချံပီယံ တစ်ယောက်ကို သတင်း ထောက်တစ်ယောက်က "ဒီလိုအဆင့်ကို ဘယ်လိုကြိုးစားပြီး ရခဲ့ ပါသလဲ" လို့မေးတော့၊ "ကျွန်တော့်ဘဝမှာ နိုင်ပွဲတွေက မပြောပ လောက်အောင် ရှိခဲ့ပြီး ရှုံးပွဲတွေက များခဲ့ပါတယ်" လို့ပဲပြန်ဖြေသွား တယ်။

ပညာလို အိုသည်မရှိ

စာမေးပွဲကျသွားတဲ့ ညီ- ညီမလေးတွေက ကိုယ့်ကိုကိုယ် အသက်ကြီးတယ်ထင်ပြီး ပညာသင်ရမှာ ရှက်သလို ရွံ့သလိုဖြစ်နေ သလား။ သိမ်ငယ်နေသလား။ (You never too old to learn.) "ပညာလို၊ အိုသည်မရှိ" ဆိုတဲ့ စကားကို မင်းကြားဖူးတယ် မဟုတ် လား။ သိပ်မကြာသေးခင်က သတင်းစာထဲဖတ်လိုက်ရသေးတယ်။ အမေရိကန်မှာ အသက် (၅၀) ကျမှ ဇနီးသည်ထံ ခွင့်ပန်ပြီး ဆေး တက္ကသိုလ်တက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်အကြောင်း။ မင်းမှတ် ထားကွ၊ ကိုယ့်ထမင်းကိုယ်စားပြီး ပညာရှာတယ်။ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး။ မကြေနပ်ရင် လဲသေပစေ။ ကိုယ့်လမ်း ကိုယ်လျှောက်။ ကလေကချေ၊ ပညာမတတ်တဲ့ လူမိုက်တစ်ရာက အပြစ်ပြောမှာ တဲ့ရဲ့မှာကို ဂရုမစိုက်နဲ့။ သူငါ့ကို လုံးဝဥပက္ခာပြု၊

လုံးဝလစ်လျူရှု၊ လုံးဝ ထည့်မစဉ်းစားနဲ့ကွာ။ သူတို့ကြောင့်တော့ မင့်အမူအရာ တစ်ချက်ကလေးမှ ပျက်မသွားစေနဲ့။ "ဖိုးရွှေလမင်းကြီးကို ခွေးဟောင်နေတယ်" လို့ပဲ သဘောထားလိုက်စမ်း။ လူ့ဘဝဆိုတာ ဒီနေ့ နက်ဖြန်နဲ့တင် ပြီးတာမဟုတ်ဘူး။ မသေခင် မင်းဘာကောင်၊ သူတို့တွေဟာ ဘာကောင်ဆိုတာ သိသွားကြမှာပဲ။ ဒါပေမယ့် ပညာရှိသူတော်ကောင်းတစ်ယောက် အပြစ်ပြောမှာကိုတော့ ကြောက်ပေ့။ သူတို့စကားကိုတော့ ရိုသေလေးစားရမယ်။ တန်ဖိုးထားရမယ်။ ကိုယ့်အမှားကို ပြုပြင်ရမယ်။

**မင်းကြမ္မာ မင်းဖန်တီးမည်**

**You are under your Rule.** တဲ့။

"**မင်းကြမ္မာမင်းဖန်တီးမှာပဲ**" လို့ဆိုတယ်။ အပြင်က ဖြေမယ့် ညီ-ညီမလေးတွေလည်း ပါတယ်မဟုတ်လား။ ကောင်းတာပေါ့ကွာ၊ စာကျက်ချိန်အများကြီးရတယ်။ တစ်နေ့ (၃) ဘာသာလောက်တောင် ကျက်သွားနိုင်တယ်။ တို့ရဲ့မိဘတွေကလည်း သဘောတူမှာပါ။ အသက်(၁၈) နှစ်ဆိုရင်ပဲ၊ ရွေးကောက်ပွဲတွေမှာ မဲပေးနိုင်ပြီ၊ အမှားအမှန် အကောင်းအဆိုး ခွဲခြားတတ်ပြီ။ တစ်ခုတော့ သတိပေးရအုံးမယ်။ မင်း ကိုယ့်စိတ်ကိုယ်နိုင်ရဲ့လား။ မင်းတို့အရွယ်က စိတ်လေတတ်တယ်။ သတိထား။ စိတ်လေရင် လေသလောက် လေတဲ့ဒါဏ်ကို မင်းခံရမှာပဲ။ လေတဲ့ကြွေးကို မင်းဆပ်ရမှာပဲ။ ရည်ရွယ်ချက်ကို ကြီးကြီးထားပြီး ဇွဲကောင်းကောင်း စိတ်ခိုင်ခိုင်နဲ့ ကြိုးစားရမယ်ပေ့။

အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေတဲ့ ညီ-ညီမလေးတွေကို အစ်ကိုကြီး ရာနှုန်းပြည့်အားပေးတယ်ကွာ။ လူဆိုတာ မသေမချင်း ကိုယ့်တက်လမ်းကိုယ် ကြိုးစားနေရမှာပဲ။

စာမေးပွဲအောင်သွားတယ်ဆိုရင် ရာထူး **(Promotion)** ကို မျှော်ရတာ အားရှိတာပေါ့။ လုပ်ဖော်ကိုင်ဖက်တွေကြားမှာလဲ ရင်ကိုကော့ ခေါင်းကိုမော့ပြီး လက်မထောင်နိုင်ပြီပေါ့။ မျက်နှာ မငယ်ရတော့ဘူး သိမ်မငယ်ရတော့ဘူး။ မျက်နှာပွင့်လာမှာပေါ့ကွာ။ ပညာရဲရင့် ပွဲလယ်တင့် ဖြစ်လာမှာပေါ့။

အိမ်ထောင်ရှိတဲ့ ညီ-ညီမငယ်တွေကတော့ တာဝန်တွေ သိပ်များပြားတယ်မဟုတ်လား။ အိမ်ထောင်ရေးတာဝန်၊ သားသမီးတွေ တာဝန်၊ စီးပွားရေးတာဝန်၊ ပညာရေးတာဝန်တွေပေါ့။ အဲဒီတော့ စာကျက်ချိန်နည်းမယ်။ တခြားကျောင်းသားတွေလို စာကျက်ချိန် သတ်မှတ်လို့ ရချင်မှရမယ်။ ဒါကြောင့် အချိန်လုပြီး စာကျက်ရမယ်။ ကားမှတ်တိုင်မှာကားစောင့်ရင်း၊ ကားပေါ်မှာ (ထိုင်ခုံရယင်) ကားစီးရင်း စာကျက်ရမယ်။ ခေါင်းအုံးအိပ်လောက်အောင်ကြီးတဲ့ ကျမ်းစာအုပ်ကို လူလယ်ခေါင်မှာ ထုတ်ဖတ်နေတာမှမဟုတ်တာ။ စာအုပ် ပါးပါးလေးဖတ်နေတာကို ဘယ်သူမှ မကဲ့ရဲ့ပါဘူး။ ဘယ်သူကမှလည်း စိတ်မဝင်စားကြဘူး။ စာအုပ်ထူထူကြီးကိုသာ လူတောသူတောထဲ ထုတ်မဖတ်နဲ့။ လုပ်ငန်းခွင်မှာလဲ အလုပ်တွေ ပြီးရင် ကိုယ်လုပ်ရမဲ့ တာဝန်တွေ ကြေပွန်ပြီးရင် သူငယ်ချင်းတွေစုပြီး အရည်မရ၊ အဖတ်မရ၊ အကျိုးမရှိတဲ့စကားတွေ သိမ်ဖျင်းတဲ့ စကားတွေ ပြောနေမဲ့အစား စာကျက်ပေါ့ကွာ။ **"စာမေးပွဲက မင်းဘဝ, မင်းကမ္ဘာ, မင်းအားထားရမဲ့အရာပဲ"** မဟုတ်လား။

**သေမကြီး ရှင်ရွှေထီး**

မှန်းချက်နဲ့နှမ်းလွက် မကိုက်လို့ မင်းအဖြေလွှာကို ခြစ်ပစ်ဖို့ ရည်ရွယ်ချက်ရှိသလား။ ဒီလိုမေးရတာကလဲ တခြားကြောင့် မဟုတ်ဘူး။ ဒီနေ့ (၁၀) တန်းကျောင်းသားတွေရဲ့ လောကမှာ ဒီလိုလုပ်တာ ရောဂါတစ်မျိုးလို ဖြစ်နေတယ်။ ဒီလိုလုပ်တာဟာ ခေတ်စားနေတယ်။ ဖက်ရှင်ဖြစ်နေတယ်။ ဒီလိုခြစ်ချပစ်တဲ့ ကျောင်းသားတွေကို နှစ်ပိုင်းခွဲပြီး အစ်ကိုကြီးမြင်တယ်။ ပထမတစ်ပိုင်းက တကယ့်ရည်ရွယ်ချက်ကြီးပြီး ကြကယ်ကြိုးစားတဲ့ကျောင်းသား၊ ဒုတိယတစ်ပိုင်းက ရည်ရွယ်ချက်မရှိ ပန်းတိုင်မရှိ စာမေးပွဲကို အလေးအနက် မထားပဲ စတ္တရားအရ ဝင်ဖြေတဲ့ကျောင်းသား၊ ပထမ အမျိုးအစား ကျောင်းသားက အဖြေလွှာကို ခြစ်ပစ်တယ်ဆိုတာကတော့ သူမှန်းထားတဲ့အမှတ် သူရည်ရွယ်ထားတဲ့လိုင်း မဝင်လို့ပဲ။ ဒုတိယ အမျိုးအစားကျောင်းသားကတော့ ရောင်တော်ပြန်နဲ့ ရောလွှတ်တာပဲ။ လူကြားကောင်းအောင် လူခွင့်လွှတ်အောင် လုပ်တာပဲ။ ခြစ်မပစ်လဲကျမှာပဲ။ ကျမှာအတူတူ ဒီနေ့ခေတ်စားနေတဲ့ ဒီနေ့ ဖက်ရှင်ဖြစ်နေတဲ့ ဒီနေ့ရောဂါထနေတဲ့နည်းနဲ့ ဂုဏ်သိက္ခာရှိရှိ ကျလိုက်တာပဲ။

ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ခြစ်ပစ်တာကိုတော့ သဘောမတူဘူး။ အန္တရာယ်ကြီးတယ်။ ကောင်းကျိုးထက် ဆိုးကျိုးကများတယ်။ **အစ်ကိုကြီးအမြင်** ယုံကြည်ချက်အတိုင်း ပြောရရင် **ဘုရင့်နောင်ရဲ့ နောင်ရိုးချောင်းတိုက်ပွဲ**ပုံစံပဲ။ **"သေမကြီးရှင်ရွှေထီး" "ကြောက်ရင်လွဲ ရဲမင်းဖြစ်"**ဆိုတဲ့ စကားတွေအတိုင်း အပြတ်

လုပ်စေချင်တယ်။ စာမေးပွဲမတိုင်ခင်က စာမေးပွဲအတွက် အကောင်းဆုံး ကြိုးစားမယ်၊ အကောင်းဆုံးပြင်ဆင်ထားမယ်။ စာမေးပွဲ ခန်းထဲရောက်မှတော့ နောင်တ ရမနေတော့ဘူး။ အကောင်းဆုံးဖြစ်အောင်ဖြေမှာပဲ။ ကိုင်း-ခြစ်ပစ်ပါပြီတဲ့ကွာ၊ နောင်နှစ်အတွက် ဘာတွေများ အာမခံချက် ရှိလို့လဲ။ နောင်နှစ်မှာ ကော အခုနှစ်အဖြစ်မျိုးနဲ့ မကြုံနိုင်ဘူးလား။ မင်းရဲ့ကျန်းမာရေးကရော နောက်နှစ်စာမေးပွဲဖြေချိန်မှာ ကောင်းပါမယ်လို့ ဘယ်သူ အာမ ခံနိုင်မလဲ။ မင်းစိတ်ကိုကော မင်းနိုင်သလား။ အစိုးရသလား။ အဲဒီ အချိန်မှာ မင်းစိတ်တွေ ပြောင်းသွားရင် မင်းစိတ်တွေ လေနေရင် မင်း ဘယ်လိုလုပ်မလဲ။ ပညာရေးစနစ် ပြောင်းသွားရင်ရော-အိုကွာ ပြောရယင်တော့အများကြီးပါပဲ။

မှန်းချက်မကိုက်ရင် ခြစ်ပစ်မယ်ဆိုတဲ့ စိတ်ရှုးစိတ်မိုက် ရှိနေ တာကိုက မကောင်းဘူး။ ဒီစိတ်ဓါတ်ဟာ မင်းရဲ့ဇွဲ လုံ့လ၊ဝိရိယ၊ ကြိုးစားမှု အားမာန်တွေကို လျှော့နည်းစေတယ်။ ဖျက်ဆီးပစ်တယ်။ ပြဿနာတစ်ခု အခက်အခဲတစ်ခုကိုလည်း ကြိုးကြိုးစားစား မဖြေ ရှင်းချင်တော့ဘူး။ ရင်မဆိုင်ချင်တော့ဘူး။ အလွယ်တကူပဲ အလျှော့ ပေးလိုက်ချင်တယ်။ ဒါတွေဟာ မင်းအတွက် ကြီးမားတဲ့ ဆုံးရှုံးမှု တွေပဲ။

ညီ-ညီမလေးတို့အရွယ်မှာ နာတာရှည်ရောဂါရှိလို့ ဒါမှ မဟုတ်အင်္ဂါချို့ယွင်းနေလို့ စိတ်ဓါတ်ကျနေတဲ့သူတွေလည်း စိတ် အားငယ် စိတ်ဓါတ်ကျစရာမလိုပါဘူး။ ပညာသင်ခွင့်ရတာကိုက

မွန်မြတ်တဲ့ အခွင့်အရေးတစ်ခုပဲ။ "ပညာနဲ့တူတဲ့ ကောင်းမြတ်သော အရာသည် လောကဌမရှိဘူး" လို့ အစ်ကိုကြီး ဆိုခဲ့ပြီးပြီမဟုတ်လား။

ကမ္ဘာကျော် ပြောက်ကြားခေါင်းဆောင် အာဂျင်တီးနား ပြည်သား "ချေဂွေဗားရား " အကြောင်းကို မင်းကြားဘူးမှာပေါ့။ "ချေ" ဟာ ၂-နှစ်သားအရွယ်မှာ ပန်းနာရောဂါ စွဲကပ်ခဲ့တယ်။ ဒီရောဂါကြောင့် (၈)နှစ်သားအရွယ်မှ ကျောင်းစနေရတယ်။ ဒါပေမယ့် ကျောင်းမှန်မှန်မတက်နိုင်ရှာဘူး။ သူ့ညီငယ် ညီမငယ် လေးတွေဆီက ကျောင်းက သင်ပေးလိုက်တဲ့စာကို ကူးပြီးအိမ်မှာ ကျက်ရတယ်။ အသက်ကြီးလာတော့ အဆုပ်တခြမ်း မကောင်းတော့ပဲ လှီးထုတ်လိုက်ရတယ်။ အံ့သြဖို့ကောင်းတာက အဲဒီဒုက္ခိတ နာတာ ရှည်ရောဂါသည်လေး "ချေ" ဟာ သူများတွေ ၇-နှစ်နဲ့ ယူရတဲ့ ဆရာဝန်ဘွဲ့ကို (၃)နှစ်နဲ့ရအောင် ယူတယ်။ ဒီထက်ပိုပြီး အံ့သြဖို့ ကောင်းတာက ပြောက်ကျားခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ ကမ္ဘာကို ကိုင်လှုပ်ခဲ့တာပဲ။

နောက်ထပ်ဖြစ်ရပ်တစ်ခု မင်းကိုပြောရအုံးမယ်။ အမေရိကန် ပြည်က အသက် ၂၇-နှစ်သာ ရှိသေးတဲ့ DAVID HARTMAN ဆိုတဲ့ မျက်မမြင်၊ လူငယ်လေး တစ်ယောက်ဟာ ပါရဂူဆရာဝန်ဘွဲ့ ကို ရသွားတယ်။ နှစ်တစ်ရာအတွင်းမှာ ပထမဆုံး ပါရဂူဘွဲ့ကိုရတဲ့ မျက်မမြင် ဒုက္ခိတပဲကွ။

နောက်ပြီး အံ့သြစရာတစ်ခုက ကမ္ဘာ့ဂီတဖခင် သံစဉ် ဆရာကြီး "ဗီသိုဗင်ဟာ" နား အလွန်လေးတဲ့သူ တစ်ယောက် ဖြစ်နေတာပါပဲ။

အားနည်းချက်ကြောင့် ဖွဲ့မရှိ စိတ်ဓါတ်ကျနေမယ်ဆိုရင် သူတို့ ကမ္ဘာကျော်တွေ ဘယ်ဖြစ်လာပါ့မလဲ။

*အလီဟာ အလီ၊ ပီလီဟာ ပီလီ*
*ကျော်ဟိန်းဟာ ကျော်ဟိန်း၊ မင်းဟာ မင်းပဲ*

(Jack of all trades master of none.) ဆိုတာ "ယောင်ခြောက်ဆယ်သမား တစ်ယောက်ဟာ ထူးချွန်သူ တစ်ယောက် မဖြစ်နိုင်ဘူး" လို့ဆိုတယ်ကွ။

အမေရိကန်တိုင်းပြည်က ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယန် "မိုဟာမက်အလီဟာ" ဂီတသမားယောင်ယောင်၊ ဘောလုံးသမား ယောင်ယောင်၊ နပန်းသမားယောင်ယောင်နဲ့ ယောင်ခြောက်ဆယ် သမား တစ်ယောက်ဆိုရင် ဒီနေ့ ကမ္ဘာ့လက်ဝှေ့ချံပီယံ တစ်ယောက် ဖြစ်မလာနိုင်ဘူး။

ပုလဲနက်လို့ ကမ္ဘာကျော်ခဲ့တဲ့ ဘရာဇီးပြည်က ကမ္ဘာ့ဘောလုံး ဘုရင် "ပီလီ" ဟာလဲ ယောင်ခြောက်ဆယ်သမား တစ်ယောက်သာ ဆိုရင် ကမ္ဘာ့အတော်ဆုံး၊ အကောင်းဆုံး ဘောလုံးသမား တစ်ယောက် ဖြစ်မလာနိုင်ဘူး။ လိုရင်းကတော့ အလီဟာ ပီလီဖြစ်မလာနိုင်ဘူး။ ပီလီဟာလဲ အလီဖြစ်မလာနိုင်ဘူး။ ဒီလိုပဲ ကျော်ဟိန်းဟာ ကျော်ဟိန်း မင်းဟာမင်းပါပဲကွာ၊ တစ်လိုင်းသွား တစ်လမ်းသွား အားသန်ရာ တစ်ခုခုကို အပြတ်ထူးချွန်အောင် လုပ်ရင် မင်းလဲ အောင်မြင်ထွန်းပေါက် ကျော်ကြားတဲ့သူ တစ်ယောက် ဖြစ်လာမှာ အမှန်ပဲ။

မင်းနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ကိစ္စဟာမင်းအတွက် အဓိကပဲ။ အဲဒါကို မင်းထူးချွန်အောင် ကြိုးစားရမယ်။

## ကြိုးစားရင်အောင်မြင်တယ် ဆိုသော်ငြား

ကြိုးစားရင် အောင်မြင်တယ်ဆိုတဲ့ စကားဟာရာနှုန်းပြည့် မမှန်ဘူးကွ။ ကြိုးစားနည်း မှားနေရင် အောင်မြင်သင့်သလောက် မအောင်မြင်ဘူး။ ကြိုးစားတဲ့နေရာမှာ စံနစ်ကျဘို့လိုတယ်။ နည်းလမ်းမှန်ဘို့လိုတယ်။ စနစ်ကျမှ နည်းလမ်းမှန်မှထိရောက်မယ်။ ရာနှုန်းပြည့်အောင်မြင်မယ်။ စနစ်မကျရင် နည်းလမ်းမကျရင် မထိရောက်တဲ့အပြင် အိပ်ရေးပျက်ယုံပဲ အဖတ်တင်မယ်။

## စာကို ဘယ်လိုကျက်မလဲ

စာမေးပွဲဆိုတာ လက်နဲ့ဖြေရတာ။ အဲဒီတော့ မင်းစာကျက် ယင်လက်နဲ့ ကျက်ရမယ်။ ဝတ္ထုဖတ်သလို ကာတွန်းဖတ်သလို မျက်စိနဲ့သာ ဖတ်သွားလို့မရဘူး။ လက်က အဓိကပါနေရမယ်။ ရေး-မှတ်-တွက်-ချက်ရမယ်။ ပုံတွေဆွဲနေရမယ်။

ရူပဗေဒနိယာမ တွေကို အလွတ်ရေးတတ်သည်အထိ ရေးကျက် ကျက်ထားရမယ်။ သဘောလည်း ကောင်းကောင်း ပေါက်နေရမယ်။ နိယာမတွေကို သဘောမပေါက်ပဲ အလွတ်ရနေရုံနဲ့ စိတ်မချရတော့ဘူး သတ်မှတ်ချက်တွေ ပုံသေနည်းတွေလည်း တကယ်ပိုင်နေရမယ်။ ပုံတွေကိုလည်း အလွတ်ဆွဲနိုင်ရမယ်။

ဇီဝဗေဒမှာ ပုံဟာ အဓိကပဲ။ ပုံဆွဲကို သီးသန့်လေ့လာထား ရမယ်။ မေးခွန်းတစ်ပုဒ်စီအတွက် ပေးထားတဲ့အမှတ်ရဲ့ တစ်ဝက် လောက် ပတ်ဝန်းကျင်ဟာ ပုံအတွက်ပဲ။ ပုံမှာအညွှန်း တစ်ခုအတွက် ဘယ်နှစ်မှတ်ဆိုတာ သတ်မှတ်ထားတယ်။ အညွှန်းမကျန်ဘို့ မမှားဘို့ကို သတိထားရမယ်။

ဓာတုဗေဒဘာသာရပ်ကို လေ့လာရာမှာလည်း နိယာမတွေ သတ်မှတ်ချက်တွေ ဓါတ်ပြုညီမျှခြင်းတွေကို အလွတ် ရေးချနိုင်သည် အထိ ရေးကျက်ရမယ်။ ဓါတ်ငွေ့ထုတ်ဖော်ပုံ မေးခွန်းကိုဖြေရာမှာ ပုံမှားရင်ဖြစ်စေ၊ ဓါတ်ငွေ့ထုတ်ဖေါ်တဲ့ ညီမျှခြင်းမှားရင်ဖြစ်စေ၊ တစ်မှတ်မှ မရတော့ဘူး အဲဒီအပုဒ်ကို စစ်မပေးတော့ဘူး။

သင်္ချာက ဂျီဩမေတြီမှာ မေးလေ့မေးထ ရှိတာကတော့ သီအိုရမ်ကို ပေးထားပြီး သက်သေပြခိုင်းတယ်။ တချို့သီအိုရမ်တွေ ကျတော့ တစ်ခါတစ်ရံ ပုဒ်ရင်းသီအိုရမ်ကိုပါ ရေးခိုင်းတယ်။

တြီဂိုနိုမေတြီ မှာလည်း တြိဂံတစ်ခု၏ ဆိုင်းနည်း(Sine)၊ ကိုဆိုင်းနည်း(Cosine)၊ တန်းဂျင့်နည်း(Tangent)တို့ကို ရေးပြ ပြီးလျှင် မှန်ကန်ကြောင်း သက်သေပြပါလို့ မေးတတ်တယ်။ အဲဒီ တော့ ဒီသီအိုရမ်တွေ ဒီနည်းတွေကို ရေးကျက်ထားရမယ်။

အင်္ဂလိပ်စာ/မြန်မာစာ ဖြေရာမှာလည်း (Spelling) မှန်ဘို့ သတ်ပုံမှန်ဘို့က အလွန်အရေးကြီးတယ်။ ဒီတော့ရေးကျက်ဘို့လို တာပဲ။ စာဖတ်ရင်း စာကျက်ရင်းလဲ မသက်တဲ့ (Spelling) တွေ သတ်ပုံတွေကိုရေးကြည့် နေရမယ်။

အချုပ်ကို ပြောရရင်ကွာ စာကိုဖတ်ကျက်သလို ရေးပြီး

တော့လဲ ကျက်ရမယ်။ စာကျက်တဲ့အခါ လက်ထဲမှာ ဖောင်တိန် သို့မဟုတ် ခဲတံအသင့်ရှိနေရမယ်။ ကျောင်းသားတစ်ယောက်ဟာ ဒီလိုကျက်ပါမှလည်း ကျောင်းသားနဲ့တူမယ်။ ကျက်သရေရှိမယ်။ လေးနက်မယ်။ စေ့စပ်သေချာမယ်။ တိကျမယ်။ ထူးထူးချွန်ချွန် အောင်မြင်နိုင်မယ်။

ကမ္ဘာကျော် Essay ဆရာကြီး ဖရာဘတ်ဘေတွန် က ပြောဘူးတယ်။ "စာဖတ်ခြင်းသည် လူတစ်ယောက်ကို ပြည့်ဝစေပြီး စကားပြောခြင်းသည် အဆင်သင့်ဖြစ်စေ၍ စာရေးခြင်းသည် တိကျစေသည်" လို့။

စာကို ရေးမကျက်ပဲ ကာတွန်းစာအုပ် ဝတ္ထုစာအုပ် ဖတ်သလို ဖတ်နေလို့ကတော့ ကျောင်းသားတစ်ယောက်နဲ့မတူဘူး အပျင်းကြီးတဲ့ ဈေးသည်မတစ်ယောက်နဲ့ပဲ တူမယ်။ လောကဓမ္မတာ အရ ဒီအရွယ်ကျောင်းနေမယ်ဆိုတဲ့အသိနဲ့သာ ပါတ်ဝန်းကျင်ရဲ့ ဖိအားကို မလွန်ဆန်နိုင်လို့ နေတာ။ ပါတ်ဝန်းကျင်ရဲ့ မေးငေါ့မှာ၊ လက်ညှိုး ထိုးမှာကို ကြောက်လို့နေတာ။ ကျောင်းနေခြင်းရဲ့ ရည်ရွယ်ချက် သူ့မှာ နည်းနည်းလေးမှကို မရှိဘူး။ အလကားပဲ။ အပိုပဲ။ မိဘမှာ သိက္ခာကျတယ်။ ငွေကုန်တယ်။ တိုင်းပြည်အတွက်လဲ ဝန်ထုတ်ဝန်ပိုး ဖြစ်တယ်။

## သူတို့နှစ်ယောက်

ကျောင်းသားနှစ်ယောက်ဟာ စာကြိုးစားတာချင်းတူရင် စာကို ရေးကျက်တဲ့ ကျောင်းသားနဲ့ ရေးမကျက်တဲ့ ကျောင်းသားဟာ

အမှတ်ရတဲ့နေရာမှာ သိပ်ကွာတယ်။ ရေးကျက်ထားရင် စာမေးပွဲ ဖြေရာမှာ မြန်တယ်။ မှန်တယ် တိကျတယ်။ ဒါကြောင့် အမှတ်ပြည့် နိုင်တယ်။ ဂုဏ်ထူးထွက်နိုင်တယ်။ စာကိုရေးကျက်မထားရင် စာမေးပွဲဖြေရာမှာ မမြန်ဘူး။ မှန်တယ်။ မှားတယ်ဆိုတာ မသေချာ ဘူး။ ကိုယ်ကိုယ်တိုင် မှားမှန်း မှန်မှန်းမသိလိုက်ဘူး။ မတိကျဘူး။ ဒါကြောင့် မင်းစွဲစွဲမြဲမြဲမှတ်ထားကွ။ စာကို ရေးမကျက်ပဲနဲ့ ဂုဏ်ထူး မထွက်နိုင်ဘူးဆိုတာ။

**မင်းကျက်ရမဲ့ စာကျက်ချိန်**

မင်းဘယ်အချိန်စာကျက်ပါလို့ အစ်ကိုကြီးအနေနဲ့ သတ်မှတ် ချက်မပေးလိုဘူး။ ဘယ်သူတွေ ဘယ်အချိန် စာကျက် တယ်ဆိုတာ လဲ မင်းအလုပ်မဟုတ်ပါဘူး။ မင်းနဲ့မဆိုင်ပါဘူး။ မင်းအတွက် အရေးမကြီးပါဘူး။ အရေးကြီးတာက မင်းစာကျက်ဖြစ်ဘို့ပဲ။ တစ်နေ့ ဘယ်နှစ်နာရီ စာကျက်ရမလဲဆိုတာကလည်း အကြောင်းအရာ အချက်အလက် မြောက်များစွာအပေါ်မှာ တည်နေတာကြောင့် ကျောင်းသားတစ်ယောက်အတွက် သတ်မှတ်ပေးလို့မရပါဘူး။ ယေဘူယျပြောလို့ရတာ တစ်ခုတော့ရှိနေတယ်။ စာဆိုတာ စိတ်ပါ နေရင် ကျက်နိုင်လေကောင်းလေပဲကွ။ မင်းရဲ့ စာကျက်နိုင်တဲ့ အင်အားကို လိုက်ပြီး သာမန်အောင်တဲ့ အဆင့်ကနေ တပြည်လုံး ပထမရနိုင်တဲ့ အဆင့်အထိပြောင်းအလဲ ရှိနိုင်တာပဲ။ ကျောင်း ပိတ်ရက်တွေမှာဆိုရင် မင်းစာကျက်ချိန်ဟာ တစ်ရက် အနည်းဆုံး ၁၀-နာရီ ရှိသင့်တာပေါ့။ ဒီလောက် အပြိုင်အဆိုင် ပေါ်တဲ့ ကာလမှာ

ဒီလောက်စာကျက်နိုင်မှလည်း လူရာဝင်ရှုရှိမှာ။ ကျောင်းဖွင့်တဲ့ရက်တွေမှာတော့ အနည်းဆုံး (၄)နာရီရှိသင့်တာပေါ့။ (၄)နာရီဆိုတာ တဆက်တည်းကိုဆိုလိုတာ မဟုတ်ပါဘူး။ တဆက်တည်း ကျက်ချိန်ရတယ်၊ ကျက်ချင်တယ်ဆိုလည်း ကျက်ပေါ့။ ကျက်ချိန်မရဘူးဆိုရင်တော့ မနက်၊ နေ့လည်၊ ည မင်းအတွက် အဆင်ပြေသလို အချိန် ရသလို အခွင့်အရေးပေးသလို ခွဲကြည့်ပေါ့ကွာ။ အချိန်က ယူတတ်ရင် ရပါတယ်။ မင်းကိုယ်ကို **ပြန်ဆန်းစစ်ကြည့်**။ မေးကြည့်ပါလား။ အချိန်ကိုအဓိပ္ပါယ်**မရှိ ဖြုန်းပစ်**နေတာတွေ ရှိ/မရှိ။ မှချရှိမှာပဲ။ အဲဒီအချိန်တွေကို **အဓိပ္ပါယ်ရှိရှိ** အသုံးချပေါ့။

***မင်းစာကျက်စားပွဲဟာ မင်းတစ်ခွာ***

စာကြည့်စားပွဲမှာ **ဖေးဝိုင်မနေသင့်ဘူး**။ အချိန်ဟာတန်ဖိုးသိပ်ရှိတယ်။ အအောင်/**အရှုံးကို** အဆုံးအဖြတ်ပေးရာမှာ အချိန်ဟာ အဓိက နေရာကပါတယ်။ အခြေအနေအရပ်ရပ်သာ တူမယ်ဆိုရင် **အအောင်/အရှုံး အဆုံးအဖြတ်ပေးတာ အချိန်ပဲ**။ ရှုံးတယ်ဆိုတာ အချိန်မလုံလောက်လို့ ရှုံးတာပဲ။

စာကျက်စားပွဲကို တတ်နိုင်သမျှ စောစောထိုင်၊ တက်တက်ကြွကြွထိထိမိမိ စိတ်ပါလက်ပါနဲ့ သဲသဲမဲမဲကျက်ပါ။ တောင်လိုလိုမြောက်လိုလိုနဲ့ အချိန်မဖြုန်းနဲ့။ နာရီဝက်တစ်နာရီကြာမှ စာလေးကြောင်း ငါးကြောင်းလောက် ကျက်တာမျိုး ရေးတာမျိုး မလုပ်ပါနဲ့။ ဝတ္ထုတွေ ကာတွန်းတွေကိုလည်း ဖတ်မနေနဲ့ပေါ့။ ဒီနေရာဟာ ဝတ္ထု ကာတွန်း ဖပ်နေရမယ့် နေရာမဟုတ်ပါဘူး။ ဒီအချိန်ဟာ ဝတ္ထု ကာတွန်း ဖတ်ရမဲ့ အချိန်မဟုတ်ဘူး။

တချို့ကတော့ စာကို ညဥ့်နက်ခံပြီး ၁၂-နာရီ ၁-ချက် အထိတော့ ကျက်ပါရဲ့၊ ဒါပေမယ့် စာကျက်စားပွဲထိုင်တဲ့ အချိန်ဟာ နောက်ကျတယ်။ ၁၀-နာရီ ၁၁-နာရီမှ စထိုင်တယ်ဆိုရင် စာကျက် ချိန် သိပ်နည်းသွားပြီ။ တစ်နာရီ၊ နှစ်နာရီလောက်ပဲ ရှိတော့တယ်။ (Those who are habitually behind time and habitually behind success.)တဲ့။ "အချိန်နောက်ကျတဲ့သူဟာ အောင်မြင်မှုလဲ နောက်ကျမယ်" လို့ ဆိုတာပဲ။

တစ်ချို့ကလည်း ဘယ်နှစ်နာရီ အထိ စာကျက်တယ်။ တစ်ညလုံးထိုင်တယ် စသည်ဖြင့်ပေါ့လေ။ စံချိန်ယူချင်လို့ဖြစ်စေ၊ အချင်းချင်း ကြွားချင်လို့ဖြစ်စေ၊ ဂုဏ်ယူချင်လို့ဖြစ်စေ၊ အုပ်ထိန်းသူ တစ်ယောက်ယောက်ကို ကြောက်လို့ဖြစ်စေ၊ အားနာလို့ဖြစ်စေ၊ စာထဲစိတ်မပါပဲနဲ့ အိပ်ရေးပျက်ခံပြီး ညဥ့်နက်ခံနေတာမျိုးတွေ ရှိတယ်။ စာထဲစိတ်ပါလို့ မိုးလင်းသွားတာမျိုး ဆိုရင် ဘာမှမပြော ပါဘူး။ အခုတော့ ဖိနပ်တရှပ်ရှပ်၊ လှုပ်စိလှုပ်စိနဲ့ လဘက်သုတ် စားသလို၊ ကော်ဖီ ဖျော်သောက်သလိုနဲ့ စာကိုတော့ ဟုတ်တိပတ်တိ မကျက်ပဲနဲ့ သက်သက်မဲ့ အချိန်တွေ ဖြုန်းပစ်နေတာ။

ပြီးတော့ တစ်ညလောက် ညဥ့်နက်အောင်ကြည့်ပြီး ဆယ်ညလောက် အိပ်နေပြန်ရင်လည်း အလကားပဲ။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ။ တစ်နှစ်လုံးမှန်မှန်ကျက်တာဟာ အကောင်းဆုံးပဲ။ "အမှန်ကို အမြန်နဲ့ လိုက်လို့ မမီနိုင်ဘူး" ဆိုတဲ့ စကားတွေရှိတယ်ကွ။

## (၁၅)မိနစ်မှ (၇၅)နာရီသို့

ကျောင်းသားတစ်ယောက်ဟာ တစ်ခြားတစ်ယောက်ထက် တစ်ရက် ၁၅-မိနစ်ပဲ စာကိုပိုကျက်တယ်ထားဦး။ စာသင်ချိန် ၁၀-လ အတွင်းမှာဆိုရင် ဘယ်လောက်ပိုပြီး ကျက်ဖြစ်သွားမလဲ။ ၇၅-နာရီ ပိုပြီးကျက်ဖြစ်သွားမယ်။ ကျောင်းသားနှစ်ယောက်ဟာ ကွာချင်တိုင်း ကွာသွားပြီပေါ့။ တစ်နေ့ ၁၅-မိနစ်ဆိုတဲ့ အချိန်ကလေးကလည်း ယူတတ်ရင်လွယ်ပါတယ်။ ရပါတယ်။ မုန့်စားကျောင်းဆင်းချိန်၊ ထမင်းစားကျောင်းဆင်းချိန်၊ ဆရာ မလာတဲ့ အချိန်တွေမှာ သူများတွေ စကားဟိုပြော ဒီပြော၊ ဟိုသွားဒီသွား ဟိုယောင် ဒီယောင်ဖြစ်နေတဲ့ အချိန်တွေမှာ လုပ်စရာအိမ်စာ ရှိနေတာကို ပြီးသလောက် လုပ်လိုက်ပေါ့။ လုပ်စရာ အိမ်စာမရှိရင်လဲ ကျက်လက်စ စာတစ်ခုခု တွက်လက်စ ပုစ္ဆာတစ်ခုခု အခန်းတခုခုကို ဆက်ကျက် ဆက်တွက်ပေါ့။

## မင်းညံ့လို့ သူတော်တာ

မင်းက ၅-မိနစ်၊ ၁၀-မိနစ်လောက် အားတဲ့အချိန်လေးကို မဖြစ်လောက်ဘူး။ မထိရောက်ဘူးထင်ပြီး စာမကျက်တတ်ဘူးလား။ ကိုင်း-ဒီလိုဆိုရင် သူကတော့ဘာလို့ ကျက်တတ်သလဲ။ သူ့အတွက် ကတော့ ဖြစ်လောက်လို့ပေါ့။ ထိရောက်တယ်။ ပြောပလောက် တယ်။ ဘာကြောင့်လို့ မင်းထင်လဲ။

သူ့မှာ လုပ်လက်စအလုပ်တွေ ပါလာတယ်။ ရှိနေတယ်။ မင်းမှာက လုပ်လက်စ အလုပ်တွေမရှိဘူး။ သူကပါလာတော့၊ ရှိနေတော့ ဆက်လုပ်တယ်။ မင်းကမရှိတော့ မလုပ်ဘူး။

ဥပမာ-သင်္ချာအခန်း တစ်ခန်းမှာရှိတဲ့ လေ့ကျင့်ခန်း ပုစ္ဆာတွေတွက်နေတာ နံပါတ် ၁၄-အထိပြီးနေပြီဆိုပါစို့။ နံပါတ်က ၂၀-အထိ ရှိတယ်ဆိုရင် တခန်းလုံးတွက်ပြီးဖို့က ၆-ပုဒ်ပဲ ကျန်တော့တယ်။ ဒီ ၆-ပုဒ် တွက်စရာကျန်နေသေးတယ်ဆိုတာ သူ့ဦးနှောက်ထဲမှာ ရှိနေတယ်။ အချိန်နဲနဲလေး အားတာနဲ့ သူကောက်တွက်တော့တာပါပဲ။ တစ်ပုဒ်ပြီးတယ်ဆို နည်းလား။ အဲဒီတော့ မင်းလဲ သူ့လိုလုပ်ပေါ့။ ရောက်တဲ့နေရာမှာ တွက်လက်စတွေကို ဆက်တွက်၊ ကျက်လက်စတွေကို ဆက်ကျက်။ လောကမှာ ကြီးကျယ်တာမှန်သမျှဟာ သေးငယ်တာက စတယ်ဆိုတာ မမေ့နဲ့။ သေးငယ်တာကို အလေးမထားသူဟာ ကြီးကျယ်တာကို ဆုံးရှုံးတတ်တယ်။ ဒါကြောင့် ၅-မိနစ်၊ ၁၀-မိနစ်ကို အလေး မထားသူဟာ ကြီးကျယ်တာကို ဆုံးရှုံးတတ်တယ်။ ဒါကြောင့် ၅-မိနစ် ၁၀-မိနစ်ကို အလေးထားပါ။ တကယ်တော့ သူကကြိုးစားပုံလဲ တော်၊ စာလဲတော် မင်းကကြိုးစားပုံလည်း ညံ့၊ စာလဲ ညံ့ဆိုရင်၊ အမှတ် ၁၀၀-ဖိုးအတွက် ဒီစာကိုပဲ ဒီဆရာနဲ့ အတူတူသင်နေကြရတယ် ဆိုရင် မင်းညံ့လို့ကို သူတော်နေရတယ်ဆိုတာ ရှင်းနေတာပဲ။

***စာကျက်ဖို့ပျင်းနေရင် ဒါတွေကို သတိရပါ။***

**(၁) အမ်စီလား၊ ဝိုင်အိုင်တီလား**

မင်းစာမေးပွဲရှုံးမလား၊ အောင်မလား၊ အမ်စီလား၊ ဝိုင်အိုင်တီလား ဆိုတာ အခုမင်းဘာလုပ်နေတယ်ဆိုတဲ့ အပေါ်မှာ လုံးဝတည်နေတယ်။ မင်းစိုက်တဲ့ ကောက်ပင်ကို မင်းရိတ်ရမယ်။ ဒါကြောင့် အခြေခံပညာအထက်တန်း စာမေးပွဲဟာ မင်းဘဝ အတွက် အရေးကြီးတဲ့လှေကားတစ်ထစ်၊ ဒါကြောင့် မင်းမှာရှိသမျှ အင်အားကို အသုံးပြုရမယ်။

**(၂) ပန်းတိုင်မတူတဲ့ ခရီးသည်ကြီးများ**

ကားမှတ်တိုင် (ကားဂိတ်) မီးရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်တို့မှာ စုပြုံနေကြတဲ့ ခရီးသည်တွေကို မင်းတို့မြင်ဘူးမှာပေါ့။ သူတို့အားလုံးဟာ စီးမယ့်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံခြင်း မတူကြဘူးကွ။ တူကြသည့်တိုင်အောင် ဆင်းမဲ့နေရာက မတူကြဘူး။ မင်းတို့တတွေဟာလဲ အဲဒီခရီးသည်တွေလိုပဲ။ ၁၀-တန်းဆိုတဲ့ မှတ်တိုင် (ဘူတာ/သင်္ဘောဆိပ်/လေဆိပ်) တစ်ခုတည်းက ကိုယ်နဲ့ သက်ဆိုင်တဲ့ကား၊ ရထား၊ သင်္ဘော၊ လေယျာဉ်ပျံတွေကို စောင့်နေကြတာပဲ။ ဆင်းမဲ့နေရာချင်းတော့ မတူကြဘူး။ တချို့က (Y.U)၊ တချို့က (M..C)၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တချို့က (Y.I.T) မှာ ဆင်းကြမှာပဲ။ မင်းဘယ်မှာ ဆင်းမလဲ။ ဒီအဖြေကိုတော့ မင်းအသိဆုံးပဲ။ တစ်နှစ်လုံး ဟိတ်ကြီးဟန်ကြီးနဲ့ နေခဲ့သမျှ မိဘဆရာ၊ သူငယ်ချင်း၊ ပတ်ဝန်းကျင်အပေါ် ညာခဲ့သမျှ ဒီတစ်ခါ အဖြေမှန်ပေါ်မှာပဲ။

(၃) ရှုံးကတ်ရင် ရှက်စရာ

စာမေးပွဲ(Result)တွေ ထွက်ချိန်ကို မှန်းဆပြီး တွေးကြည့်စမ်း၊ ကျောင်းမှာ အတူတူတက်ခဲ့တဲ့ သူငယ်ချင်းတွေ သွားအတူလာအတူ မခွဲပဲနဲ့ တတွဲတွဲနေခဲ့တဲ့ သူငယ်ချင်းတွေ ကောင်းတူဆိုးဖက် တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းတွေ မင်းနဲ့ တစ်ရပ်ကွက်တည်း တစ်လမ်းတည်း၊ အိမ်နီးနားချင်း တစ်အိမ်တည်းသားချင်း ၁၀-တန်း ကျောင်းသားချင်း ညီအစ်ကို မောင်နှမ သူငယ်ချင်းတွေကို အမြဲသတိရနေစမ်းကွာ။ သူတို့က အောင်ပြီး၊ မင်းများကျနေခဲ့ရင် ဘယ်လောက်များ ရှက်ဖို့ကောင်းလိုက်မလဲလို့။ မင်းတင်မကဘူး။ မင်းမိဘတွေပါ အရှက်ကွဲရမဲ့ကိန်းပဲ။ မင်းအတွက်နဲ့ မင်းမိဘကို အရှက်မကွဲစေချင်ရင် မျက်နှာပမ်း လှစေချင်ရင် မျက်နှာပွင့်စေချင်ရင် မင်းစာကျက်ရမယ်။ စာမေးပွဲတိုင်း အောင်မှကို ဖြစ်မယ်။

(၄) မင်းအမေနဲ့ သူ့အမေ

တကယ်လို့များ မတော်တဆ သူကအောင်ပြီး မင်းက ကျနေခဲ့ရင်၊ သူ့အမေဟာ လူအစည်ကားဆုံး အချိန်မှန်းပြီးဈေးကို သွားမယ်။ လမ်းတွေ့သမျှလူတွေ (နီးနီးဝေးဝေး) နှုတ်ဆက် သွားမယ်။ စကားမစပ်ဆိုပြီး သူ့သားသူ့သမီး ၁၀မေးပွဲကို ဂုဏ်ထူးတွေနဲ့ အောင်တယ်ဆိုတဲ့ အကြောင်း ပြောသွားမယ်။ လူအစည်ကားဆုံး ဈေးတံခါးမကြီးက ဝင်မယ်။ ဝယ်ဝယ် မဝယ်ဝယ် ဈေးအနှံ့ လျှောက်သွားမယ်။ မျက်နှာ တန်းမိသူလောက်ကစပြီး အားလုံးကို နှုတ်ဆက်မယ်။ ပြီးတော့ စကားမစပ်ဆိုပြီး သူပြောတော့မယ်။ သူ့အမေ

မျက်နှာဟာ သိန်းဆုကြီးတွေ အားလုံးစုပုံပြီး ပေါက်ထားတဲ့ မျက်နှာမျိုးနဲ့ သိပ်ကို မျက်နှာပန်း လှနေလိမ့်မယ်။

တို့အမေကျတော့ ဈေးကွဲချိန်လောက်မှ သွားရရှာမယ်။ အသိတွေနဲ့ မတွေ့နိုင်မဲ့ လမ်းကြိုးလမ်းကြား၊ လမ်းကျဉ်း လမ်းမြောင်လေးတွေက ကွေ့ပါတ်ပြီး သွားရရှာမယ်။ မတော်တဆအသိနဲ့တွေ့ရင် မမြင်နိုင်အောင် နှုတ်မဆက်ရအောင် မျက်နှာကိုငုံ့၊ မျက်လွှာကို ချထားရရှာမယ်။ ဈေးကို နောက်ဖေးပေါက်က ဝင်ပြီး အနီးဆုံးဆိုင်က ရရာကို အမြန်ဆုံးဝယ်လို့ ကဗျာကယာ လှည့်ပြန်ရရှာမယ်။ ဘယ်လောက်များ ရင်နာစရာ ကောင်းပြီး၊ ဘယ်လောက်များ သနားစရာ ကောင်းလိုက်မလဲ။ တို့အမေ ဒီလိုဖြစ်ရတာ တို့ကြောင့်၊ ဒီအချိန်မှာ အမေဟာ စက်ရုပ်ကြီး တစ်ရုပ်လို လှုပ်ရှားနေပေမဲ့ လူနဲ့စိတ်က တခြားစီပဲ။ ဒါ့ကြောင့် အမေ့ကိုသနားရင်၊ အမေ့အတွက် စာကြိုးစားပေ့ါ။

## (၅) မင်းဟာ လူလား ဘာလဲ

နောက်လာမဲ့ ၁၀-နှစ် ၁၅-နှစ်လောက်မှာ မင်းဘာဖြစ်မလဲဆိုတာ- အခု မင်း ဘာလုပ်နေသလဲဆိုတဲ့ အပေါ်မှာ အများကြီးတည်နေတယ်။ ဒီစာမေးပွဲဟာ တစ်စိတ်တစ်ဒေသအားဖြင့် မင်းဘဝကို အဆုံးအဖြတ်ပေးမဲ့ စာမေးပွဲပဲ။ ဒီစာမေးပွဲက ရွေးချယ်ပေးလိုက်တဲ့ ဘဝလမ်းခရီးကို မင်းလျှောက်ရမှာပဲ။ ဒါကြောင့်ဒီစာမေးပွဲဟာ မင်းအတွက်သာမကဘူး။ မင်းရဲ့ မျိုးဆက်တွေအတွက်ပါ အရေးကြီးတယ်။ မီးကုန်ယမ်းကုန်ကြိုးစားပစ်ရမယ်။ ဒီတစ်ထစ်က ကျော်သွား

်ဒီလောက်ကြိုးစားဘို့မလိုတော့ဘူး။ ရေစီးကြောင်းလေး အတိုင်း
သာလေး မျှောလိုက်သွားရုံပဲ။ ဒါကြောင့် မင်းကြိုးစားရမယ်။
်းတစ်ဘဝလုံး သာယာဖြောင့်ဖြူးရေးအတွက် ဒီနှစ်၊ ဒီလ၊ ဒီရက်၊
ာရီတွေမှာ မင်းအစွမ်းကုန် ကြိုးစားရမယ်။

တန်ဖိုးရှိတဲ့အောင်မြင်မှုကို လိုချင်ယင် ကြိုးစားရမယ်။
န်ဖိုးရှိတဲ့ အောင်မြင်မှုကို ရဖို့အတွက် အတော်အတန် အအိပ်၊
စား၊ အပျက်ခံပြီး ကြိုးစားရတာချည့်ပဲ။ ဒီလိုမကြိုးစားပဲ မရောက်
ိုင်ဘူး။ အိပ်နေလို့တော့ မရောက်ဘူး။ ထိုင်နေလို့တော့ ဘာမှ
ဖြစ်နိုင်ဘူး။

## (၆)တော်တယ်ဆိုတာအလုပ် အလုပ်လုပ်ရင် တော်တာပဲ

ရည်ရွယ်ချက်ကို ကြီးကြီးထားကွာ။ ရည်ရွယ်ချက်ကြီးလေ
လေ အလုပ်များများ လုပ်လေလေပဲ။ အောင်ဖို့ ဂုဏ်ထူးရဖို့က
ိုအလုပ်လုပ်ရမယ်။ တစ်ဘာသာထက် နှစ်ဘာသာရဖို့က ပိုအလုပ်
လုပ်ရမယ်။ ဆင့်ကဲ ဆင့်ကဲပေါ့ကွာ။ တပြည်လုံးမှာ ပထမရဖို့ ဆိုရင်
ဒီတန်ဖိုးနဲ့ညီအောင် မင်းအလုပ်လုပ်ရမှာပဲ။

ဝမ်းသာလည်း အလုပ်လုပ်ရမယ်။ ဝမ်းနည်းလည်း
အလုပ်လုပ်ရမယ်။ အလုပ်ကိုတော့ အထိခိုက်မခံနဲ့။ ဒါမှထိပ်တန်း
ရောက်မယ်။ (Work is Worship.) "အလုပ်သည်သာ
ကိုးကွယ်ရာ" လို့မှတ်ယူပါ။

(၇) စာမေးပွဲအောင်ခြင်း (သို့) မိဘတို့ ကျေးဇူးဆပ်ခြင်း

မင်းဟာ ကျောင်းသား၊ ကျောင်းသားတစ်ယောက်အနေနဲ့ စာမေးပွဲအောင်ရင် တစ်စိပ်တစ်ဒေသအားဖြင့် မိဘကိုကျေးဇူးဆပ်ရာ ရောက်တာပဲ။ မိဘကို စိတ်ဆင်းရဲအောင် မလုပ်ရဘူး။ စိတ်ချမ်းသာအောင် လုပ်တယ်ဆိုရင် ကျေးဇူးဆပ်နေတာပါပဲ။ မင်းစာမေးပွဲအောင်တယ်ဆိုရင် တို့မိဘ စိတ်ချမ်းသာတာပေါ့ကွာ။

(၈) ကောင်းတဲ့ အပြုအမူ

(Example is better than precepts.) တဲ့ "ကောင်းတဲ့ အပြုအမူ တစ်ခုကို နမူနာအဖြစ် လုပ်ပြလိုက်တာဟာ အကြံဉာဏ်ပေးထာထက် ပိုကောင်းတယ်" တဲ့ကွ။

ကောင်းတဲ့အပြုအမူဟာ လေ့ကျင့်ယူရတယ်။ လူဆိုတာ မွေးကတည်းက အပြုအမူကောင်းတွေရရှိ ပိုင်ဆိုင်လာကြတာ မဟုတ်ဘူး။ အလွန်ပါရမီထူးသူ၊ တစ်ယောက်တစ်လေသာရတယ်။

အပြုအမူဟာ ကြာတော့ စရိုက်ဖြစ်လာတယ်။ အပြုအမူကောင်းတွေဟာ စရိုက်ကောင်းတွေဖြစ်လာတာပဲ။

အပြုအမူဆိုရာမှာ ဘက်စုံဂရုစိုက်ရမှာဖြစ်တယ်။ စားတာ၊ သောက်တာ၊ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ၊ လုပ်တာ၊ ကိုင်တာ၊ ဝတ်တာ နောက်ဆုံး ရယ်ပြုံးတဲ့ အပြုအမူကလေးတွေက အစ သတိထားရမယ်။

တို့မျှားမြတ်စွာဘုရားသခင်ဟာ ဘယ်တော့မှ ပါးစပ်ဟ မရယ်ဘူး။ ပြုံးရုံသာ ပြုံးတော်မူတယ်။

မင်းကသာ စာတော်နေရင် စာမေးပွဲတွေကို တစ်နှစ်တစ်တန်း ထူးထူးချွန်ချွန်အောင်မြင်နေတယ်ဆိုရင် မင်းရဲ့ ညီ-ညီမ ငယ်လေးတွေ တူ-တူမလေးတွေကို စာကြိုးစားဖို့ပြောစရာ သိပ်မလိုဘူး။ ပြောရယင်လဲ မင်းစကားဟာထိရောက်တယ်။ သူတို့က မင်းကို ရိုသေလေးစားကြမယ်။ မင်းကစပြီး မတော်ပဲနဲ့ သူတို့ကို စာကြိုးစားဖို့ သွားပြောယင် နားထောင်ချင်မှ နားထောင်မယ်။ (ခင်ဗျားကကော စာကြိုးစားလို့လား) လို့ ပြန်ပြောရင်တောင် ပြန်ပြောနေမှာ။

**(၉) မင်းရယ်၊ စာမေးပွဲရယ်၊ ၃-နာရီရယ်၊ တစ်နှစ်ရယ်၊ ထစ်ဘာဝရယ်၊**

မင်းတစ်နှစ်လုံးရေးခဲ့၊ ကျက်ခဲ့၊ တွက်ခဲ့၊ မှတ်ခဲ့၊ ဖတ်ခဲ့တာတွေကို ၃-နာရီထဲနဲ့ ဆုံးဖြတ်မှာပဲ။ မှားတယ်၊ **မှန်တယ်၊ တရား**တယ်၊ မတရားဘူး၊ မျှတတယ်၊ မမျှတဘူးလုပ်**မနေနဲ့။ အရေးကြီး**တာက ကိုယ့်တာဝန်ကိုယ် ကျေဘို့ပဲ။ ကိုယ့်**တာကိုယ်** လုံဖို့ပဲ။ ကိုယ့်ဘက်က သေချာရမယ်။ ပိုင်ရမယ်။ **မေးတာကို** ဖြေနိုင်ရမယ်။ **အတိမ်းအစောင်းမခံဘူးကွနော်၊ သတိထား၊** ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် မဖြေနိုင်ရင်ကျမှာပဲ။ **အဲဒီတော့မှ** ဘာဆင်ခြေမှ **ပေးမနေနဲ့တော့။** ကျတာဟာ **မအောင်တာပဲ။**

ဒါလောက်အရေးကြီးတဲ့ ၃-နာရီ၊ ဘဝကိုတောင်အဆုံးအဖြတ်ပေးနိုင်တဲ့ ၃-နာရီအတွက် မင်းဘက်ကပျော့ကွက် ဟာကွက် လုံးဝ (လုံးဝ)မရှိရအောင် ပြင်ဆင်ထားရမယ်။ ပြင်းပြင်းထန်ထန်ကြိုး

စားထားရမယ်။ ဒီ ၃-နာရီအတွင်းမှာ မင်းဘဝလမ်းကြောင်းဟာ တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်တယ်ဆိုတာ မင်းကြုပ်ကြုပ်သတိထားပေါ့။ တစ်ကွက် တစ်ချက် မှားလိုက်တာနဲ့ အနည်းဆုံးတစ်နှစ်တော့ ခံရမယ်ကွနော်။ တစ်ဘာသာကျရင် အကုန်ကျတယ်။ ဘာသာအားလုံးကျတယ်။ စာမေးပွဲရှုံးတယ်ဆိုတာ အားလုံး ရှုံးတာပဲ။ တစ်နှစ်လုံး မွေးလာတဲ့ကြက်ကို တစ်မနက်တည်းနဲ့ သတ်စားသလိုဖြစ်သွားမယ်။

**အလှအပဆိုတာ ဘာလဲ**

ရုပ်လှခြင်း၊ ရုပ်ချောခြင်းကိုသာ အလှအပလို့ ဆိုတာ မဟုတ်ဘူး။ စိတ်လှမှသာ တကယ့်အလှဖြစ်တယ်။ ရုပ်လှပြီး စိတ်မလှယင် အရုပ်ဆိုးတယ်။

သံသရာလောကကြီးအတွင်းမှာ ကျင်လည် ဖြစ်ပွားနေတဲ့ လူတွေဟာ စိတ်လှကြမယ်ဆိုရင်၊ ရိုးသားကြမယ်ဆိုရင်၊ လောကမှာ ဘာပြဿနာမှ ပေါ်မှာမဟုတ်ဘူး။ ပြဿနာတွေပေါ်နေကြတာ အလှအပတွေ ပျောက်နေကြရတာဟာ စိတ်မလှကြလို့ပဲ။

အလှအပဆိုတာ စိတ်ကောင်းရှိမှုပေါ်မှာ တည်တယ်။ **"မေတ္တာတရားနဲ့ယှဉ်ရင် အရုပ်ဆိုးမလေးများလည်း လှလာတတ်ပါတယ်"** လို့ဆိုတယ်။

နောက်တစ်ချက်က စစ်မှန်တဲ့ ထိပ်တန်းရောက်မှုဟာ လှပခြင်းဖြစ်တယ်။ စစ်မှန်တဲ့ အောင်မြင်ခြင်းဟာ လှပခြင်းဖြစ်တယ်။ နာမည်လေးလှပြီး စိတ်မလှယင် လူမလှဘူး။

- လှချင်ယင် စိတ်ကောင်းမွေး၊
- စိတ်ကောင်းမွေးရင် လှတယ်။

လောကမှာဆင်းရဲပြီး လှနေသူတွေ၊ ချမ်းလည်းချမ်းသာလှလည်း လှနေသူတွေရှိတယ်။ အဲဒီလူတွေဟာ စိတ်လှလို့သာရုပ်လှနေကြတာ။

လောကမှာ တောက်ကျစ်စဉ်းလဲခြင်း၊ မနာလို ဝန်တိုခြင်းဟာ အလှအပကင်းပြီး အလွန်ရုပ်ဆိုးခြင်းဖြစ်တယ်။

ရှင်ချောင်သေကြပ် ရှင်ကြပ်သေချောင်

ဒီစကားဟာ ဘာသာရေးအဆုံးအမ တစ်ခုပဲ။ ဘယ်ဘာသာကိုးကိုး ဒီစာတမ်းလေးဟာ ဒို့ဘဝကို တိုးတက်စေနိုင်တယ်။

လူတစ်ယောက်ဟာ အသက်ရှင်စဉ်ကာလမှာ သောက်သောက်စားစား ပျော်ပျော်ပါးပါးနဲ့ လုပ်ချင်တာတွေလုပ်၊ စိတ်ကိုလွှတ်ထားရင် (ချောင်ချောင်)နေခဲ့မယ်ဆိုရင် သေတဲ့အခါကောင်းရာသုဂတိ (ကောင်းတဲ့ဘုံကို) မရောက်နိုင်ဘူး။ သေပြီးတဲ့နောက်ဒုက္ခရောက်မယ်။ အသေမဖြောင့်ဘူး။ အသေကြပ်မယ်ပေါ့ကွာ။ ဒါကို ရှင်ချောင်သေကြပ်လို့ခေါ်တယ်။ ရှင်ကြပ်သေချောင်ကတော့ရှင်ချောင်သေကြပ်ရဲ့ ဆန့်ကျင်ဖက်ပဲ။

မင်းအတွက်ကတော့ စာမေးပွဲပေါ့ကွာ၊ စာမေးပွဲမတိုင်မီအချိန်ကို အလဟဿ ဖြုန်းတီးပြီး ခပ်ပေါ့ပေါ့နေခဲ့မယ်၊ စိတ်ချမ်းသာသလို နေခဲ့မယ်ဆိုရင် စာမေးပွဲဖြေနေစဉ်နဲ့ ဖြေပြီးကာလမှာမင်းစိတ်ဆင်းရဲရမှာ မုချပဲ။ အောင်စာရင်းကို သတိရတိုင်းစိတ်တထင့်ထင့်နဲ့ ပူပင်သောကရောက်ရမှာ အမှန်ပဲ။

စာမေးပွဲ မတိုင်မီမှာ အချိန်ကို မဖြုန်းတီးဘူး၊တန်ဘိုးရှိရှိ အသုံးချခဲ့မယ်ဆိုရင်- စိတ်ကိုချုပ်တည်းခဲ့မယ်ဆိုရင် **စာမေးပွဲပြေ နေစဉ်နဲ့** ဖြေပြီးကာလမှာ မင်းမှုချစိတ်**ချမ်းသာရမှာပဲ။ အောင်** စာရင်းကို သတိရတိုင်း မင်းရဲ့တောက်ပတဲ့ **အနာဂတ်ကို မြင်ယောင်** နေမိမှာအမှန်ပဲ။

- မင်းဘယ်လမ်း**ရွေးမလဲ?**
- ရှင်ချောင်**သေကြပ်လား၊ ရှင်ကြပ်**သေချောင်လား?

"**စိတ်ကိုအံ့မှုမဲ့အမှတ်မဲ့ လွှတ်ထား**လျှင် မကောင်းမှု ဘက်သို့သာ ယိမ်းယိုင်**ဖော်ဝါး သာသာ**တတ်သည်တဲ့" ပါဠိလိုတော့ (ပါပသ္မိ ရမတိ **မနော)ပေါ့။**

**စျေးထွက်မှားမှ သွေးထွက်နည်းမည်၊**

စစ်သုံး**ဆောင်ပုဒ်ပေါ့ကွာ**။ မင်းနားလည်မယ် ထင်ပါတယ်။ စစ်သားမဖြစ်ခင် **စစ်**မတိုက်ခင်မှာ စစ်သားကောင်းတစ်ယောက်ကို စစ်တိုက်နည်း လေ့ကျင့်ပေးရတယ်။ ဒီအချိန်မှာ စစ်သားလောင်း ဟာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ပါမှ စစ်သားဖြစ်ပြီးလို့ ရန်သူနဲ့ တိုက်ခိုက်ရတဲ့အခါ၊ ဒဏ်ရာအနာတရဖြစ်မှု နည်းပါးနိုင်မယ်။ သေမယ့် အခွင့်အလမ်း နည်းပါးနိုင်မယ်။ ပြင်းပြင်းထန်ထန် မလေ့ ကျင့်ခဲ့ရင်တော့- တိုက်ပွဲမှာ ဒါဏ်ရာအနာတရဖြစ်ဖို့ ဒါမှမဟုတ် သေဖို့ အခွင့်အလမ်းများတယ်။

မင်းလဲ စာမေးပွဲမတိုင်ခင် သင်ခန်းစာကို ပြင်းပြင်းထန်ထန် လေ့လာကျက်မှတ်ရမယ်။ ဒါမှ စာမေးပွဲအောင်မယ်။ ပြင်းပြင်း ထန်ထန် မလေ့လာ၊ မကျက်မှတ်ရင် မအောင်ဘူးပေါ့။

**ဆူးမပါတဲ့ နှင်းဆီရယ်လို့မရှိ**

(There's no rose without a thorn.) တဲ့။ ဆူးမပါတဲ့ နှင်းဆီရယ်လို့မရှိဘူး။ **"ဆူးဟာ ဒုက္ခကိုပြောတာ" "နှင်းဆီ"** ကတော့ **"ချမ်းသာသုခ"** ကို ဆိုလိုတာကွ။ ပေါင်းစပ်လိုက်တော့ **"ဆင်းရဲဒုက္ခတွေကို အရင်းတည်ပြီး မယူရတဲ့ ချမ်းသာသုခရယ်လို့ လောကမှာ မရှိဘူးပေါ့ကွာ။"** "အရိပ်လာမှာကို နေပူကစောင့်" ဆိုတာနဲ့ အတူတူပဲ။ ဘာသာရေးစကား တစ်ခုကတော့ (The state of final liberation from all sorrow.) တဲ့။ အဓိပ္ပါယ်ကတော့ **"နိဗ္ဗာန်သို့ သွားရာ တစ်ခုတည်းသော လမ်းသည် ဆင်းရဲဒုက္ခ ခံခြင်းတည်းဟူသော ကျင့်ကြံ အားထုတ်မှုလမ်းပင်ဖြစ်သည်။"** လို့ ဆိုရမှာဖြစ်တယ်။ (No pain, No gain.) **"အနာမခံ အသာမစံရ"** ပေါ့ကွာ။

**သင်စိုက်သမျှ သင်ရိတ်ရ**

(You must reap what you have sown.) "ကိုယ်စိုက်တဲ့ ကောက်ပင်ကို ကိုယ်ရိတ်ရမယ်" လို့ဆိုရိုးစကား တစ်ခုရှိတယ်။ မင်းလုပ်ခဲ့တာကို မင်းခံရမယ်။ မင်းစံရမယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။ မင်းနဲ့တိုက်ရိုက် ပါတ်သက်တာကို ပြောရရင် မင်းကြိုးစားသလောက် မင်းအကျိုးခံစားရမှာပဲ။ **M.C** ကို ရိတ်မလား **Y.I.T** ကို ရိတ်မလား။ **"ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်"** လို့ မြန်မာစကားတစ်ခု ရှိတာပဲ။ မကြိုးစားပဲနဲ့တော့

မျှော်လင့်လို့မရဘူး။ ဇွန်နီစိုက်ရင် ဇစိန်ရမယ်။ ပေါ်ဆန်းမွှေးစိုက်ရင် ပေါ်ဆန်းမွှေးရမယ်။ ဇစိန်စိုက်ပြီး ပေါ်ဆန်းမွှေးရိတ်ချင်လို့တော့ မရဘူး။

### အများလိုလား အနည်းလိုလား

"အများလိုရင် အများလိုဖြစ်မယ်။ အနည်းလိုရင် အနည်းလို ဖြစ်မယ်"တဲ့။ ရှင်းပါတယ်။ လောကမှာ ထိပ်တန်း ရောက်နေသူတွေဟာ လူနည်းစု ဖြစ်တယ်။ အောက်ကျနောက်ကျ ဖြစ်နေတဲ့ သူတွေက လူများစုဖြစ်တယ်။ သက်ဆိုင်ရာ လူတန်းစားအတွက် ပေါ့ကွာ ဘာကြောင့် ဒီလိုဖြစ်ရသလဲ။ အဓိကကျတဲ့ အချက်တစ်ခုကတော့ အလုပ်ပဲကွ။ အလုပ်ကို ကြိုးစားလုပ်တဲ့သူတွေဟာ ထိပ်တန်းရောက်တာပဲ။ ဒီလူတွေဟာ လူအများနေသလို မနေကြဘူး။

"လူများအိပ်တဲ့ အချိန်မှာ ဒီလူတွေ အလုပ်လုပ် နေကြတယ်။ လူအများ ပျော်ပါးနေချိန်မှာ ဒီလူတွေ အလုပ်လုပ် နေကြတယ်။ လူအများ အချိန်ကို အဓိပ္ပါယ်မရှိ ဖြုန်းပစ်နေချိန်မှာ ဒီလူတွေ အလုပ်လုပ်နေကြတယ်"။

### တစ်ကာယကြိုးစားသူနဲ့ မကြိုးစားသူ

တစ်နေ့ ၈-နာရီအိပ်တဲ့ လူတစ်ယောက်ဟာ သူ့ဘဝရဲ့ သုံးပုံတစ်ပုံကို အိပ်ပစ်တာပဲ။ လူ့ပြည်မှာ သူဟာအနှစ် ၆၀-အထိ

အသက်ရှင်နေရတယ်ဆိုရင် သူတကယ်နေသွားရတာက အနှစ် ၄၀-ထဲပဲ။ ဘာဖြစ်လို့လည်းဆိုရင် နှစ်ပေါင်း ၂၀-လုံးလုံး အိပ်ပြီး ဖြုန်းပစ်လိုက်လို့ပဲ။ ထိပ်တန်းရောက်မဲ့သူတွေ ကြီးပွားကျော်ကြားမဲ့ သူတွေက သူအိပ်နေချိန်မှာ မအိပ်ပဲ အလုပ်လုပ်နေကြတယ်။ ဒီလူ တွေကို ဘယ်လိုလုပ်ပြီး မှီအောင်လိုက်မလဲ။ ဒီလောက်အပြိုင်အဆိုင် များတဲ့ ခေတ်ကာလမှာ ဒီလိုလူ မကြီးပွား၊ မကျော်ကြားတာကကော ဘာများဆန်းလို့လဲ။ ဒီလိုလူ လူ့ထိပ်တန်း မရောက်တာကကော ဘာများထူးသလဲ။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတိုင်းလောက်ဟာ တစ်နေ့ ၄-နာရီလောက်ပဲ အိပ်ကြတယ်ကွ။

ပြင်သစ်ပြည်က စစ်ဘုရင်ကြီး နပိုလီယံ၊ အမေရိကန် သမ္မတ အိုက်စင်ဟောင်ဝါ၊ ဗြိတိသျှဝန်ကြီးချုပ် ချာချီ၊ ရုရှားပြည်က ပစ္စည်းမဲ့တွေရဲ့ ခေါင်းဆောင်ကြီး လီနင်၊ ဂျာမဏီပြည်က ဖက်ဆစ်အာဏာရှင်ကြီး ဟစ်တလာ၊ ခေတ်နှောက်ကျလှတဲ့ တရုပ်ပြည်ကြီးကို အင်အားကြီး ကမ္ဘာ့စက်မှုနိုင်ငံကြီး တစ်ခုအဖြစ် အရောက်ပို့ခဲ့တဲ့ မော်စီတုန်း တို့ဟာ တစ်နေ့ ၄-နာရီလောက်ပဲ အိပ်ကြတယ်။ ဘယ်ကလာ ကျန်းမာရေးထိခိုက်ရမှာလဲ။ မော်စီတုန်း ကြီး အသက် ၈၃-နှစ်ကျမှ သေတာပဲ။ ကျမ္မာရေး လိုက်စားပြီး တစ်နေ့ ၈-နာရီလောက် အိပ်နေတဲ့ ဆရာဝန် တစ်ယောက်ဟာ သူ့လောက် အသက်ရှည်ချင်မှ ရှည်မယ်။ မင်းသိထားဘို့က ကမ္ဘာမှာ အသက်အရှည်ဆုံး အကျန်းမာဆုံးလူတွေဟာ ဆရာဝန်တွေ မဟုတ် ကြပါဘူးကွ။ ချင့်ယုံမှဖြစ်မယ်။ ဥပဒါန်ကြောင့် ဥပါဒ်ရောက် တတ်တယ်။ နှစ်ပေါင်း ၄၀၊ ၅၀ တရေးမှ အိပ်မပျော်ပဲ အသက်

ရှင်နေတဲ့သူတွေ ကမ္ဘာမှာ ရှိနေတာပဲကွ။ သူတို့ကို စမ်းသပ်ကြည့်တော့ ဘာကျမ္မာရေးမှ မထိခိုက်ဘူး။

### အိပ်လို့အိပ်ချင်တာယ်

အိပ်စရှိရင် အိပ်ချင်တယ်။ **"အအိပ်လွန်သော် ထိန"** တဲ့ မြန်မာစကားရှိတယ်၊ အမိပ္ပါယ်က အအိပ်လွန်ရင် အအိပ်များရင် ထိုင်းမှိုင်းတယ်တဲ့။ ဦးနှောက်မကြည်ဘူးပေါ့။ ဆက်ပြီးအိပ်ချင်နေတတ်တယ်။ **ဦးနှောက်မ**ကြည်တော့ အလုပ်လုပ်ချင်တဲ့ စိတ်မရှိတော့ဘူး။ စာမ**ကျက်ချင်တော့ဘူး။** အလုပ်မလုပ်ချင် စာမကျက်ချင်တော့ ဘာဖြစ်လဲ။ **မအောင်မြင်ဘူး။** အဖြေက ရှင်းပါတယ်။

### ထိပ်ဖျားမှာ နေရာလပ်တွေ

**(There are plenty of rooms at the top.)** "ထိပ်ဖျားမှာနေရာလပ်တွေ အများကြီးရှိတယ်ဆို" တဲ့ အင်္ဂလိပ်စကားတစ်ခုရှိတယ်။ နားလည်အောင်ဆိုရင် မင်းတို့ ရုပ်ရှင်သွားကြည့်တဲ့အခါ အနိမ့်ဆုံးအတန်းက ကြည့်တဲ့လူတွေများတာ တွေ့ရမယ်။ အထက်တန်းက ကြည့်တဲ့လူတွေနည်းလိမ့်မယ်။ အထက်တန်းကကြည့်တဲ့သူတွေထဲမှာ မင်းပါအောင်ကြိုးစားရမယ်။

မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယျာဉ်ပျံတွေနဲ့ သွားတဲ့အခါအမှာလည်း ဒီအတိုင်းပဲ။ ရိုးရိုးတန်းမှာ စီးသူတွေများပေမဲ့ အထက်တန်းမှာ စီးသူတွေနည်းကြတယ်။ မင်းအထက်တန်းက စီးရအောင်ကြိုးစားပေါ့။

အလုပ်လျှောက်တဲ့ အခါမှာလည်း ဒီလိုပဲ။ လခနည်း အောက်ခြေအလုပ်တွေမှာ အလုပ်လျှောက်သူတွေ ပုံနေပေမဲ့ လခကြီးတဲ့ အလုပ်တွေကျတော့ အလုပ်လျှောက်သူနည်းသွားတယ် လခကြီးလေ လျှောက်သူနည်းလေပဲ။

အဲဒါပညာ ကွာသွားလို့ပဲကွ၊ မင်းပညာတတ်အောင်ကြိုးစား ပညာချွန်အောင်ကြိုးစား။ ဒါမှ မင်းလဲ လခကြီးတဲ့အလုပ်ကို လျှောက်နိုင်မှာ။ "ထင်ပေါ်ရင် စင်တော်ကကောက်လိမ့်မယ်" ဆိုတဲ့ စကားပုံလဲ မင်းကြားဘူးတယ် မဟုတ်လား။ မင်းသာတကယ်တော် တကယ်တတ်ရင် မင်းကအလုပ်ကို လိုက်ရှာနေစရာမလိုပါဘူး။ အလုပ်က မင်းကို လိုက်ရှာပါလိမ့်မယ်။

လူ့လောက လူ့ဘဝမှာလည်းသည်အတိုင်းပဲကွ။ မင်းထိပ်ဖျားသာ ရောက်အောင်ကြိုးစား။ ဒီနေ့ ကမ္ဘာမှာ ထိပ်ဖျားရောက်နေတဲ့သူတွေဟာ ပညာတတ်တွေချည့်ပဲ။

**ဘယ်လိုလူတွေအောင်မြင်သလဲ**

"အောင်မြင်မှုဆိုတာ ဖွဲ့ရှိသူတွေအတွက်" ဆိုတဲ့ စကားရှိတယ်။ အဲဒီတော့ အောင်မြင်ဘို့အတွက် ဖွဲ့ရှိရမယ်။ စွဲမြဲရမယ်။ ကြိုးစားရမယ်။ လုံ့လဝီရိယရှိရမယ်။ သည်းခံရမယ်။ စိတ်ကိုချုပ်တည်း ရမယ်။ ဒီစကားတွေကို မင်းနားလည်ရဲ့လားကွ။ တစ်လုံးချင်းကို စဉ်းစားပြီး ဖြေးဖြေး ပြန်ဖတ်စမ်းပါ။ မင်းဟာ နေရာတကာမှာ ကိုယ့်ကိုကိုယ် အလိုလိုက်နေရင်တော့ ဘယ်တော့မှ မအောင်မြင်ဘူး။

ရှုံးရင်လဲရှုံးမှထူးရင်လဲထူးမှ

ဘယ်သူမဆို မအောင်မြင်ခင်မှာ မိမိရဲ့ဦးတည်ချက်တွေအတွက် ရှုံးခဲ့ရတာချည်းပဲ။ "ပုထုဇနောဥမ္မတ္တကော" လို့ အဆိုရှိတယ်မဟုတ်လား။ လူ(ပုထုဇဉ်) တိုင်းဟာ အရူးချည်းပဲလို့ ဆိုလိုတာပေါ့။ ရှုံးရာကနေ ထူးလာနိုင်တယ်ကွ မအောင်မြင်ခင်မှာတော့ ရှုံးတာပေါ့ကွ။ အောင်မြင်လာတော့ ထူးတာပေါ့။

သာဓကပြရရင် ငှက်တွေပျံတာကို အားကျပြီး လူတွေပျံနိုင်အောင် ကြိုးစားခဲ့တယ်(The brothers wright) ညီအစ်ကိုနှစ်ယောက်အကြောင်းကို မင်းကြားဘူးမှာပေါ့။ ဒီနေ့လေယာဉ်ပျံတွေ ပေါ်လာတာဟာ သူတို့နှစ်ယောက်ကျေးဇူးပဲ။ လေယာဉ်ပျံကို သူတို့နှစ်ယောက် တီထွင်သွားခဲ့တာကွ။ သူတို့လုပ်တဲ့ ပထမဆုံးလေယာဉ်ပျံတုန်းကဆိုရင် လူတွေ အယုံအကြည်မရှိလို့ သွားတောင်မကြည့်ကြဘူးကွ။ လေယာဉ်ပျံ-ပျံတက်သွားတာကို ကိုယ်တိုင်မြင်လိုက်ရတဲ့ သတင်းထောက်တစ်ယောက်က အံနီးဆုံး စာတိုက်ကိုပြေးပြီး သူ့သတင်းစာတိုက်ကို သတင်းပို့တယ်။ အဲဒါကို အယ်ဒီတာက မယုံဘူး။ သတင်းထောက်ကိုတောင် အဓိပ္ပါယ်မရှိတဲ့ သတင်းပို့လိုက်တယ်လို့ အပြောခံရသေးတယ်ကွ။

အပိုလို(၁၁) (**Apollo - 11**) နဲ့ လပေါ်ကို ရောက်ခဲ့တဲ့ အမေရိကန်သုံးယောက်ကို မင်းကြားဘူးမှာပေါ့။(**Armastrong , Collins** နဲ့ **Aldrin**) တို့လေကွာ။ သူတို့ထဲက ခေါင်းဆောင်ဖြစ်သူ **Armstrong** ဟာ ခလေးဘဝထဲက လေယာဉ်ပျံရူး၊ ရူးခဲ့တယ်။ လေယာဉ်ပျံကို စွဲစွဲလန်းလန်း ဖြစ်ခဲ့တယ်။ သူ့အသက် ၁၃-နှစ်မှာ

ခေတ်မီ စက်ကိရိယာတွေ တပ်ဆင်ထားတဲ့ လေယာဉ်ပုံစံငယ်တွေ တည်ဆောက်နေပြီ။ အသက် ၁၆-နှစ်မှာ တကယ်လေယာဉ်ပျံကြီး တွေကို မောင်းနှင်ပျံသန်းနေပြီ။ သူ့လေယာဉ်ပျံ မောင်းတတ်တော့ ကားမမောင်းတတ်သေးဘူးကွ။ သူငယ်ငယ်တုန်းက လေယာဉ်ပျံနဲ့ ပတ်သက်ပြီး ဘယ်လောက်များ စွဲလမ်းခဲ့သလဲ၊ ရူးခဲ့သလဲဆိုရင် လေယာဉ်ပျံနဲ့ပတ်သက်တဲ့ အိပ်မက်တွေ ခဏခဏမက်တယ်ကွ။ ဒီနေ့ သူ လကမ္ဘာက ပြန်လာပြီး သူ့နာမည်ဟာ ဘယ်တော့မှ မသေ နိုင်တော့ဘူး။ ဒီနေ့အထိ လူ့သမိုင်းမှာ အကြီးကျယ်ဆုံးသော စူးစမ်း ရှာဖွေခြင်းရဲ့ သူရဲကောင်း တစ်ယောက်အဖြစ် မှတ်တမ်း တင်ထား ပြီ။ အစ်ကိုကြီး ဆယ်တန်းတုန်းက သူငယ်ချင်းတစ်ယောက် တွေ့ဘူးတယ်။ ဘာသာရပ်အားလုံးမှာ အလွန်တော်ပေမဲ့ အင်္ဂလိပ် တမှာ ဝီခေါ် နေအောင်ညံ့တယ်။ ဆရာဝန်သိပ်ဖြစ်ချင်တယ်။ ဒီတော့ သူ ဘာလုပ်တယ်ထင်သလဲ။ အင်္ဂလိပ်စာဆရာက ရေးပေးတဲ့ Essay အပုဒ်(၅၀)၊ **Letter writing** အပုဒ် ၅၀-နဲ့ တစ်အုပ်လုံး အကုန် အလွတ်ကျက်ပစ်တယ်။ အချိန်မရွေးမေး၊ ညဥ့်နက် သန်းခေါင်မေး ရတယ်။ အင်္ဂလိပ်စာလုံး တစ်လုံးကို မေးလိုက်ရင် ဘယ်ခေါင်းစဉ် အောက်ကစာအုပ်ရဲ့ ဘယ်စာမျက်နှာမှာရှိတယ်။ အဓိပ္ပါယ်ဘာ **Proposition** ပါတယ်၊ မပါဘူး။ ပါရင် ဘာဆိုပြီး တဒေါက်ဒေါက် ပြောချနိုင်တယ်။ ဒီလိုပြောချနိုင်တာလဲ ကြည့်အုံး ကွ၊ ဒီကောင်က တခုခု ကစားနေရင်လဲ သူငယ်ချင်းတွေကို သူကျက် ပြီးသားစာတွေ လျှောက်ပြော၊ လျှောက်မေးတော့တာပဲ။ သူငယ် ချင်းတွေစုပြီး လမ်းလျှောက်တဲ့အခါ စုပြီးလဘက်ရည်ဆိုင် ထိုင်ကြ တဲ့ အခါမှာလဲ ဒီလိုပဲ။

ဒီအချိန်မှာ တလောကလုံးမှာ သူသတိရတာက စာမေးပွဲ၊ သူလိုချင်တာက M.C ၊ သူဖြစ်ချင်တာက ဆရာဝန်၊ ဒါကြောင့် သူဟာ အားလုံးကို အစစအရာရာကို စာမေးပွဲဆိုတဲ့ ယဇ်ပလ္လင်ပေါ်မှာ စတေးထားလိုက်တယ်။

အဲဒီနှစ်မှာပဲ အင်္ဂလိပ်ကလွဲလို့ (ကျန်)ဘာသာတွေ ဂုဏ်ထူးနဲ့ အောင်တယ်။ တပြည်လုံးမှာ နံပါတ်(၇)လိုက်တယ်။ သူလိုချင်တဲ့ M.C ကိုရတယ်။ အခုတော့ သူဆရာဝန်ဖြစ်တာ ၁၃-နှစ်တောင်ရှိပြီ၊ ဆန္ဒကြီးရင် ကြုံသမျှပြီးတယ်ဆိုတာ လက်တွေ့ပြသွားတာပဲ။ ဒါကြောင့်လဲ ဗုဒ္ဓက "ဆန္ဒဝတော ကိံ နာမ ကမ္မံ သဇ္ဈတိ" လို့ ဟောခဲ့တာပဲ။

**အာဓာနည်ဆရာတော်များနဲ့ အုန်းသီးရာဇဝင်**

ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တယ်ဆိုတဲ့ ဆရာတော်ကြီးတွေအကြောင်းကို မင်းကြားဘူးမှာပေါ့။ ပိဋကတ်သုံးပုံဆိုတာ ဂေါတမမြတ်စွာဘုရားရဲ့ အဘိဓမ္မာတွေပေါ့။ မင်း မှန်းဆနိုင်အောင် ပြောရမယ်ဆိုရင် အလျား ရှစ်လက်မခွဲ၊ အနံငါးလက်မခွဲအထူ ပျမ်းမျှ ခြင်းတစ်လက်မ၊ စာမျက်နှာအားဖြင့် ပြောရရင် ၅၀၀ ကျော် ၆၀၀ ရှိတဲ့ ပါဠိလိုရေးထားတဲ့၊ စာအုပ် ၂၁-အုပ်ကိုအလွတ် အာဂုံပြန်ဆိုရတာပဲ။

ဒီလောက် များလှတဲ့ စာအုပ်တွေကို တော်ရုံ တန်ရုံ ဖွဲ့၊ တော်ရုံတန်ရုံ လုံ့လဝီရိယ၊ တော်ရုံတန်ရုံ ကြိုးစားမှုနဲ့ အလွတ်မပြန်နိုင်ဘူး ဆိုတာကိုတော့ အထူးပြောနေစရာ လိုမယ်မထင်ပါဘူး။

ဒီအာဇာနည် ဆရာတော်ကြီးတွေဟာ အုန်းသီးကို ခေါင်းအုံးအိပ်ပြီး စာကျက်ကြတယ်ဆိုတာပဲကွ။ ရည်ရွယ်ချက်ကတော့ အကြာကြီး အိပ်ပျော်သွားမှာကို စိုးရိမ်လို့ပဲ၊ မှေးကနဲ အိပ်ပျော်သွားတာနဲ့ ခေါင်းက ကြမ်းပြင်ပေါ် ချော်ကျတဲ့အခါ ကြမ်းပြင်နဲ့ခေါင်းနဲ့ရိုက်မိပြီး လန့်နိုးအောင်လို့ပေါ့ကွာ။ အခြေခံ ပညာရေး အထက်တန်းဆိုတာ ဒီဘုန်းကြီးတွေရဲ့ စာမေးပွဲနဲ့ နှိုင်းစာလိုက်ယင် ကလေးကစားစရာ ပါကွာ။ မင်း သူတို့လိုသာ စာကျက်ရင် တပြည်လုံးမှာ ဘာသာစုံ ဂုဏ်ထူးနဲ့ ပထမရနိုင်တယ်။

ဘာသာစုံညွှန့်နေရင်လည်း အားငယ်စရာမရှိပါဘူး။ လိုအပ်တာက မင်းကိုယ်တိုင်က တကယ်အောင်ချင်ဖို့ပဲ။ တကယ် အောင်ချင်ရင် အောင်ကိုအောင်တယ်ကွ။ မင်းမအောင်သေးဘူး ဆိုရင် တကယ်မအောင်ချင်သေးလို့ပဲ။ တကယ်အောင်ချင်လာပြီ ဆိုရင် ဘာသီချင်း၊ ဘာတီဗွီဇာတ်လမ်း၊ ဘာရုပ်ရှင်၊ ဘာဝတ္ထုစာအုပ်၊ ဘာကာတွန်း၊ ဘာအလှပြင်ဖို့၊ ဘာအိပ်ချင်တာ၊ အိုကွာ ဘာဆို ဘာမှ မသိတော့ဘူး။ သိတာတစ်ခုထဲပဲ၊ အဲဒါစာမေးပွဲ။

စာမေးပွဲအောင်ဖို့သည် ပထမ

စာမေးပွဲအောင်ဖို့သည် ဒုတိယ

စာမေးပွဲအောင်ဖို့သည် တတိယလို့ ဖြစ်လာရင် မင်း သေချာပေါက်အောင်ပြီ။ အခက်အခဲဟူသမျှ မင်းရှေ့မှာ အရည် ပျော်ကုန်ပြီ၊ မင်းရှေ့မှာ ဒူးထောက်အညံ့ခံကုန်ပြီ။

**လူလုပ်ပြီးသမျှကို လူလုပ်နိုင်သည်သာ**

What man has done, man can do. "လူလုပ်ပြီးသမျှကို လူလုပ်နိုင်သည်သာတဲ့"ကွ မင်းလဲဘာသာစုံဂုဏ်ထူးထွက်နိုင်တာပဲ။ လိုချင်စိတ်တကယ်ရှိ တကယ်ပြင်းပြပြီး တန်အောင်တကယ်ကြိုးစားဖို့ပဲလိုတယ်။ "ဆန္ဒကြီးရင် ကြံသမျှ ပြီး၏တဲ့" "ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်" ဆိုတာတွေကို အစ်ကိုကြီးပြောခဲ့ပြီးပြီမဟုတ်လား။

**တောင်ထိပ်ကလူ**

လူတွေဟာ တောင်ထိပ်ကလူကိုကြည့်ပြီး အားကျနေကြတယ်။သူတို့လိုတောင်ထိပ်ရောက်ချင်ကြတယ်။ ဒီလူဟာ တောင်ထိပ်ကိုရောက်အောင် ဘယ်လောက်ကြိုးစားပြီး၊ ဘယ်လိုတက်ခဲ့ရတယ်။ ဘယ်လောက် အနစ်နာခံခဲ့ရတယ် ဆိုတာတွေကိုတော့ စိတ်မဝင်စားခဲ့ကြဘူး။ မစဉ်းစားမိကြဘူး။ မတွေးတောတတ်ကြဘူး။ အချောင်သာ တောင်ထိပ်ကို ရောက်ချင်ကြတာပဲ။ အလွန်ရယ်စရာကောင်းတယ်၊ ဒီလူဟာ တောင်ထိပ်ကို ရောက်အောင် တက်ရင်းနဲ့ ခလုပ်တိုက်လို့ ခြေမကွဲခဲ့တာရယ် လဲကျလို့ ဒူးပြဲခဲ့ရတာရယ်ကို မသိကြဘူး။ လောကမှာ အချောင်ထိပ်တန်း ရောက်တယ်ဆိုတာ မရှိဘူး။ ဒီလိုပဲ တောင်ထိပ်ကိုရောက်ချင်ရင် တောင်အောက်ကနေ မော့ကြည့်ပြီး "ရောက်ချင်လိုက်တာနော်" လို့ တမ်းတနေလို့တော့ မရောက်ဘူး။ မနာလိုဝန်တို ဖြစ်နေလို့လဲ ကိစ္စကမပြီးဘူး။ ဒီလူလို တောင်ထိပ်ကို ရောက်ချင်ရင် ဒီလူလို၊ မင်း ကြိုးစားတက်ရမယ်။

အခက်အခဲ ပေါင်းစုံကိုတော့ မလွဲမသွေရင်ဆိုင်ရမှာပဲ။ တက်ရင်းနဲ့ မှောက်ရက်လဲကျပြီး တောင်အောက်ကို ဒလိမ့်ကောက်တွေး ပြန်ကျတဲ့အခါလည်း ကျမှာပဲ။ ပြန်ကုန်းထပြီး ပြန် ာက်ရမှာပဲ။ မောလို့ ဒဏ်ရာတွေများလို့ မတ်တတ်ရပ်ပြီး လမ်းလျှောက် မတက်နိုင်ရင် လေးဘက်ထောက်တက်ရမှာပဲ။ လေးဘက်ထောက်မတက်နိုင်ရင်လဲ ဝမ်းလျား မှောက်ရက်တွားသွားပြီး တက်ရမှာပဲ။ တောင်ထိပ်ကို ငါ မုချရောက်ရမယ်ဆိုတဲ့ သံမဏိစိတ်ဓါတ်၊ သံမဏိဆုံးဖြတ်ချက် ရှိဘို့လိုတယ်။ ဆန္ဒတကယ်ပြင်းပြဘို့ပဲလိုတယ်။ တနေ့တလံ ပုဂံဘယ်မဝေးမလဲ ဟေ့။ အကြိမ်တစ်ရာလုပ်လို့ မရရင် တစ်ရာ့တစ်ကြိမ်လုပ်ပစ်မယ်ဆိုတဲ့ ဇွဲရှိရမယ်။ ကမ္ဘာကျော် သိပ္ပံပညာရှင်နဲ့ တီတွင်သူ ပါရမီရှင်ကြီးဖြစ်တဲ့ **Edison** ဟာ အကြိမ်ပေါင်း (၁၀၀) ကျော် စမ်းသပ်ပြီးမှ ခါတ်မီးလုံးကို အောင်မြင်စွာ တီတွင်နိုင်ခဲ့တယ်။ နှစ်ဆယ်ရာစုရဲ့ အကျော်မြူဖခင်ကြီး **Dr. Elbert Einstein** က ပြောတယ်။ **(Genius is nothing but 99 % perspiration and 1 % inspiration.)**တဲ့။ " ထူးချွန်တဲ့ ပါရမီရှင်ဆိုတာ တခြားမဟုတ်ဘူး။ ၉၉% လောက်အသက် မရှူနိုင်လောက်အောင် ပင်ပမ်းဆင်းရဲခြင်း ကြီးစွာ လုံ့လဥဿာဟပြုပြီးမှ ၁ % လောက် အသက်ရှူ ချောင်ရတဲ့ အရာကို ပြောတာပါလို့" အမိပ္ပါယ်ရတယ်။

ငှက်ဆိုတာ ပျံသန်းရင်း သေတာပဲ၊ လူဆိုတာကြံရင်းသေရတယ်ကွ။ တောင်ထိပ်ကို ရောက်ဖို့ ကြိုးစားရင်း၊ ကြံစည်ရင်း မင်း သေသွားလဲ သေပစေပေါ့ကွာ။ မြတ်ပါတယ်။ ယောကျ်ားတို့ဇွဲ သေခါမှ လျှော့မယ်တဲ့။ လေ့လျှော်ပြိုင်သူတွေရဲ့ ဆောင်ပုဒ်တစ်ပုဒ်

ရှိတယ်။ **"Row Till You Are Dead."** တဲ့၊ အဓိပ္ပါယ်က "သေသည်အထိ လှော်ပါပေါ့ကွာ။ လှေခွက်ချည့်ကျန် အောင်လံမလှဲ" ပေါ့ကွာ။ သေသည့်တိုင်အောင် ကြိုးစားပါပေါ့။ ဒီစကားဟာ သိပ်ပြီး သဘောကျစရာကောင်းတယ်။ မအောင်မြင်ပဲနဲ့တော့ အသက်ရှည်ရှည် မနေချင်ဘူးကွာ။ မအောင်မြင်ပဲ အသက်ရှင်နေရတာ လူ့ပြည်လာပြီး ကျွန်ခံနေရတာ ဝဋ်ခံနေရတာပဲလို့ ယူဆမိတယ်။ အောင်မြင်ဖို့ကြိုးစားယင်း သေသွားတာက မြတ်တယ်လို့ ယူဆရမှာပဲ။

အောင်မြင်ပြီး အချိန်မှာ မအောင်မြင်ခင်က ကြိုးစားခဲ့ရပုံကလေးတွေကို ပြန်စဉ်းစားရ၊ ပြန်ပြောရတာဟာ စပျစ်သီးခြောက်လေးကို အရသာခံပြီး မြုံ့နေရသလိုပဲ။

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး၊ ချိုကျိုးနွားလားဒွန်းစဏ္ဍား" ဆိုတဲ့စကားက အောင်မြင်နေတဲ့ လူတစ်ယောက်က အပေါ်စီးကနေ ပြောမှ၊ ကျင့်သုံးမှ၊ ကောင်းတာ၊ တင့်တယ်တာ၊ ကျက်သရေရှိတာ၊ သူတောင်းစားတစ်ယောက်က ဒီစကားလုံးသုံးတော့ ခေတ်မှီပျက်လုံးတစ်ခုဖြစ်သွားမှာပေါ့။

*သူတို့ကို အမြဲသတိရစမ်းပါ*

တကယ်ကြိုးစားမှုနဲ့ ဘာသာစုံဂုဏ်ထူးရတဲ့ သူတွေကို၊ တပြည်လုံး ပထမရတဲ့သူတွေကို လေးစားသင့်တယ်။ နမူနာယူသင့်တယ်။ အမြဲသတိရ နေသင့်တယ်။ ရှည်ရှည်ဝေးဝေးစဉ်းစားစရာ လိုမယ်မထင်ပါဘူး။ မင်း အပေါင်းအသင်းထဲမှာ သူတို့ရှိမှာပါ။

မင်းလဲ ကြိုးစားရင် သူတို့လို ဖြစ်နိုင်တာပဲ။ ခုလာမယ့် စာမေးပွဲကြီးမှာလည်း မင်းအတန်းထဲက မင်းသူငယ်ချင်းတွေထဲက (မင်းနဲ့ ပညာပြိုင်ဖက် ဖြစ်ချင်ဖြစ်နေမှာပေါ့ကွာ) ဂုဏ်ထူးတွေ တလှေကြီးနဲ့ အောင်မဲ့လူ ရှိနေမှာပဲ။' မပြောကောင်းပြောကောင်းကွာ၊ သူက အောင်ပြီး မင်းများ ကျနေရင် မျက်နှာကို ခါးနဲ့လှီးပစ်ဖို့ပဲ ကောင်းတော့တယ်။ အဲဒီတော့ အဲဒီလိုမဖြစ်ရလေအောင် မင်းကို သတိပေးမယ်။

- မင်း ဝတ္ထုကာတွန်းဖတ်နေချိန်မှာ သူစာကျက်နေတယ်။
- မင်း ဇာတ်လမ်းသီချင်းနားထောင်နေချိန်မှာ သူစာကျက်နေတယ်။
- မင်းသူငယ်ချင်းတွေနဲ့ အရည်မရ အဖတ်မရ အကျိုးမရှိ ဝိုင်းဖွဲ့ပြီးပြောနေချိန်မှာ သူစာကြည့်နေတယ်။
- မင်း ကျောင်းပြေး၊ ကျူရှင်ပြေးနေတဲ့ အချိန်မှာ သူ စာသင်ခန်းထဲမှာ ရှိနေတယ်။
- အပါတ်စဉ်စာမေးပွဲ လစဉ်စာမေးပွဲတွေကို မင်းကဖျင်းလို့ဖြစ်စေ၊ အလေးအနက်မထားလို့ဖြစ်စေ၊ မဖြေပဲနဲ့နေတဲ့ အချိန်မှာ သူဟာစာမေးပွဲကို ရှိရှိသေသေ လေးလေးစားစား တန်ဖိုးထားပြီး အပါတ်တကုတ် ကြိုးစားဖြေနေတယ်။
- မင်း အိပ်လို့ကောင်းနေချိန်မှာ သူစာကျက်နေတယ်။

ဒီလိုအတိုင်း မင်းတို့လုပ်နေရင်တော့ သူက မင်းတို့ထက် ကျော်တက်သွားမှာပဲ။ ဒီကိစ္စတွေ မင်းနဲ့သူနဲ့ကြားမှာ ရက်ပိုင်းတော့ သိပ်ပြီး မသိသာသေးဘူး။ အချိန်တွေကြာလာတော့ သိသာလာလိမ့်မယ်။ စကားပြောလာမယ်။ နှစ်ဆုံးတော့ မင်း သူ့ကို ဘယ်လိုနည်းနဲ့မှ လိုက်လို့မမှီတော့ဘူး။ သူက ဂုဏ်ထူးတွေ တလှေကြီးနဲ့ အောင်သွားပြီး မင်းမှာတော့ ဒီအတန်းမှာပဲ ဆိပ်ခံသမ္ဘာန်ကြီးလို ကျန်နေခဲ့ရမှာပဲ။

မင်း သတိထားဖို့က မင်းဟာ သူ့လိုမကြိုးစားပဲ၊ သူ့လို အဆင်းရဲ အပင်ပန်းမခံပဲနဲ့တော့ သူ့လို ဖြစ်မလာနိုင်ဘူးဆိုတာပဲ။ သူ့လိုဖြစ်ချင်ရင် သူ့လိုကြိုးစားပြီး သူ့လိုအပင်ပမ်းခံ၊ အဆင်းရဲခံရမယ်။

အဲဒီတော့ မင်းစာမေးပွဲ အောင်မလား၊ ရှုံးမလားဆိုတာ အခုမင်းဘာလုပ်နေသလဲဆိုတဲ့ အချက်ပေါ်မှာတည်တယ်။ ဒီလို မလုပ်ပဲနဲ့တော့ ဗေဒင်မမေးနဲ့၊ ဆန်ကုန်တယ်။

*ပညာရှာခြင်းသည် ပန်းခင်းလမ်းကိုလျှောက်ခြင်းမဟုတ်*

There's No Royal Road In Learning "ပညာရှာခြင်းသည် ပန်ခင်းလမ်းကိုလျှောက်ခြင်းမဟုတ်" တဲ့၊ 'ခက်ခဲ ပညာရခဲ့မှ ရတနာ" ဆိုတဲ့စကားရဲ့ အဓိပ္ပါယ်နဲ့ဆင်ဆင်ပဲ။ ဆိုလိုရင်း ကတော့ကွာ၊ ဘာပညာမှ မလွယ်ဘူး။ ပညာတိုင်းဟာ ခက်ခဲတာချည့်ပဲ။ ပိုပြီးတန်ဖိုးရှိတဲ့ပညာဟာ ပိုပြီးခက်ခဲတာပဲ။ ခက်ခဲတဲ့ ပညာဆို မသင်ချင်ဘူးဆိုယင်တော့ ဒီဘဝမှာ စာသင်မနေနဲ့တော့။

ဒါပေမဲ့ အရွယ်က ပထမအရွယ် ပညာသင်ရမဲ့အရွယ်၊ ခက်သည်ဖြစ်စေ၊ လွယ်သည်ဖြစ်စေ၊ မင်းပညာသင်ရမှာပဲ။ အဲဒီတော့ မလွှဲမရှောင်သာ သင်ရမဲ့ပညာကို မင်းဘယ်လိုသင်မလဲ။

**ပညာဆိုတာ ထပ်ဖြန်တလဲလဲ**

**REPETITION IS THE MOTHER OF KNOWLEDGE.**

"ပညာဆိုတာ ထပ်ဖြန်တလဲလဲ ကျက်မှတ်လေ့လာနေရတယ်" လို့ ဆိုလိုတာပဲ။ ဒီစကားဟာ မင်းတစ်ယောက်ထဲအတွက်လို့များ မထင်မှတ်လိုက်လေနဲ့၊ မင်းတစ်ယောက်ထဲ အတွက်မဟုတ်ဘူး။ အားလုံးအတွက်၊ ပညာသင်နေကြတဲ့ လူတိုင်း အတွက်။ မင်းတစ်ယောက်တည်းသာ စာကို ဒီလိုကျက်နေရတယ်လို့များ မထင်လိုက်လေနဲ့။ ဘယ်သူမှစာကိုကြိုးစားပဲ မကျက်ပဲ မတော်ဘူး။ မထူးချွန်ဘူး။ မင်းထင်သလား၊ စာတော်တဲ့ ကျောင်းသားကျောင်းသူတွေဟာ စာလုံးဝ မကျက်ပဲနဲ့များ တော်နေတယ်လို့၊ သူတို့လည်း အခေါက်ခေါက်အခါခါ လေ့လာ ကျက်မှတ် ပြီးမှတော်တာတတ်တာ။ အဲဒီတော့ မင်းလဲ ဒီလိုပဲလုပ်ရမှာပဲ။

**တာဝန်သည်ပထမ၊ အစစအရာရာသည်ဒုတိယ**

**(DUTY FIRST, PLEASURE AFTER.)**

"တာဝန်သည်ပထမ၊ တာဝန်သည်အဓိက၊ ပျော်ရွှင်မှုသည်ဒုတိယ အစစအရာရာသည် ဒုတိယ" တာဝန်ပြီးမှ (စာကျက်ပြီးမှ)

ပျော်ရွှင်ရတာ ကျပ်ပြည့်၊ တင်းပြည့်၊ ရာနှုန်းပြည့် အဟန့်အတားမရှိ ပျော်ရွှင်ရတော့ ပိုကောင်းတယ်။ ပိုပြီးလွတ်လပ်တယ်။ ပိုပြီး အရာသာရှိတယ်။ တာဝန်မပြီးဘဲပျော်ရတာမျိုးကတော့ တမျိုးကြီးပဲ၊ နောက်ဆံတင်းရတယ်။ ရယ်နေရင်းနဲ့ တာဝန်ကို ရုတ်တရက် သတိရလိုက်တော့ ရယ်နေရတာပဲ ရပ်ပစ်လိုက်ရတော့မလိုလို ဆက်ပြီးရယ်ရတော့မလိုလိုနဲ့။ တော်တော်ကသိကအောင့် နိုင်ပါ တယ်ကွာ။ အမှန်ကတော့ တာဝန်မပြီးပဲနဲ့ ခွက်ထိုးခွက်လန် ဟက်ဟက်ပက်ပက် ရယ်နိုင်တယ်ဆိုတာကလဲ တာဝန်ကို မလေးစား သူ (တာဝန်ကိုမလေး စားသူဆိုတော့ အရူးပေါ့ကွာ) လောက်သာ ရယ်နိုင်တာ။

(တာဝန်သည် ပထမအစစအရာရာသည်ဒုတိယ) ဆိုတဲ့ လူတွေဟာ လောကမှာ ဘယ်တော့မှ မတိမ်ကောနိုင်ပါဘူး။

ခုချိန်မှာတော့ ပျော်ရွှင်မှုအားလုံးကို စာမေးပွဲဆိုတဲ့ ယဇ်ပလ္လင်ပေါ်မှာ စတေးပစ်လိုက်ကွာ။

**အရုဏ်မတက်မီအချိန်သည် အမှောင်ဆုံး**

(It's the darkest hour before dawn.)

“အရုဏ်မတက်မီအချိန်သည် အမှောင်ဆုံးဖြစ်သည်တဲ့” “မုန်တိုင်းနောက်ကလေပြေလေညင်း”ဆိုတဲ့ အဓိပ္ပါယ်နဲ့ဆင်တူပါ တယ်။ တိုက်ရိုက်အဓိပ္ပါယ်ကတော့၊ (မအောင်မြင်မီအချိန်ဟာ အခက်ခဲဆုံး အကြပ်တည်းဆုံးဖြစ်တယ်) လို့ဆိုလိုတာပဲ။ အခုလဲ အောင်ပွဲဟာ မင်းရဲ့လက်တစ်ကမ်းမှာပဲလိုတော့တယ်ကွ။ မင်း

သတိထားမိရဲ့လား။ မင်းရဲ့အာရုဏ်ဦးလာနေပြီ။ အခုအချိန်ဟာ အမှောင်းဆုံးပဲ။ နောက်နှစ်ဒီအချိန်မှာ မင်းဟာအတန်းသစ်မှာ နေနေရပြီ။ တက္ကသိုလ်ကျောင်းသားဖြစ်ပြီ။ ဘယ်လောက်ပျော်စရာကောင်းလဲ။ ဘယ်လောက်ကြိုးစားချင်စရာ ကောင်းလဲ အစွမ်းကုန်ကြိုးစားလိုက်စမ်းပါကွာ။ ဒီရွှေရောင်အခွင့်အရေးကို လက်မလွှတ်စေနဲ့ မဆုံးရှုံးစေနဲ့။

*စရိုးမိုင်တစ်ယောင်းကို ပထမခြေလှမ်းမှအစပြုသည်။*

(If the begininig is good, the end must be perfect)

**(အစကောင်းမှ အနှောင်းသေချာ)**ဆိုတဲ့ စကားလေးရှိတယ်။ တခါတလေ ဘာကစပြီး ဘာလုပ်ရမယ်မှန်းမသိ။ ဘာကိုင်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ ထိုင်ရမလို၊ ထရမလို၊ ဟိုနေရာထိုင်တွေးလိုက်၊ ဒီနေရာထိုင်တွေးလိုက်နဲ့ပေါ့ကွာ။ ဒီအခါမျိုးမှာ အရှိန်ရလာအောင် (မင်းဟာကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက်) လွယ်တဲ့ဝါသနာပါတဲ့ဘာသာရပ်တစ်ခုခုကို၊ စပြီးကျက်လိုက်ကွာ၊ " ပေါင်မုန့်တဝက်ဟာ ဘာမှမရှိတာထက်တော့ ကောင်းပါသေးတယ်"။ ဘာမှမလုပ်ပဲနဲ့ နေတာနဲ့စာရင် တခုခုကိုလုပ်လိုက်တာက အကျိုးရှိတာပေါ့ကွာ။ နောက်အရှိန်ရလာတော့ ပုံမှန်အတိုင်း ဆက်ပြီးကျက်သွားတာပေါ့။

"**When is doubt, do Something.**" တဲ့ (သို့လော-သို့လောဖြစ်နေရင်တစ်ခုခုလုပ်ပစ်လိုက်)လို့ ဟင်နရီဖို့ဒ် က ပြောထားတယ်။ ဘယ်အလုပ်မဆိုအစခက်တာပဲကွ၊ အလုပ်တစ်ခုကို စပြီးမလုပ်ရင် မလုပ်ဖြစ်ဘူး။ ခရီးမိုင်တစ်သောင်းကိုပထမခြေလှမ်း ကအစပြုတယ်။ ပထမခြေလှမ်းကိုသာ မလှမ်းရင်ဘယ်နည်းနဲ့မှ ခရီးမိုင်တစ်သောင်းကို မပေါက်နိုင်ဘူး။ ဒီစကားကိုနောက်တမျိုး အဓိပ္ပါယ်ကောက်နိုင်သေးတယ်ကွ။ ကြီးကျယ်တာမှန်သမျှ သေးငယ်တာက စကြတာချည်းပဲ။ (မိုးထိမြင့်မားတဲ့တိုက်ကြီးတွေဟာအုတ်တစ်ချပ်သဲတဆုပ်က အစပြုတယ်ဆိုတာမင်းမျက်မြင်ဘဲ။ မဟုတ်လား)။ ဒါကြောင့် သေးငယ်တဲ့ကိစ္စလေးတွေမှာ အလေးအနက်မထားသူ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားမလုပ်ချင်သူ၊ ပေါ့ပေါ့ဆဆလုပ်သူ၊ တန်ဖိုးမထားသူ၊ သေးငယ်တဲ့အလုပ်မို့၊ လုပ်ရမှာရှက်သလိုလို ရွံ့သလိုလိုသိက္ခာကျတယ်လို့ထင်နေသူတွေဟာ ဘယ်တော့မှ ကြီးကျယ်တဲ့ကိစ္စတွေမှာ မအောင်မြင်နိုင်ဘူး။ "မြင်းခွာသံမှိုလေး တစ်ချောင်းကျွတ်နေတာကို အရေးမကြီးပါဘူး" လို့ ထင်မြင်ယူဆမိတဲ့အတွက်စစ်ပွဲကြီးတစ်ပွဲရှုံးခဲ့ရတဲ့အကြောင်း ပုံပြင်လေးတပုဒ် ရှိခဲ့ဘူးတာမင်းသိမှာပဲ။ အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုတဲ့စကားကလည်းမသေးအမွှားကို အလေးမထားလို့ကြီးကြီး ကျယ်ကျယ် ဆုံးရှုံးပျက်စီးရတဲ့အဖြစ်ကို မီးမောင်းထိုးပြတာပဲ။ ကေသရာဇာခြင်္သေ့မင်းဟာသားကောင်ကို ဖမ်းတဲ့နေရာမှာ ဖမ်းမဲ့ သားကောင်ဟာ ကြီးကြီးငယ်ငယ် လုံ့လဝီရိယ စိုက်ထုတ်တာချင်း အတူတူပဲ။ သားကောင်

လေး ငယ်တယ်ဆိုပြီး ပေါ့ပေါ့ဆဆ၊ မဖမ်းဘူး။ဒါကြောင့်လဲ ခြင်္သေ့ကို တောသုံးတောင်ရဲ့ဘုရင် တောတိရစ္ဆာန်တွေရဲ့ အရှင်လို့ အသိအမှတ်ပြုကြတာပေါ့။

မင်းဟာ ပထမခြေလှမ်းစလှမ်းပြီးပြီလား။ မလှမ်းရသေးရင် လှမ်းတော့ကွာ။ စာဆိုတာ စမကျက်ရသေးရင် ကျက်စရာမရှိသလို ဘဲ၊ စကျက်မိပြီဆိုရင်လည်း ကျက်လို့ကို မကုန်နိုင်ဘူး။ ကျက်လို့ကို အားမရနိုင်ဘူး။ စမိပြီဆိုတော့လဲ အရှိန်ရလာပြီး ယောင်ချာချာ မဖြစ်တော့ဘူး။ ကားစောင့်ရင်း၊ ကားစီးရင်းမှာတောင် အိမ်တုံးက တွက်လို့မရခဲ့တဲ့ တွက်လက်စပုစ္ဆာတစ်ပုဒ်၊ အိမ်ကကျက်လာခဲ့တဲ့ စာတစ်ပုဒ်ကို ဆက်ပြီးစဉ်းစားနေလို့ရတာပဲကွာ။

## ဥစ္စာရှင်လို့ ဥစ္စာရှင်ခဲ

ကျောင်းတက်တာ ကျူရှင်တက်တာ လောက်တော့ မင်းကို မင်းအလုပ်လုပ်လှုပြီ ကြိုးစားလှုပြီလို့မထင်နဲ့၊ ၅၀% ပဲပြီးသေး တယ်။ ဆရာတွေက မင်းကိုနားလည်တဲ့ အဆင့်အထိသာ လုပ်ပေး နိုင်တယ်။ စာမေးပွဲဆိုတာမျိုးက နွားသေကို ကြိုးတုတ်ရိုက်သလို ပိုင်နေမှ ဖြေလို့ရတာမျိုး။ ပိုင်အောင်အဆင့်အထိက မင်းကိုယ်တိုင် လုပ်ယူရမယ်။ **"အတ္တဟိ အတ္တနော နာထော"** တဲ့ကွ၊ **"မိမိကိုယ်သာ ကိုးကွယ်အားထားရာ အစစ်ဖြစ်သတဲ့"** "ဥစ္စာရှင်လို့ ဥစ္စာရှင်ခဲ" ဆိုတဲ့ စကားနဲ့ဆင်ဆင်ပါပဲ။ ကိုယ်လိုချင်တာကို ကိုယ်ကိုတိုင် ကြိုးစားပြီး ရယူရမယ်လို့ဆိုလိုတယ်။ ကိုယ်လိုချင်တာကို အခြားလူတယောက် ယောက်က ကိုယ်စားပြု ကြိုးစားပေးလို့မရနိုင်ဘူး၊ "ကြိုးစားဖို့မလို

ဘူး ကျောင်းမှန်မှန်တက်ရုံနဲ့အောင်နိုင်တယ်" ဆိုတဲ့အယူအဆတွေကို လက်ခံယုံကြည်ထားရင် ဒုက္ခရောက်ပြီသာမှတ်။

**လူတော်များသည် လူသာမန်များမလုပ်နိုင်သည့်အလုပ်ကို လုပ်ကြသည်**

လူသာမန်တွေ အချိန်ကို အလဟဿ ဖြုန်းတီးနေတဲ့ အချိန်မှာ လူတော်တွေ အလုပ်လုပ်နေကြတယ်။ လူသာမန်တွေ စိတ်ကူးမျှ မထည့်ရဲတဲ့ အလုပ်အဖြစ်နိုင်ပါဘူးလို့ ထင်နေတဲ့ အလုပ်တွေကို လူတော်တွေလုပ်ကြတယ်။ သူတို့ဟာ စာမေးပွဲဖြေမဲ့ရက်မှာ တစ်ဘာသာ ကိုအနဲဆုံး(၃)ခေါက်စီလောက် ကျက်ပြီးနေကြပြီ။ ဘေးအမြင်မှာ "ဒီအလုပ်တွေကို ဘယ်အချိန်မှာ ဘယ်လိုများ လုပ်လိုက်ပါလိမ့်မလဲနော်" လို့ စဉ်စားယူရလောက်အောင်ကို လုပ်သွားကြတာပဲ။

လူသာမန်တွေဟာ လူတော်တွေကို အမြင့်ကြည့် အမြဲမော့ကြည့်နေရတာပဲ။ လူသာမန်နဲ့လူတော် အဓိကခြားနား ချက်ကိုမင်းကို ရှင်းပြရဦးမယ်။ တစ်ဘာသာ (၃)ခေါက်စီဆိုတာ ရေးပြီးသား၊ တွက်ပြီးသားတွေကို ပြန်ကူးတာမျိုးကို ပြောတာ မဟုတ်ဘူး။ မင်းကိုယ်ပိုင်ဉာဏ်နဲ့ပြန်ရေးပြန်တွက်တာမျိုး (၃) ခေါက်ကို ဆိုလိုတာ။ ရေးပြီးသားပြန်ကူးတာမျိုးကတော့ကွာ (၁၀)ခေါက်ကူးလဲ ထိရောက် သင့်သလောက်မထိရောက်ပါဘူး။

**စာကို ဘယ်လို ကျက်သင့်သလဲ**

မင်း အားရသလိုကျက်ကွာ၊ စာရဘို့ဘဲလိုတာ၊ ဒါပေမဲ့ ယေဘူယျသဘောကိုတော့ ကိုကြီးပြောပြမယ်။

၁။ အချို့ကျောင်းသားတွေက ဘာသာအားလုံးကို မျှပြီးတပြိုင်နက်ကျက်တယ်။

၂။ တချို့ကျောင်းသားတွေက တဘာသာချင်း အပြတ်ကျက်တယ်။ (သင်ပြီးသလောက်ပေါ့)

၃။ တချို့ကတော့ ခက်တဲ့ဘာသာနဲ့ လွယ်တဲ့ ဘာသာကို တွဲကျက်တယ်။

အကိုကြီး အကြံပေးချင်တာကတော့ ဘယ်နည်းနဲ့ပဲ ကျက် ကျက် ဘာသာတခုခုကို ကျက်လို့ငြီးငွေ့လာရင် တခြားဘာသာ တခုခုကို ပြောင်းကျက်ပါ။ စာကျက်တဲ့နေရာပါ၊ (မင်းအိမ်ထဲမှာ ဘဲပေါ့ကွာ) ပြောင်းကျက်ရင်ပိုကောင်းတာပေါ့။ ဦးနှောက် အပြောင်းအလဲ စိတ်အပြောင်းအလဲဖြစ်တာပေါ့၊ စာကျက်ရတာ ငြီးငွေ့လို့ ရုပ်ရှင်သွားကြည့်တယ်၊ လဘက်ရည်ဆိုင်သွားထိုင်တယ်၊ အပြင်လမ်းလျှောက်ကျက်တယ် ဆိုတာမျိုးကတော့ သဘောမတူနိုင် ဘူးကွာ၊ မိနစ် ၂၀-၃၀ ဆိုရင်တော့ ကိစ္စမရှိပါဘူး။ သိပ်ကြာလာရင် မကောင်းဘူး။ ကုသိုလ်တစ်ပဲ ရေကတစ်ပိဿာဘဲ၊ အပြင်ထွက်သွား တဲ့အချိန်က စာကျက်ချိန်ထက် ပိုများနေတယ်။ စာကျက်လို့ ငြီးငွေ့လာရင် ၅-၁၀ မိနစ်လောက် ကိုယ်လက်လှုပ်ရှားမှု တခုခု လုပ်လိုက်ရင် ပျောက်သွားတတ်ပါတယ်။ စိတ်ပင်ပန်းမှုကို ကိုယ်ခန္ဓာ လှုပ်ရှားမှုနဲ့ ကုစားခြင်းပါပဲ။

**လုပ်ရှားမှုတိုင်းသည် အောင်ပွဲအတွက်**

လှုပ်ရှားမှုတိုင်းဟာ စာမေးပွဲအတွက်ဖြစ်ရမယ်။ "စာမေးပွဲအတွက်စားတယ်၊ စာမေးပွဲအတွက် လမ်းလျှောက်တယ်၊ စာမေးပွဲအတွက်ကစားတယ်၊ စာမေးပွဲအတွက်အိပ်တယ်" ဖြစ်ရမယ်။ ဒီအချိန်မှာ အစစအရာရာဟာ စာမေးပွဲအတွက် ဖြစ်ရမယ်။ စကားဝိုင်းမှာ ဖြစ်စေ၊ အားကစားတခုခုလုပ်ရင်ဖြစ်စေ၊ လမ်းလျှောက်ရင်းဖြစ်စေ၊ အရေမရအဖတ်မရ၊ အကျိုးမရှိတဲ့စကားတွေကို ပြောနေမဲ့အစား အချင်းချင်းစာအကြောင်းသာ ဆွေးနွေးကြမယ်ဆိုရင် ပိုအကျိုးရှိပါတယ်။

**ရှေ့ရယ် မှတ်ကျောက်ရယ်**
**မင်းရယ် မေးခွန်းဟောင်းရယ်**

"မိမိ၏အခြေအနေမှန်ကို သိအောင်ကြိုးစားပါ။ မိမိ၏အခြေအနေမှန်ကို သိထားခြင်းသည်၊ တိုက်ပွဲကို တစ်ဝက်အောင်မြင်ခြင်းပင် ဖြစ်ပါသည်" လို့ စကားတစ်ခွန်းရှိတယ်။

မင်းရဲ့ အခြေအနေမှန်ကိုလည်း မင်းသိရဲ့လား သိအောင်ကြိုးစားရမယ်။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး စစ်ဆေးမေးမြန်းရမယ်၊ ဝေဖန်သုံးသပ်ရမယ်၊ ဒီလိုဝေဖန်တဲ့နေရာမှာ ကိုယ့်ကိုယ်ကို မညာဘို့ မညာဘို့လိုမယ်၊ ရွှေစစ်မစစ် မှတ်ကျောက်တင်ကြည့်ရသလို မင်းကို မင်းလဲ စာမေးပွဲအဆင့်အတန်းမှီ မမှီကို မှတ်ကျောက်တင် ကြည့်ရဲ့ရမယ်၊ မင်းအတွက်မှတ်ကျောက်ကတော့ စာမေးပွဲမေးခွန်းဟောင်းတွေပဲ၊ ဒါတွေကို ဖြေကြည့်ရမယ်။

ကျောင်းပေါင်းစုံက အစမ်းစာမေးပွဲ မေးခွန်းတွေကိုလည်း ဖိတ်ဝင်စားရတယ်ကွ၊ အဲဒီမေးခွန်းတွေကိုလည်း ဖြေတတ်အောင် ကြိုးစား၊ ဒီလိုဆိုရင် စာမေးပွဲဖြေချိန်လဲ ရောက်ရော၊ စာကျက်ပြီး သား၊ မေးခွန်းဟူသမျှကိုလည်း ဖြေတတ်ပြီးသား ဖြစ်ရော။

စာမေးပွဲမေးခွန်းပုံစံနဲ့ အမှတ်ပေးစည်းမျဉ်းကို ပိုင်ဖို့ အထူးလို လို့ပဲဟေ့။

***အဆိုးဆုံးကိုပြင်ဆင်ထားပြီး၊ အကောင်းဆုံးကို မျှော်လင့်ပါ။***

PREPARE FOR THE WORST, HOPE FOR THE BEST. ဘာအကြောင်းကြောင့်မှ စာမေးပွဲကို လျှော့မတွက်နဲ့ "**အဆိုးဆုံးအတွက်ပြင်ဆင်ထားပြီး အကောင်းဆုံးကို မျှော်လင့်ပါ**" ဆိုတဲ့ အင်္ဂလိပ်စကား တစ်ခုရှိတယ်ကွ။ အဆိုးဆုံးအတွက် ပြင်ဆင် ထားတာဟာ ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး။ မေးခွန်းလွယ်သည် ဖြစ်စေ၊ ခက်သည်ဖြစ်စေ မင်းဖြေနိုင်မှာပဲ။ မင်းကလျှော့တွက်ပြီး ပြင်ဆင်ထားမယ်ဆိုရင် မင်းတွက်ထားတဲ့အတိုင်း မေးခွန်းကလွယ် ရင် အကြောင်းမဟုတ်ဘူး။ ခက်ရင်တော့မင်းရဲ့ဘဝကို လျှော်ကြေး အဖြစ်ပေးရမှာပဲ၊ ဘဝနဲ့အလောင်းအစားမလုပ်ချင်စမ်းနဲ့ကွာ၊ မီးနဲ့ မကစားချင်နဲ့၊ အန္တရာယ်ကြီးလှတယ်။

ဘယ်ကိစ္စမျိုးအတွက်ဖြစ်ဖြစ် ကိုယ့်ဘက်ကသေချာအောင် အဆိုးဆုံးအတွက်သာ ပြင်ဆင်ထားပါ။ စိတ်ချရတယ်။ မမှားနိုင်ဘူး။

**"မနက်ဖြန်သည်စာမေးပွဲ"**

TOMORROW IS EXAM:

စာမေးပွဲကို အမြဲသတိရပြီး စာကျက်ရမယ်။ **"မနက်ဖြန် စာမေးပွဲ"**လို့ သဘောထားပြီး စာကျက်ရမယ်၊ စာမေးပွဲကို မေ့နေယင် သွေးအေးတယ်။ စာကျက်လို့ခရီးမတွင်ကျယ်ဘူး၊ အဲဒီ တော့စာမေးပွဲကို နေ့တိုင်းသတိရနေရမယ်၊ အမြဲသတိရနေ ရမယ်၊ စာမေးပွဲကို ဘယ်တော့မှ မမေ့နဲ့ပော့။

အခုလိုအချိန်မှာ စာမေးပွဲဖြေရဘို့ ဘယ်နှစ်ရက် လိုတော့ တယ်ဆိုတာကို နေ့တိုင်းတွက်ကြည့်နေရမယ်၊ မင်းတွက်ကြည့် မိရဲ့လား။

စာမေးပွဲ(RESULT) တွေထွက်ပြီး မင်းဘယ်လိုနေချင် သလဲ၊ ကြိုတင်စဉ်းစားထားကွာ၊ ရပ်ကွက်ထဲမှာ သူငယ်ချင်းတွေ အလယ်မှာ မိဘဆွေမျိုးသားချင်းတွေကြားမှာ မင်းဘယ်လို နေချင် သလဲ၊ ရင်ကော့ခေါင်းမော့ပြီးနေချင်သလား။ ဘယ်သူနဲ့မှ မျက်နှာချင်းမဆိုင်ရဲတဲ့ အဖြစ်နဲ့ ကြုံချင်သလား။

ရပ်ကွက်ထဲမှာလဲ မင်းပတ်ဝန်းကျင်က တက္ကသိုလ်ကျောင်း သားတွေချည့်၊ မင်းတစ်ယောက်ထဲ ဆယ်တန်းကျောင်းသားဆိုယင် မျက်နှာငယ်စရာ ရှက်စရာပါကွာ။ မင်းမိဘတွေကိုလည်း အားနာဖို့ သနားဖို့ကောင်းပါတယ်။

ဆယ်တန်းစာမေးပွဲကတော့ မင်းဘဝမှာ အရေးကြီးတဲ့ မှတ်တိုင်တစ်ခုပဲကွ၊ သားစဉ်မြေးဆက် လက်ညှိုးထိုးပြစရာအဖြစ် ကျန်ခဲ့အောင် အမှတ်တရ ဖြစ်အောင် စိုက်ထူခဲ့စမ်းပါကွာ။

**တစ်သက်မှာ တစ်ခါ**

ဒီစာမေးပွဲကို မင်းတစ်သက်မှာ ဒီတစ်ခါပဲ ဖြေခွင့်ရမယ်၊ မင်း လေးလေးနက်နက် စဉ်းစားပါ။ နောက်နှစ်မင်းဖြေမယ့် စာမေးပွဲဟာ ဒီစာမေးပွဲ မဟုတ်တော့ဘူး။ အဲ့ဒီတော့မင်းအတွက် အခွင့်အရေး ကောင်းတစ်ခုလို့ သဘောထားပြီး အကောင်းဆုံး အတတ်နိုင်ဆုံး ကြိုးစားပြီးဖြေပါ။ ဒီနှစ်မင်းအောင်မှကိုဖြစ်မယ်။ ဘာအကြောင်း ကြောင့်မှ ကျလို့မဖြစ်ဘူး။ စာမေးပွဲဖြေပြီးမှ အောင်စာရင်း ထွက်လာ မှ မင်းကျပြီး သူငယ်ချင်းတွေက အောင်သွား လို့ဖြစ်စေ၊ ဒီလိုမှ မဟုတ် အမှတ်နည်းလို့ဖြစ်စေ၊ **"ငါမကြိုးစားမိခဲ့လေခြင်း၊ ငါကြိုးစားမှု နည်းလေခြင်း၊ လိုသွားလေခြင်း"** လို့ နောင်တ မရချင်နဲ့။ စာမေးပွဲ ဖြေပြီးမှ စာကျက်ချင် စိတ်တွေပေါက်မနေနဲ့။ ကိစ္စကလွန်သွားပြီ၊ ပြီးသွားပြီ၊ ပြီးပြီးသားဟာ ပြီးပြီးသားပဲ။ **"သူခိုးပြေးမှ ထိုးကွင်း မထချင်နဲ့" "မိုးလွန်မှ ထွန်မချချင်နဲ့"** တော့။

**မြေကြီး လက်ခတ်မလွဲ**

မြေကြီးလက်ခတ်မလွဲသေချာပေါက် ထူးထူးချွန်ချွန် အောင်ဖို့ မင်းဘာလုပ်မလဲ၊ ကိုယ်ပိုင် **(REVISION)** အနည်းဆုံး (၃)ခေါက်လောက်လုပ်ရမယ်၊ သင်ပြီးသားတွေကိုကြည့်ရေးတာမျိုး မဟုတ်ဘဲ၊ အလွတ်ပြန်ရေး၊ ပြန်ဆွဲ၊ ပြန်တွက်နိုင်တာမျိုးကို ပြောတာ။ နောက်ဆုံး **REVISION** ကိုပြောင်းပြန် ပြန်ကျက်ရမယ်၊ ဆိုလိုတာက နောက်ဆုံးမှဖြေရမဲ့ဘာသာကို ပထမဆုံးကျက်၊ ပထမဆုံးဖြေရမဲ့ ဘာသာကို နောက်ဆုံးမှကျက်၊ ဒီတော့ စာတွေဟာ

မရောတော့ဘူး။ ကျက်ပြီးပြီးချင်း သွားဖြေရတော့ ပူပူနွေးနွေး ဆိုတော့ မမေ့တော့ဘူး။

**မတော်သူသေ၊ တော်သူနေ**

"မတော်သူသေ၊ တော်သူနေ"တဲ့ (SERVIVAL OF THE FITTEST)လို့ (DARWIN) ရဲ့သီအိုရီတခုရှိတယ်။ ကမ္ဘာဦးမှာ ရှိခဲ့တဲ့ အခွန်ကြီးမားတဲ့ တိရိစ္ဆာန်ကြီးတွေ ဒီနေ့မရှိကြ တော့ဘူး။ ဘာလို့လဲ သူတို့ဟာ သူတို့ဘဝရပ်တည်နိုင်ရေးအတွက် မရုန်းကန် နိုင်ကြလို့ပဲ၊ မတော်လို့သေကြရတာပဲ၊ ဒီနေ့ကမ္ဘာမှာ ကျန်ခဲ့တဲ့ သက်ရှိသတ္တဝါတွေဟာ ကိုယ့်ဘဝရပ်တည်နိုင်ရေးအတွက် ရုန်းကန် နိုင်ကြလို့ပဲ၊ တော်လို့အသက်ရှင်နေကြတာပဲ။ မင်းဘဝလဲ ဒီအတိုင်း ပဲ၊ ဘဝရပ်တည်နိုင်ရေးအတွက် မရုန်းကန်နိုင်ယင် အညတြဘဝ၊ မထင်မရှားဘဝနဲ့ ဇာတ်သိမ်းရမှာပဲ။

**မတည်ဆောက်မီ ပုံစံထုတ်ပါ။**

(MAKE MODEL BEFORE YOU BULLD.)

တဲ့၊ မြန်မာလိုတော့ "ပွဲမဝင်ခင် အပြင်ကကျင်းပ" လို့ ဆိုတာပေါ့ကွာ။ တံတား၊ သင်္ဘော၊ ရထား၊ လေယာဉ်ပျံတွေမတည်ဆောက်မီ ပုံစံ အရင်လုပ်ကြည့်ရတယ်၊ ဒီလိုပုံစံမထုတ်ပဲ တန်းပြီးတည်ဆောက်လို့ မှားယွင်းသွားရင်အကြီးအကျယ် ဆုံးရှုံးနစ်နာမယ်။ ပုံစံမှာ အမှားတွေ့လို့ ပြန်ပြင်ရတာဘာမှ ကြီးကြီးကျယ်ကျယ်မထိခိုက်ဘူး၊ ဆုံးရှုံးနစ်နာမှုမရှိဘူး၊ ပုံစံမှာ အမှားတွေ့တယ်၊ တွေ့တဲ့အမှားကို

ခဲ့တဲ့အတွက် တစ်ကာယ်တည်ဆောက်ရာမှာ အမှားအယွင်း ...င်းတယ်၊ ဒါကြောင့် ဆုံးရှုံးနစ်နာမှုမရှိတော့ဘူး။

မင်းအတွက်လည်း ဒီအတိုင်းပဲ၊ အဆုံးအဖြတ်ပေးမဲ့ ...တန်းတင်စာမေးပွဲကြီးကို မဖြေခင်အပါတ်စဉ်၊ လစဉ် စာမေးပွဲ ...းတွေကို လေးလေးစားစား ရိုရိုသေသေနဲ့ ကြိုးကြိုးစားစား ...ဖြေခဲ့ရမယ်၊ ဒီစာမေးပွဲလေးတွေကို ပကတိဖြူဖြူစင်စင် ရိုးရိုး ...သားသားနဲ့ ဖြေပြီး မင်းရဲ့အခြေအနေမှန်ကိုသိအောင် လုပ်ရမယ်။

(ကြီးကျယ်တာမှန်သမျှ သေးငယ်တာလေးကစသည်) ဆိုတဲ့ ...အတိုင်း အပါတ်စဉ်၊ လစဉ်စာမေးပွဲလေးတွေကို အထင်သေး ...လို့ဖြစ်စေ၊ အလေးအနက်မထားလို့ဖြစ်စေ၊ ပျင်းလို့ဖြစ်စေ၊ ...ဖြေဘူးဆိုပါတော့၊ မင်းသူငယ်ချင်းကတော့ အလေးအနက်ထားပြီး ...ရို သေသေ ကြိုးကြိုးစားစားနဲ့ ဖြေမယ်၊ မပျက်မကွက်ဖြေနေတယ် ...ဆိုပါတော့။ စာမေးပွဲကြီးမှာ မင်းဘယ်နည်းနဲ့မှ သူ့ကိုမမှီနိုင်တော့ ...ဘူး။

အောင်မြင်ချင်ရင် ကိုယ့်စိတ်ကို အလိုမလိုက်ရဘူး၊ ဇွဲရှိရ ...ယ်၊ သည်းခံရမယ်၊ ချုပ်တီးရမယ်၊ စာမေးပွဲဖြေတယ်ဆိုတာ ရှုပ်ရှင် ...ကြည့်ရသလောက်တော့ ဘယ်ပျော်စရာကောင်းမလဲ၊ ဒါပေမဲ့ ...အောင်မြင်ချင်ရင် ဒီနေရာမှာ မင်း ကိုယ့်စိတ်ကိုယ်နိုင်ရမယ်။

## ...ိုးသည်ကြီး အိုးကို ရိုက်ရခြင်း အကြောင်းရင်း

ကျောင်းသားတိုင်းဟာ ဆရာတွေကချော့ရင်၊ မြှောက်ရင် ...တော့ ကြေနပ်တယ်။ ဆူပူကြိမ်းမောင်းရင်တော့ မကျေနပ်ဘူး။

ဆရာတွေ ဆူပူကြိမ်းမောင်းတာ ဘယ်သူ့အတွက်လဲ။ ဆူပူကြိမ်းမောင်းတဲ့ဆရာ၊ စည်းကမ်းကြီးတဲ့ဆရာ၊ ပြုပြင်တဲ့ဆရာကို ကျောင်းသားငွက မုန်းကြတယ်။ ဆရာတွေကတော့ မင်းကိုချစ်လို့ဆူတာပဲ။ ဘယ်သူနဲ့ပြိုင်ပြိုင် မင်းကိုနိုင်စေချင်တယ်။ မင်းကိုလူယဉ်ကျေး၊ လူလိမ္မာလေးတစ်ယောက်ဖြစ်စေချင်တယ်။ လူ့ထိပ်တန်းရောက်စေချင်တယ်။ အိုးသည်ကြီး အိုးကိုရိုက်ရခြင်းဟာ အိုးကိုမာစေချင်လို့ ခိုင်စေချင်လို့ပဲ။ ကျားမကြီးဟာ သားသမီးကျားငယ်လေးတွေကို သားကောင်ဖမ်းနည်း၊ သင်ပေးတဲ့အခါမှာ တခါတရံ အလှည့်မသင့်ရင် မတော်တဆ ကျားလေးတွေမျက်လုံးထွက်သွားတတ်တဲ့အထိ ဖြစ်တတ်တယ်ကွ။ သားကောင်ကို မလွတ်တမ်းမိအောင်ဖမ်းတတ်စေချင်တဲ့၊ ရန်သူနဲ့ရင်ဆိုင်တွေ့ရင် ကိုယ့်အသက်ကို ကာကွယ်နိုင်စွမ်း ရှိစေချင်လှတဲ့ မိခင်ကျားမကြီးရဲ့စေတနာတွေကြောင့်ပဲ။

ဆူတဲ့ဆရာ၊ စည်းကမ်းရှိတဲ့ဆရာဟာ ကျေးဇူးပိုကြီးတယ်။ မိဘသို့မဟုတ် ဆရာရဲ့အဆူခံရတာကို မင်းဝမ်းသာကြည်နူးရမယ်။ ဂုဏ်ယူရမယ်။

မိဘ (သို့) ဆရာက မဆုံးမတော့ပဲ မဆူပူ မကြိမ်းမောင်းတော့ပဲ ဥပက္ခာပြု လစ်လျူရှု လက်လျှော့လိုက်ရတဲ့ သားသမီး(သို့) တပည့်ဟာ တန်ဖိုးမရှိတော့ပါဘူးကွာ။

**အချိန်တွက် မမှားနဲ့**

ဥပမာ-စာမေးပွဲဖြေရဖို့ရက်ပေါင်း (၁၂၀) လိုတယ်ဆိုပါတော့။ တစ်ဘာသာအတွက် စာကျက်ချိန်ဟာ(၂၄)ရက်ပဲ ကျန်တော့တယ်။ မင်းသဘောပေါက်ဖို့က၊ ကျောင်းသားတစ်ယောက်အတွက် စာကျက်ရက် တစ်ရက်ဆိုတာ (၂၄)နာရီမဟုတ်ဘူး။ ၅ နာရီထဲရယ်။ (ဒါတောင် ကြိုးစားတဲ့ ကျောင်းသားမှပါ)၊ ရက်ပေါင်း (၂၀)ဆို မင်းအတွက် စာကျက်ချိန်နာရီ (၁၀၀)ပဲ။

စာကိုတစ်ည ကျက်ပြီးတိုင်း ဘယ်လောက် ခရီးပေါက်သလဲ။ ဘယ်လောက်ခရီးရောက်မလဲဆိုတာ သိရအောင် ပြန်ဆန်းစစ်ကြည့်ကွာ။

**အိပ်ချင်ရင်**

တစ်ညမှာ သိပ်အိပ်ချင်တဲ့အချိန် တစ်ချိန်တော့ ရှိတတ်တယ်။ ဒီအချိန်ကို ကြံ့ကြံ့ခိုင်ခိုင်တဲ့ စိတ်ဓါတ်မင်းမှာ ရှိဘို့လိုတယ်။

အိပ်ချင်နေတဲ့ အချိန်မှာတော့ အိပ်ယာပေါ်တို့ ပက်လက်ကုလားထိုင်ပေါ်တို့မှာ စာမကျက်နဲ့ပေါ့၊ မတ်တပ်ရပ်ကျက်၊ လမ်းလျှောက်ရင်းကျက်၊ သိပ်အိပ်ချင်လာရင် သွေးပူသွားအောင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်လိုက်ကွာ၊ စာဆက်ကျက်၊ အဲဒါနဲ့မှ အိပ်ချင်သေးတယ်ဆိုရင် ရေမျှားမျှားနဲ့ မျက်နှာသစ်ပစ်၊ ရေနွေးကြမ်း သို့မဟုတ် ကော်ဖီခါးခါးသောက်လိုက်ကွာ။ ဒါနဲ့မှ အိပ်ချင်သေးရင်တော့ အိပ်လိုက်ကွ။ မနက်ကျမှ စောစောထကျက်။

နောက်ပြန် **စာမေးပွဲဆိုရင်**

ဖေါင်တိန်(သို့) ဘောပင် သေသေချာချာပြင်ထား။ ခဲတန် ချွန်ထား။ မနက်စောစော စာမေးပွဲဖြေသွားတဲ့အခါမှာ ယူသွားရမယ့် ပစ္စည်းစာရင်းကို ကြိုတင်လုပ်ထားပြီး စာကြည့်စားပွဲအနီး တစ်နေရာမှာ ကပ်ထား။ ညကတည်းက အဲဒီစာရင်းအတိုင်း ပစ္စည်းတွေကို စစ်ဆေးပြီး တစ်နေရာမှာစုထား။ မနက်အတွက် အဆင်သင့်ပေါ့။

စာမေးပွဲဖြေသွားတဲ့အခါ ကားစောင့်ရမှာတို့ ကား ခါတ်ဆီဝင်ထည့်ရမှာတို့၊ ကားပျက်တတ်တာတို့ကို ကြိုတင်စဉ်းစားပြီး ပြင်ဆင်ထား။ ခါးပိုက်နှိုက်ခံရလို့ ဖြေမဲ့ပစ္စည်းတွေလဲ ပါသွားဦးမယ်။

**စာမေးပွဲစန်းဆဲ**

၁။ အဝအပြစားမသွားနဲ့ အိပ်ချင်ပြီး ဉာဏ်မရွှင် ဖြစ်တတ်တယ်။ လုံးလုံးမစားပဲနဲ့လည်း သွားမဖြေနဲ့ မူးတတ်တယ်။ တန်ဆေး လွန်ဘေး သင့်တင့်မျှတယုံသာ စားသွား။

၂။ ပွဲနေ ပွဲထိုင်သွားမှာလို ဝတ်မသွားနဲ့။ အဝတ်အစားကို ဂရုစိုက်နေရတော့ စာမေးပွဲဖြေတဲ့နေရာမှာ ရာနှုန်းပြည့် အာရုံမစိုက်နိုင်ဘူး၊ အာရုံစိုက်မှု လျော့တတ်တယ်။ ညစ်တီး ညစ်ပတ်လဲဝတ်မသွားနဲ့၊ ပါတ်ဝန်းကျင်ကို အနှောက်အယှက်ဖြစ်တတ်တယ်၊ လူရိုသေ ရှင်ရိုသေရုံသာ ဝတ်သွား။ အကောင်းဆုံးကတော့ ကျောင်း ယူနီဖေါင်းပဲကောင်းတယ်။

၃။ ရောက်ရောက်ခြင်း ခုံနံပါတ်ထိုး။ မျဉ်းကြောင်းနဲ့မှ စာရေး

တတ်ရင် အဖြေစာအုပ်ကို မျဉ်းသားထား၊ ဘယ်မှမကြည့်နဲ့ စိတ်လှုပ် ရှားတယ်။ ပါတ်ဝန်းကျင်တစ်ခုလုံးက လှုပ်ရှားနေတယ်။ ဒီတော့ ဒီလှုပ်ရှားမှုက မင်းကိုလာပြီး ဂယက်ရိုက်မယ်။ စိတ်ကို အေးအေး ဆေးဆေး တည်တည် ငြိမ်ငြိမ်ထား။ ဘာမှမကြောက်နဲ့၊ လာသမျှကို ရင်ဆိုင်ဖြေရှင်းမယ်လို့ စိတ်ကိုဆုံးဖြတ်ထားပြီး၊ လုပ်စရာရှိတာ ဆက်လုပ်။

၄။ မေးခွန်းကို အစအဆုံးသေသေချာချာဖတ်။ ၅ မိနစ် ၁၀ မိနစ် ကုန်ပါစေ။ လွဲဖြေမိယင်၊ မှားဖြေမိရင် အထိနာမယ်။ ရွေးပြီး မှဖြေ။ မေးခွန်းကိုဖြေပြီးကြောင်း မေးခွန်းစာရွက်နံပါတ်ကို အမှတ် အသားလုပ်လိုက်။ ဖြေမပြီးခင် မမှတ်နဲ့။

၅။ မေးခွန်းတစ်ပုဒ်အတွက် ဖြေခွင့်ရတဲ့အချိန်ကို ရှာထား။ ဥပမာ-၆ ပုဒ်အတွက် ၃ နာရီဆိုရင် မင်းအတွက်မိနစ် (၃၀)။ အဲဒါ ထက် ပိုမကြာစေနဲ့။ မပြီးသေးရင် ကွက်လပ်မှန်းချန်ပြီး၊ နောက်တစ် ပုဒ်ဖြေပါ။

၆။ အထူးသဖြင့် (မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ ဇီဝဗေဒ) မှာ အပုဒ် စေ့အောင်ဖြေခြင်းဟာ၊ အပုဒ်စေ့အောင် မဖြေခြင်းထက် အစစ အရာရာ အခွင့်အရေးပိုတယ်ဆိုတာကို မမေ့နဲ့။ ဘာသာတိုင်း အပုဒ်စေ့ဖြေနိုင်အောင် ကြိုးစားပါ။

၇။ အပိုင်ဆုံးမေးခွန်းကို အရင်ဆုံးဖြေ။ သိပ်မပိုင်တဲ့ မေးခွန်းကို ဖြေတယ်ဆိုရင် အလယ်မှာဖြေ၊ ဒုတိယအပိုင်ဆုံး မေးခွန်းကို နောက်ဆုံးမှဖြေ။

၈။ အချိန်မစေ့ပဲ မထွက်ခဲ့ပါနဲ့။ ပြန်စစ်ပါ။ တစ်ခါပြန်စစ်ရင် တစ်ခါလိုအပ်ချက်၊ ချို့ယွင်းချက်အမှား တွေ့တတ်တယ်။ ဖြည့်စွက် ပါ။ အချောကိုင်ပါ၊ ပြင်ဆင်ပါ။ နှမ်းဖြူးပါ။

(Even the best can be improved.) တဲ့။ အဓိပ္ပါယ်က "အကောင်းဆုံးကိုတောင်မှ တိုးတက်အောင် လုပ်နိုင်ပါသေးတယ်" တဲ့။ အချိန်ပိုနေသေးရင် ပုံတွေကို ပိုပြီး ကောင်းလာအောင် သေသပ် အောင်လုပ်ပါ။ အရေးကြီးတဲ့ စာကြောင်းတွေရဲ့ အောက်က မျဉ်းသားပေးလိုက်။ စာမေးပွဲ အခန်းပြင်ရောက်မှ ဘာမှပြန်ပြင်ဆင် ချင်လို့မရတော့ဘူး ဆိုတာသတိထား၊ အဲဒီတော့မှ နောင်တရလို့ မဖြစ်တော့ဘူး။

၉။ အဖြေစာအုပ်ထဲမှာ ဖြေနေတဲ့ဘာသာရပ်နဲ့ မသက်ဆိုင် တာကို ဘာမှမရေးနဲ့။ အသနားခံတာမျိုး ဆရာတွေကို စော်ကားတာမျိုး စသည်ဖြင့်ပေါ့။ ဘာမှအကျိုးမထူးဘူး။ သိက္ခာကျတယ်။ **Debre** (ဒီဘား) ထိနိုင်တယ်။ အဖြေ စာအုပ်ထဲကို ငွေလည်းညှပ်မထည့်နဲ့။ စာစစ်သူကို စော်ကား ရာ ရောက်တယ်။

၁၀။ အမှတ်ခြစ်တာက စာစစ်သူအလုပ်ပဲ။ အကောင်းဆုံး ဖြေပေးရမှာက ကိုယ့်တာဝန်ပဲ။ ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချစွာနဲ့ တစ်ပုဒ်မကျန် အကောင်းဆုံးဖြေခဲ့ပါ။ အောင်တာကျတာ စိတ်ထဲမထားနဲ့ဦး။

**လူငယ်နှင့်စာပေ**

"တိုးတက်သော လူမျိုးသည် စာဖတ်ကြ၍၊ စာဖတ်သော လူမျိုးသည် တိုးတက်ကြသည်" လို့ တရုတ်စကားပုံတစ်ခုမှ ဆိုထားတယ်။

"ထမင်းစားတာဟာ ခန္ဓာကိုယ်အတွက် အစာအဟာရ ဖြစ်သလို စာဖတ်တာဟာ "စိတ်" ရဲ့ အစာအဟာရ အတွက် ဖြစ်တယ်" လို့ ဆိုတယ်။

စာမျိုးစုံကို ဖတ်တာတော့ကောင်းပါတယ်၊ ဒါပေမယ့် ဘဝ အတွက် လောကအတွက် အကျိုးပြုစာပေတွေကိုသာ ရွေးဖတ်စေ ချင်တယ်။

အစ်ကိုကြီး ဖတ်စေချင်တဲ့ စာအုပ်တွေကတော့၊ စိတ်ပညာ ကျမ်း၊ တိုးတက်ရေးကျမ်း၊ နာမည်ကျော် ပုဂ္ဂိုလ်များရဲ့ အထုပ္ပတ္တိ ကျမ်း၊ မိမိဝါသနာပါတဲ့ အတတ်ပညာနဲ့ သက်ဆိုင်တဲ့ စာအုပ်တွေ (ဥပမာ - ကျောက်မျက်ရတနာ၊ ကွန်ပြူတာ၊ ရေဒီယို၊ မွေးမြူရေး၊ စိုက်ပျိုးရေး) စသည်တို့ ဖြစ်တယ်။ မဂ္ဂဇင်းတွေမှာပါတဲ့ ဝတ္ထုတိုတွေ ဟာလည်း "လူ့ဘဝလောကရဲ့ ပြူတင်းပေါက်လေးတွေ" လို့ဆို ထားတယ်။ လူမျိုးစုံ၊ ဘဝမျိုးစုံ၊ စရိုက်မျိုးစုံအကြောင်း သိရှိ ဗဟုသုတ ရစေနိုင်တယ်။ စာဖတ်ခြင်းကြောင့် လူ့ဘဝ အတွေ့အကြုံ အများကြီး တိုးတက်စေနိုင်တယ်။

**A little knowledge is dangerous.**

"ဗဟုသုတနည်းခြင်းဟာ အန္တရာယ်ရှိတယ်" လို့ ဆိုထား တာ မင်းသိတယ်မဟုတ်လား။ ဒါကြောင့် မည်သည့်နည်းနှင့် မဆို စာဖတ်တတ်သော အလေ့အကျင့်ကို မွေးကြပါ။

***ပညာနဲ့ပါတ်သက်တဲ့ ဆိုရိုးစကားများ။***

စာပေ/ပညာနဲ့ပါတ်သက်တဲ့ ဆိုရိုးစကားလေးတွေကို အစ်ကိုကြီး ရေးပေးလိုက်တယ်။ လေ့လာထားကြပါ။

"စာဖတ်ခြင်းကို သင်မနှစ်သက်လျှင် မည်သည့်အခါမျှ ပညာရှိ မဖြစ်နိုင်" (ဒေါက်တာဂျွန်ဆင်)

"အသက်မွေးခြင်းတို့တွင် ပညာနှင့် အသက်မွေးခြင်းသည် အမြတ်ဆုံးဖြစ်၏" (ဗုဒ္ဓစကား)

"ပညာသည် လူ၏တံခွန်တည်း" (ဆွီဒင်စကားပုံ)

"အကောင်းအဆိုးကို ပညာတည်းဟူသော မှန်ပြောင်းဖြင့် ကြည့်နိုင်သည်" (အီဂျစ်)

"ပညာသည်ဘဝနှင့် အမြဲဆက်သွယ်လျက်ရှိသည်" (ဒိန်းမတ်)

"လူသည် သေမျိုးဖြစ်သော်လည်း ပညာသည် သေမျိုး မဟုတ်" (စကော့)

"ယနေ့ကမ္ဘာတွင် အတတ်ဆုံးပညာသည် ဟူ၍ မရှိသေး" (အမေရိကန်)

"နားထောင်ခြင်းမှ ပညာရှိလာ၍ စကားပြောခြင်းမှ နောင်တ ရလာတတ်သည်" (အီတလီ)

"မိန်းမနှင့်ငွေ တူသည်။ ယောက်ျားနှင့်ပညာ တူသည်၊ ယောက်ျားနှင့် မိန်းမပေါင်းလျှင် အိမ်ထောင်တစ်ခု ဖြစ်သည်။ ငွေနှင့် ပညာပေါင်းလျှင် မဆုတ်မယုတ်သော ဂုဏ်တစ်ခုဖြစ်သည်"(တရုတ်)

"သတိကို လက်ယာဘက်၊ ပညာကို လက်ဝဲဘက်တွင် ထား၍ နှလုံးသားတွင် မေတ္တာစိတ်ထားပါ" (အင်္ဂလိပ်)

"ပညာ၏လက်ဝဲဘက်တွင် ချမ်းသာခြင်း ဂုဏ်ရှိခြင်း တည်၍ လက်ယာဘက်တွင် အသက်ရှင်ခြင်း (အသက်ရှည်ခြင်း) တည်၏" (လောဒ်ချက်စတားပီး)

"မီးရောင်လရောင် နေရောင်ညဏ်ရောင် လွှမ်း၍မိုး၊ ပညာသမှာ အာဘာနတ္ထိ မြတ်မှုနိ ဟောရှိကျမ်းထိုထို" (သုတရတနာ ဆုံးမစာ)

"ကျောင်း၌ အတတ်ပညာသင်ခြင်းသည် စင်စစ်အားဖြင့် မိမိကိုယ်ကို မိမိဘယ်ဘက်မှာ တော်သည်ဟူသောအကြောင်းနှင့် ပတ်သက်၍ စစ်ဆေးခြင်းမျှသာဖြစ်သည်" (ပီမိုးနင်း)

"စာအုပ်အစုအပုံကြီးသည် တကယ့်တက္ကသိုလ်ကြီး ဖြစ်တော့သည်" (သောမတ်ကာလိုင်း)

## လူငယ်နှင့် အချစ်ရေး

"အချစ်ဖြင့် အရာရာကို တည်ဆောက်သည်" "အချစ်မရှိသာမှု မရှိနိုင်" ၊ "အချစ်သည် အရာရာထက်ခွန်အားကြီးသည်" လို့ လူငယ်တွေ ဘာမှန်းညာမှန်းမသိ လက်သီးလက်မောင်းတန်းအော် တတ်ကြတယ်။

တကယ်တော့ အချစ်ရေးကိစ္စဟာ ပညာရေးကိစ္စပြီးမှသာ နောက်လာသင့်တယ်။ ပညာရေးလောက်အရေးမကြီးသင့်ဘူး။

ချစ်သူရွေးရာမှာ နှလုံးသားထိန်းချုပ်မှု (Heart Control) နဲ့ ဦးနှောက်ထိန်းချုပ်မှု (Brain Control) နှစ်ခုလုံးဟန်ချက်ညီညီထိန်းချုပ်ပါဝင်သင့်တယ်။ အချစ်ကိစ္စဟာ နှလုံးသားကစတင်လှုပ်ရှားလုပ်ဆောင်ရမှာ မှန်ပေမဲ့ ဦးနှောက်ကိုလည်း သတင်းပို့သင့်တယ်။ ဒါမှ ပိုပြီး မှန်ကန်စွာဆုံးဖြတ်နိုင်မယ်။

"ဘဝမှာဖြစ်ချင်တာထက် ဖြစ်သင့်တာကို ပိုမိုဦးစားပေးသင့်တယ်" ဆိုတဲ့ စကားတစ်ခွန်းလဲ ရှိတယ်မဟုတ်လား။

ရူးရူးမူးမူးအချစ်၊ အချစ်မှာ မျက်စိမပါ။ (Love is blind.) ဆိုတာမျိုးဟာ အိမ်ထောင်ရေး ရေရှည်မြဲဘို့ မလွယ်ဘူး။

လူငယ်တွေဟာ အလှူအတန်းကွာဟမှု၊ ဆွေမျိုးရေး စရိုက်မတူညီမှု၊ ဘာသာရေးကွဲပြားမှု၊ အခြေအနေတွေကို မသိကျိုးကျွံပြုပြီး တစ်ဦးနဲ့တစ်ဦးချစ်မိခဲ့ကြတယ်။ အဲသည်လို ဂ္ဂမပြုမိတာကြောင့်လည်း ရေရှည်အိမ်ထောင်ရေး မခိုင်မြဲပဲ ပြိုကွဲကြရတယ်။

ဆင်ခြေပေးမရတဲ့အကြောင်း သုံးရပ်ရှိတယ်။ ဒါတွေကတော့-

- ပညာသင်ရန်နားမလည်ခဲ့ပါဟု
  ဘဝကိုဆင်ခြေပေး၍မရ။
- အချစ်ကိုနားမလည်ခဲ့ပါဟု
  နှလုံးသားကို ဆင်ခြေပေး၍မရ။
- ဥပဒေကို နားမလည်ခဲ့ပါဟု
  လောကကိုဆင်ခြေပေး၍မရ ဆိုတဲ့ စကားတွေပဲ။

မင်းတို့သတိပြုကြပေါ့။

အချစ်ရေးကို ဘောဂဗေဒ ပညာရပ် စကားလို ပြောရရင် (စီးပွားရေးစနစ်လိုပြောရရင်)

"အချစ်ဟာ စားသုံးမှု၊ ပညာဟာ ရင်းနှီးမြှုပ်နှံမှု"

" ရင်းနှီးမြှုပ်နှံမှု များလေလေ၊ စားသုံးမှုမှာ ပိုမိုတိုးတက်လေလေ" လို့ပဲ မှတ်ယူသင့်တယ်။

**လူငယ်နှင့် အိမ်ထောင်ရေး**

"ယောကျ်ားနဲ့မိန်းမ ယှဉ်လိုက်ကြယုံမျှဖြင့် အိမ်ထောင်ကျပြီလို့ မဆိုနိုင်ကြောင်း" နိုင်ငံကျော် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က ခဏခဏပြောတယ်။ ဒါမှန်တယ်။ အလှူ၊ ဘာသာရေး၊ စရိုက်တူညီမှု ဆွေမျိုးရေး ထိန်းချုပ်မှုတွေကြောင့် အိမ်ထောင်ရေးဘဝဟာ ပိပိပြင်ပြင်မခံစား ရတတ်ဘူး။

အိမ်ထောင်ကျတာ စောလို့လဲ မကောင်းသလို အိမ်ထောင်ကျတာ နောက်ကျလို့လဲ မကောင်းဘူး။ သီးချိန်သီး ပွင့်ချိန်ပွင့်ပဲကောင်းတယ်။

" သမီးကညာ အရွယ်ရောက်လာ၊ အချိန်အခါ မလင့်စေနှင့်" လို့ ဆိုထားတယ်။

" မောင်တစ်ကျိပ်ပင် ရှိလင့်ကစား၊ ခင်ပွန်းယောကျ်ားမရှိလျှင် မတင့်တယ်" လို့ လဲဆိုထားပြန်တယ်။

လူရယ်လို့ ဖြစ်လာရင် အနာဂါတ်သားစဉ်မြေးဆက် (Future Generation.) ကို မွေးထုတ်ရမှာ ထုံးစံပဲ။

ဒါပေမယ့် "အိမ်ထောင်မှု ဘုရားတည် ဆေးမှင်ရည် စုတ်ထိုး ဤသုံးခု ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့် အမျိုး" လို့ ဆိုထားတယ်။ အိမ်ထောင်ပြုရာမှာတော့ အင်မတန်ကို ဘက်စုံက ချင့်ချိန် စဉ်းစားကာမှ တန်ကာကျမယ်။ ပြန်ပြင်ရခက်တဲ့ ကိစ္စမို့ပဲ။

**လူငယ်နှင့်ငွေ**

(Money is a wing.) "ငွေဟာ အတောင်ပံ တစ်ခု" လိုတဲ့ နေရာကို အမြန်ဆုံးရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့အရာ။ "ငွေ မရှိ ဆေးမရှိ" လို့လဲ ဆိုထားတယ်။

ငွေဟာ ကဗျာဆန်စေတဲ့အရာ (Money is poetic.) လို့ ဆိုပြန်တယ်။ ငွေရှိရင် စိတ်ကူးကောင်းသလောက် အိမ်ကို အလှ ချယ်နိုင်တယ်။ ဥပမာ-မင်းစားပွဲလေးက ကျောက်စိမ်း စားပွဲလေး။ လေအေးစက်ကလေးနဲ့ ပြီး- အလုပ်သွားတော့ နောက်ဆုံးပေါ် ကားလေးနဲ့ စသည်ဖြင့်ပေါ့။ ကဗျာဆန်လို့ရတယ်။ ငွေဟာ ကောင်းကျိုးလည်း ပေးတတ်သလို၊ ဆိုးကျိုးလည်း ပေးတတ်တယ်။ ငွေပိုင်ဆိုင်တဲ့သူရဲ့ စိတ်ပေါ်မှာ မူတည်တယ်။ လုပ်ရပ်ပေါ်မှာ တည်တယ်။ ငွေရှိရင် လှူနိုင်တယ်။ ပေးကမ်းနိုင်တယ်။ လောက ကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် ဆောင်ရွက်နိုင်တယ်။ ထပ်ဆင့် ပညာသင်နိုင်တယ်။ ထပ်ဆင့်ပညာ ပေးနိုင်တယ်-စသည် ဖြင့်ပေါ့။

တစ်ခါ ငွေရှိရင် သောက်စားမူးယစ်နိုင်တယ်။ လောင်း ကစားနိုင်တယ်။ အလဟဿဖြုန်းတီး ပျက်စီးနိုင်တာပဲ။ လူ့လူချင်း ကိုလဲ ငွေနဲ့အနိုင်ကျင့်နိုင်တယ်။ ဒါတွေကိုတော့ ရှောင်ရမယ်။

ငွေကြေးချမ်းသာတဲ့ တိုင်းပြည်တွေမှာ ရာဇဝတ်မှု နည်းလာ
တယ်။ လူတိုင်း ငွေရှိရင် မနာလိုမှုကင်းလာတယ်။ မကောင်းစိတ်
နည်းလာတတ်တယ်။ ဒါကြောင့် ငွေကို သမာအာဇီဝ ကျကျနဲ့
ရအောင် ရှာရမယ်။ လူတိုင်းချမ်းသာနိုင်ရင် ပိုကောင်းတယ်။

"လူဖြစ်လာရင် ငွေကိုရအောင်ရှာပါ။ မိတ်ဆွေကောင်း
ဖွဲ့ပါ။ စုဆောင်းပါ။ အထိုက်အလျောက် လှူဒါန်းပေးကမ်းပါ။
ဒါဟာ ကြီးပွားချမ်းသာရာလမ်းကြောင်းပဲ။ " Money makes
everything." "ငွေဟာအရာရာကို ဖြစ်စေတယ်" ဆိုတဲ့စကား
ကတော့ အခါခပ်သိမ်းအလုံးစုံ မမှန်ကြောင်း သိထားပါ။

*လူငယ်နှင့် ပါတ်ဝန်းကျင် (လူမှုဆက်ဆံရေး)*

**Man is social creature.**

"လူဟာလူမှုရေးသတ္တဝါ" ဖြစ်တယ်။ အထီးထီးနေလို့
မရဘူး။

**Do not think too much yourself. You are not the onliy person in the world.**

"လောကမှာ ကိုယ်တစ်ယောက်ထဲ မဟုတ်တဲ့အတွက် ကိုယ့်
အကြောင်း ကိုယ့်ကိစ္စချည်းပဲ သိပ်တွေးနေလို့ မရဘူး"

အများနဲ့ပူးပေါင်းဆက်ဆံရမယ်။ လိုက်လျောညီထွေနေ
ရမယ်။ လောကကောင်းကျိုးကို ပူးပေါင်းဆောင်ရွက်ရမယ်၊
အကောင်းမြင်ဝါဒထားရမယ်။

ပတ်ဝန်းကျင်နဲ့ဆက်ဆံရာမှာ ပိုမိုအောင်မြင်ချင်ရင်

အောက်ပါ နည်းလမ်းလေးတွေ အတိုင်းကျင့်ကြံပါ-

၁။ ပျော်ရွှင်တတ်သူတစ်ဦးဖြစ်ပါစေ။

အရာရာကို စိတ်ဝင်စားမှုများများထားပါ။ လူများဟာ ပျော်ရွှင်တတ်သူတစ်ဦး အနားတွင် အမြဲနေလိုသည်။ အခြားသူများကို စိတ်ဝင်စားကြောင်းပြပါ။ သူတို့ရဲ့ အလုပ်အကိုင် မိသားစုဝင်များနှင့် ဝါသနာအကြောင်းကို စိတ်ပါလက်ပါ မေးမြန်းပါ၊ လူအများသည် လူ၏စိတ်ဝင်စားမှုကို ပြောပြလို၏။ ပြောပြပါဟု တောင်းဆိုသူများကို ချစ်ခင်၏။ (ဒေါသပေါက်ကွဲသော အပြုအမူမျိုးကိုရှောင်ပါ။ မိမိကို ပိုမိုစိတ်ဝင်စား လာအောင် မိမိအကြောင်းကို မမှန်မကန် ဖွဲ့နွဲ့ပြောဆိုခြင်းကို ရှောင်ပါ။ ရိုးသားမှုသည် အကောင်းဆုံးဝါဒ ဖြစ်သလို လိမ်လည်မှုက မိမိကို ပြန်လည် အကျိုးယုတ်စေနိုင်ပါသည်။)

၂။ မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝ ထား၍ပြုမူပါ။

- မတ်မတ်ရပ်ပါ။
- မတ်မတ်လမ်းသွားပါ။
- စကားကို ပြတ်ပြတ်ပြောပါ။
- သို့သော် အသံမကျယ်ပါစေနှင့်။

သင်၏ပိုင်နိုင်သော အမူအရာများကို လူများက တုန့်ပြန်လာပါလိမ့်မယ်။ (လူကြိုက်များအောင် အလွန်လိုလားနေခြင်း၊ လူကြိုက်များအောင် အလွန်အမင်းကြိုးစားနေကြောင်း လူသိသွားလျှင် သင့်ကိုယ်သင် အထင်သေးနေသည်ဟု အများကမြင်သွားနိုင်သည်။)

၃။ **အပြုသဘောထားပါ။**

အခြေအနေတိုင်းတွင် ကောင်းသော အချက်များရော၊ ဆိုးသောအချက်များပါ ပါဝင်စမြဲဖြစ်သည်။ ကောင်းသောအချက်များကို အာရုံစူးစိုက်ပါ။ အကောင်းကို ရှုတတ်သူများအနီးတွင် လူအများက နေလိုကြသည်။

(အမြဲညည်းညူနေသူဖြစ်ခြင်း၊ မိမိ၏ဒုက္ခများကိုသာအမြဲတစေပြောဆိုနေခြင်း၊ ဘဝကိုမကြေနပ်ခြင်း-ဖြစ်လျှင် မိမိအနားတွင် မည်သူမျှရှိတော့မည်မဟုတ်ပါ)။

၄။ **လူအများကို တတ်နိုင်သမျှကူညီပါ။**

(ဖြစ်နိုင်လျှက် တတ်နိုင်ပါလျှက် တစ်ပါးသူ၏ အကူအညီတောင်းခံမှုကို ဥပက္ခာမပြုပါနှင့်)။

ဒီ လူ့ဘဝပတ်ဝန်းကျင်အကြား အောင်မြင်စွာ နေနည်းကို ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာ တက္ကသိုလ်က လူမှုရေးစိတ်ပညာဆိုင်ရာ **လက်ထောက်ပါမောက္ခဒေါက်တာဒိုနယ်(လ်)ဒွတ်တွန်**က နည်းလမ်းပြထားတာဖြစ်တယ်။ ကြိုးစားလိုက်နာကြည့်ပါ။ လူမှုဆက်ဆံရေးမှာ ပိုမိုအကျိုးရှိ အောင်မြင်လာပါလိမ့်မယ်။

***လူငယ်နှင့် မူးယစ်ဆေးဝါး***

**"အရက်သေစာနှင့် မူးယစ်ဆေးဝါး သောက်သုံးခြင်း အားဖြင့် ဘဝတစ်ခုလုံးကို မပျက်စီးစေနိုင်သည်ထား အကျင့် စာရိတ္တကို တဖြည်းဖြည်း ယိုယွင်းဖျက်စီး ချစားလာစေနိုင်သည်"** လို့ ဆိုထားတယ်။

တကယ်တော့မူးယစ် သေစာနှင့်ဆေးဝါးဟာတဖြည်းဖြည်း လူကိုနိုင်လာပြီး ဘဝတစ်ခုလုံးကို ပျက်စီးစေနိုင်တာပဲ။

"ဓါးကိုဖျက်ဝါးမျက်။ လူကိုဖျက်အရက်" လို့လဲ ဆိုထားတယ်။ "ကိုယ့်ကိုယ်ကိုဖျက် သံချေးတက်" လို့လဲဆိုထား တယ်။

ဗုဒ္ဓမြတ်စွာဘုရားက သူ့တပည့်တွေကို အရက်သေစာနှင့် မူးယစ်ဆေးဝါးရှောင်ရှားရန် စည်းကမ်းထားပေးခဲ့တယ်။ မှိုဝဲသဖြင့် ဆိုးကျိုးရရှိပုံတွေကိုလည်း သတိပေးခဲ့တယ်။

အဲဒါတွေကတော့-

၁။ မှိုဝဲသုံးစွဲသူတွေကို ရောဂါရစေတယ်။

၂။ ပင်ကိုယ်စိတ်ပျောက်ပြီး စိတ်ကယောင် ချောက်ချား ဖြစ်စေတယ်။

၃။ သတိလက်လွတ်ဖြစ်မှုကြောင့် မိသားစုနှင့် ပိုင်ဆိုင်ပစ္စည်းများမှာ အန္တရာယ်ကျရောက် စေကြောင်း တို့ဖြစ်တယ်။

ဒါကြောင့် **မူးယစ်ဆေးဝါး**ဟာ -

၁။ ဆုံးရှုံးမှုဖြစ်စေတယ်။

၂။ မူးယစ်ဆေးဝါးသုံးစွဲမှုကို အလိုမလိုက်သင့်ဘူး။

၃။ သူတစ်ပါးကိုလည်း သုံးစွဲအောင် မတိုက်တွန်းသင့်ဘူး။

၄။ သုံးစွဲသူများကိုလည်း အားမပေးသင့်ဘူး။

၅။ မူးယစ်သေစာ သောက်စား သုံးစွဲသူများသည် သတိလက်လွတ်ဖြစ်ပြီး မကောင်းမှုများကို ကျူးလွန် တတ်ကြောင်း သိရှိနားလည် သဘော ပေါက်ရမယ်။

(မူးယစ်သေစာနဲ့ ဆေးဝါးဟာ ပထမ လူက အရက် (ဆေးဝါး) ကို သောက်တယ်။ နောက်အရက် (ဆေးဝါး)က အရက် (ဆေးဝါး)ကို သောက်တယ်။ ထို့နောက် အရက် (ဆေးဝါး)က လူကို ပြန်သောက်တယ်) တဲ့။ ဒီဆိုရိုးစကားဟာ ဂျပန်နိုင်ငံ စကားပုံတစ်ခုက လာတာဖြစ်တယ်။ အခုအခါမှာ အနောက်ဥရောပ နဲ့ အမေရိက အပါအဝင် နိုင်ငံတကာ အသုံးပြုနေကြပြီ။

ဒါကြောင့် လူငယ်တွေဟာ မကောင်းတဲ့ အလုပ်ဖြစ်တဲ့ အရက်သေစာနဲ့ မူးယစ်ဆေးဝါးသောက်သုံးခြင်းကို ရှောင်ကြဉ်သင့် တယ်။ မသောက်သုံးခြင်းအားဖြင့် ငါးပါးသီလမှာပါတဲ့ "သုရာမေရယက" ကိုလည်း လုံခြုံစွာထိန်းသိမ်းလိုက်တာပဲပေါ့။

တစ်ကယ်တော့ (အရက်+မူးယစ်ဆေးဝါး)ဟာ မိမိ၊ မိမိ မိသားစု၊ လူ့ဘောင်အဖွဲ့အစည်းကို ဝါးမြို ဖျက်စီးပစ်နိုင်တဲ့အရာ တစ်ခု၊ အန္တရာယ်တစ်ခုအစစ်ပါပဲ။

**လူငယ်နှင့် စည်းကမ်း။**

"တောင်းမှာအကွပ်၊ လူမှာအဝတ်"ဆိုတဲ့စကားရှိတယ်။ ယမ်းမှာ စည်းရှိရသလို မြစ်မှာလည်း ကမ်းရှိမှတင့်တယ်တယ်။

လူမျိုးတစ်မျိုးမှာ စည်းကမ်းဖေါက်လာရင် ထီးနန်းပါပျောက် တတ်တယ်။

စည်းကမ်းဆိုတာ တစ်ဘက်စွန်း မရောက်တဲ့ အတွေး အခေါ် ပြုမူလုပ်ဆောင်ချက်များရဲ့ အချုပ်ပဲ။

စည်းကမ်းသည် လူ့တန်ဘိုးဆိုတဲ့အတိုင်း ကျောင်းသား တစ်ယောက်ဟာ ကျောင်းသားတစ်ယောက်ရဲ့စည်းကမ်းလိုက်နာ ရမယ်။ လူမှုရေးစည်းကမ်း၊ နိုင်ငံရေးစည်းကမ်း၊ ဝန်ထမ်းစည်းကမ်း၊ စသည်ဖြင့် အသက်ကြီးလာတဲ့အခါ တိုင်းပြည်နဲ့ဘာသာရေးက ချမှတ်ထားတဲ့စည်းကမ်းတွေကို လိုက်နာကြရမှာဖြစ်တယ်။

စည်းကမ်း (၂)မျိုးရှိတယ်။ တစ်ကိုယ်ရေစည်းကမ်းနဲ့ လူ့ဘောင် လူ့အဖွဲ့အစည်း စည်းကမ်း (၂)မျိုးပဲ။ တစ်ကိုယ်ရေ စည်းကမ်းကောင်းမှ လူ့ဘောင်တွင်း စည်းကမ်းကို လိုက်နာ နိုင်မှာဖြစ်တယ်။ စည်းကမ်းရှိမှ တိုင်းကြီးပြည်ကြီးသား ပီသမှာ ဖြစ်တယ်။

## ***လူငယ်နှင့် ဘာသာရေး***

ကမ္ဘာမှာဘယ်လူမျိုးမဆို ကိုယ့်ဘာသာနဲ့ကိုယ် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုရှိကြတယ်။ ကိုယ့်ဘာသာနဲ့ကိုယ် ကိုးကွယ် ယုံကြည်ရာမှာ မိမိဘာသာရဲ့ အခြေခံဇစ်မြစ်နဲ့ ဘာသာရေး စည်းကမ်း ကျင့်ဝတ်လေးတွေကို ထားကြရမှာဖြစ်တယ်။ ဗဟုသုတ ရှိနေရမယ်။

သိပ်တိုးတက်နေတဲ့ သည်ခေတ်ကြီးမှာ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံနီတိ၊ လူကျင့်ဝတ်တွေကို မမေ့သင့်ဘူး။ မေ့ရင် လူ့အဖွဲ့အစည်း ကမောက်ကမဖြစ်တတ်တယ်။ ရိုးရာစာပေ၊ ဘာသာရေးစာပေက ဒါတွေသင်ပေးတာမို့ ဘာသာရေးကို လုံးဝ မမေ့အပ်ဘူး။

ဘာသာရေးနဲ့ ပါတ်သက်ပြီး ဗုဒ္ဓဘာသာရဲ့ အခြေခံ အကြောင်းအရာလေးတွေကို အစ်ကိုကြီးနည်းနည်းရေးပြလိုက်မယ်။

ဗုဒ္ဓဘုရားငါးဆူပွင့်တယ်။ အရိမေတ္တယျမြတ်စွာဘုရားက မပွင့်သေးဘူး။

ဘုရားငါးဆူ *(The names of five buddhas)*

၁။ ကကုသန် = **KAKUSANDA**

၂။ ကောဏာဂုံ = **KONAGAMANA**

၃။ ကဿပ = **KASSAPA**

၄။ ဂေါတမ = **GOTAMA( GOUTAMA)**

၅။ အရိမေတ္တယျ = **ARIMETTAYA**

တို့ဖြစ်ကြတယ်။

*ဗုဒ္ဓဘုရားအားလုံး၏ ဆုံးမဩဝါဒ*

(TEACHING OF ALL BUDDHAS) ကတော့

၁။ **To abstain from evil** မကောင်းမှုရှောင်

၂။ **To do good** ကောင်းမှုဆောင်

၃။ **To purify the mind** ဖြူအောင်စိတ်ကိုထား။

*(မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား)* (ဓမ္မပဒ)လို့ဖြစ်တယ်။

ငါးပါးသီလ ***(Five Precepts)*** ကတော့

| | |
|---|---|
| ၁။ ပါဏာတိပါတာ | **abstain from killing of living beings;** |
| ၂။ အဒိန္နာဒါနာ | **abstain from taking what is not given;** |
| ၃။ ကာမေသုမိစ္ဆာစာရာ | **abstain from illegal sexual conduct;** |
| ၄။ မုသာဝါဒါ | **abstain from telling lies or untruths;** |
| ၅။ သုရာမေရယ | **abstain from any kind of intoxicants;** |

စတဲ့ရှောင်ရန်ကံ (၅) ပါးတို့ပဲဖြစ်တယ်။

နောက်ပြီး တို့ဗုဒ္ဓဘာသာများ အနေနဲ့ကတော့ (ချမ်းမြေ့ရိပ်သာဆရာတော်ရဲ့) လောကီ လောကုတ္တရာနှစ်ဖြာ အရာအရာ အသုံးဝင်သောအောင်မြင်ကြောင်းတရားကို လက်ဆောင်အဖြစ် အစ်ကိုကြီးရေးပေးလိုက်မယ်။ အဲဒီကဗျာ ကလေးကတော့ -

- မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထား
- ခုလည်းချမ်းသာ၊ နောင်ချမ်းသာ မြတ်စွာဟောမိန့်ကြား။
- ပြောပြုတွေးလျှင် သတိယှဉ် ဆင်ခြင်ဉာဏ်ရှေ့သွား။
- စိတ်ထားဖြောင့်မှန် ခွင့်လွှတ်ရန် သည်းခံမေတ္တာပွား။
- လုံ့လနှင့်ဖွဲ့ မလျော့ပဲ အမြဲတင်းတင်းထား။
- အရာရာတွင် အသုံးဝင် ဓအာင်မြင်ကြောင်းတရား-တဲ့။

အဲဒီကဗျာရဲ့ တပိုဒ်ချင်း အဓိပ္ပါယ်ကိုလည်း ရှင်းပြလိုက်မယ်။

*"မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"*

မကောင်းမှုဟူသည်မှာ မိမိသို့မဟုတ် သူတစ်ပါးကို ထိခိုက်နစ်နာစေသည့် အပြောအဆို အပြုအမူ၊ အတွေးအခေါ်ပင်ဖြစ်သည်။ မကောင်းမှုအကုသိုလ် (ဒုစရိုက်တရားဆယ်ပါးရှိတယ်)။

အဲဒါတွေက -

၁။ သူတစ်ပါး အသက်ကို သတ်ခြင်း။
၂။ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားယူခြင်း။
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။
၄။ မမှန်သောစကားကို ပြောဆိုခြင်း။
၅။ ကုန်းချောရန်တိုက်စကား ပြောဆိုခြင်း။
၆။ ကြမ်းတမ်းရိုင်းစိုင်းသော စကားပြောဆိုခြင်း။
၇။ အကျိုးမရှိ အနှစ်မပါသော စကားကိုပြောဆိုခြင်း။
၈။ သူတစ်ပါးပစ္စည်းကို ရလိုသမှု ရှေးရှုကြံစည်ခြင်း
၉။ သူတစ်ပါးကို ပျက်စီးစေလိုခြင်း။
၁၀။ အသိအမြင်အယူဝါဒ လွဲမှားနေခြင်း။

မကောင်းမှုအကုသိုလ်နှင့်ဆန့်ကျင်ဘက် ကောင်းမှု ကုသိုလ် (သုစရိုက်တရား) လည်းဆယ်ပါးရှိတယ်။ ဒါတွေကတော့-

၁။ သူတစ်ပါး အသက် မသတ်ခြင်း။
၂။ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားမယူခြင်း။
၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်ခြင်း။
၄။ မမှန်သောစကားကို မပြောဆိုခြင်း။
၅။ ကုန်းချော ရန်တိုက်စကားကို မပြောဆိုခြင်း။
၆။ ကြမ်းတမ်းရိုင်းစိုင်းသော စကားကိုမပြောဆိုခြင်း။
၇။ အကျိုးမရှိ အနှစ်မပါသောစကားကို မပြောဆိုခြင်း။
၈။ သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်စေလိုသမှု၊ ရှေ့ရှု မကြံစည်ခြင်း။
၉။ သူတစ်ပါးကို ပျက်စီးစေလိုစိတ်မရှိခြင်း။
၁၀။ အယူဝါဒ ဖြောင့်မှန်ခြင်း တို့ပဲဖြစ်တယ်။

ဖော်ပြတဲ့ မကောင်းမှုဆယ်ပါးကို ရှောင်၍ ကောင်းမှု ဆယ်ပါးကို ဆောင်ထားကာ မိမိစိတ်ကိုဖြူစင်နအောင် မွေးမြူကြရမယ်။

*"ရှေ့လည်းချမ်းသာ၊ နောင်ချမ်းသာ မြတ်စွာဗောဓိနိဗ္ဗာန်ကြွား"*

မကောင်းမှုကို ရှောင်ကြဉ်ပြီး ကောင်းမှုကို ရင်ဝယ်ပိုက် ထားသူများအဖို့ ယခုပစ္စုပ္ပန်လည်းချမ်းသာ၊ နောင်တမလွန်လည်း ချမ်းသာစွာနေရမယ်။

မကောင်းမှုပြုသူများ၊ မကောင်းကျိုးခံစားရပြီးကောင်းမှုပြုသူများ ကောင်းကျိုး ခံစားရမည်မှာ ဓမ္မတာသဘောပင်ဖြစ်တယ်။

**"ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား"**

ဝစီကံနှုတ်နဲ့တစ်စုံတစ်ရာစကားမပြောမီ ကာယကံ ကိုယ်နဲ့ တစ်စုံတစ်ရာမပြုမူမီ၊ မနောကံစိတ်နဲ့အကြောင်းအရာတစ်ခုခု စိတ်ကူးတွေးတောခြင်းမပြုမီ၊ မိမိ (သို့မဟုတ်)သူတစ်ပါးကိုအကျိုးရှိစေမည်လား၊ သို့မဟုတ် ထိခိုက်နစ်နာသွားစေမည်လား စသည်ဖြင့် သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်ကာ ဆင်ခြင်စဉ်းစားရမယ်။ မည်သူ့ကိုမျှ မထိခိုက်ပဲ အကျိုးရှိနိုင်မှသာ ပြောခြင်း၊ ပြုမူခြင်း၊ တွေးတော စိတ်ကူးခြင်းပြုသင့်ကြတယ်။

**"စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန် သည်းခံမေတ္တာပွား"**

ရှေးဦးစွာ မိမိကိုယ်မိမိစိတ်ထားဖြောင့်မှန်အောင်၊ မွေးမြူ လျက် တဖက်သားရဲ့ ချွတ်ယွင်းအားနည်းချက်တွေကို ခွင့်လွှတ်တတ်ရမယ်၊ စိတ်တိုင်း မကျသည့်တိုင်အောင် သည်းခံ၍ မေတ္တာထားရမယ်။

ရှင်မဟာသီလဝံသကလည်း **"ရန်ကိုအောင်စေလိုသော် မေတ္တာ"** လို့စကားပုံနဲ့ဆုံးမခဲ့တယ်။ ရန်သူကိုပင်အောင်မြင်စေသည်အထိ မေတ္တာလက်နက်က အစွမ်းထက်လှပေတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံအချို့မှာ လူမှုပြဿနာများကို စစ်ရေးသက်သက်နဲ့ အကြမ်းဖက် ဖြေရှင်းနေကြတာ မေတ္တာခေါင်းပါးသည့်သဘောဖြစ်

တယ်။ မေတ္တာစိတ်သာ မွေးမြူနိုင်ကြလျှင်၊ ခွင့်လွှတ်သည်းခံ၍ ပြဿနာကိုငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ကြမှာဖြစ်တယ်။

*"လုံ့လနှင့်ဇွဲမလျှော့ပဲ*
*အမြဲတင်းတင်းထား"*

လောကီ လောကုတ္တရာ မည်သည့်အလုပ်ကို လုပ်လုပ် ဇွဲ လုံ့လ ဝီရိယမလျှော့ပဲ အမြဲတင်းတင်းထားဘို့ အရေးကြီးတယ်။ သို့မှသာ မျှော်မှန်းတဲ့ ပန်းတိုင်ရောက်မယ်။ ဇွဲ လုံ့လ လျှော့ချသွားသူသည် ဘယ်တော့မှ ပန်းတိုင် မရောက်နိုင်။

*"အရာရာတွင်အသုံးဝင်*
*အောင်မြင်ကြောင်းတရား"*

အထက်မှာ ဖေါ်ပြခဲ့တဲ့ ဆောင်ပုဒ်ကဗျာလေးတွေဟာ၊ လောကီရေး လောကုတ္တရာရေး မည်သည့်အရေးမှာဖြစ်ဖြစ် အရာရာတွင် အသုံးဝင်ပြီး အောင်မြင်ကြောင်း တရားများ ဖြစ်တယ် လို့ ဆိုလိုတယ်။

အချုပ်ကတော့-လူ့ဘဝမှာ အောင်မြင်မှု ရယူလိုသူတိုင်း ဟာ-

- မကောင်းမှု ဟူသမျှ ရှောင်၊ ကောင်းမှု ဟူသမျှ ဆောင်လျှက် စိတ်ကို ဖြူစင်အောင်ထားပါ။
- မပြောခင် မပြုမူခင် မတွေးတောခင် ဆင်ခြင်ဥာဏ်ကို ရှေ့ကထား၍ ပြုမူပြောဆိုပါ။
- စိတ်ထား ဖြောင့်မှန်လျှက် တစ်ဖက်သားကို ခွင့်လွှတ်သည်းခံ၍ မေတ္တာထားပါ။

- မည်သည့် အလုပ်မဆို မပြီးမချင်း၊ ဇွဲလုံ့လဝီရိယ မလျှော့ပဲ အမြဲတင်းထားပါ ဟူ၍ ဖြစ်ပါသည်။

**လူငယ်စေတ်နှင့် စံနစ်**

ယခုအခါမှာ နိုင်ငံတော်က ဈေးကွက်စီးပွားရေးစံနစ် တွေကို ချမှတ်ပေးနေတာကို လူငယ်များအလွန်ဝမ်းသာရမယ်။ ကျေးဇူးလဲ တင်ရမယ်။ မြန်မာနိုင်ငံဟာစီးပွားရေး အတတ်ပညာမှာ အလွန် ခေတ်နောက်ကျခဲ့တော့- ခုချိန်ခါမှာ ညီ ညီမလေးတို့က ယနေ့ လူငယ်နောင်ဝယ်လူကြီး ဆိုသလို နိုင်ငံစီးပွားရေးမှာ ပါဝင် ပုခုံး ထမ်းရမှာ မလွဲဧကံပဲ။

ဒီတော့ညီ ညီမလေးတို့က စာရင်းကိုင်ပညာ- လုပ်ငန်းစီမံ ခန့်ခွဲမှုပညာ၊ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးခြင်းပညာ၊ အုပ်ချုပ်စီမံ မှုပညာ၊ စည်းရုံးရေးပညာတို့ကို စံနစ်တကျသင်ကြားကြရမယ်။

စက်မှုလက်မှုနှင့်စိုက်ပျိုးမွေးမြူခြင်းကို ဦးတည်တိုးတက် အောင် ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်လို့ အဲဒီပညာရပ်တွေမှာလည်း တိုးတက်ဖွံ့ဖြိုးအောင်ကြိုးစားသင်ယူကြရမှာဖြစ်တယ်။ နိုင်ငံတော် ကလည်း အဆင့်မြင့်မြင့်သင်ကြား ပို့ချနေတာအားတက်စရာပဲ။

ဘက်စုံပညာရေးစံနစ်အားဖြင့်လည်း နိုင်ငံတော်က မြို့တိုင်း မှာလိုလို ကောလိပ်တွေဖွင့်ပေးတယ်- တက္ကသိုလ်တွေ တိုးချဲ့ ဖွင့် ပေးတယ်။ ဆရာအင်အားတိုးချဲ့ခန့်ထားပေးတယ်။ သူနာပြု တက္ကသိုလ်တွေ၊ ယဉ်ကျေးမှု (အနုပညာ) တက္ကသိုလ်တွေ လည်း ဖွင့်ပေးလိုက်တော့ ကိုယ်ဝါသနာပါရာ တက်ရောက် သင်ကြားခွင့် ရကြတာ ဘယ်လောက်ဝမ်းသာ အားတက်စရာ ကောင်းလဲ။

နောက်ဆုံး အားကစား ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကျောက်မျက်ပညာဆိုင်ရာတက္ကသိုလ် ကောလိပ်တွေလည်း တိုးချဲ့ ဖွင့်လှစ် လိမ့်ဦးမယ်လို့ အစ်ကိုကြီးမြင်ယောင်နေမိတယ်။

ဒီတော့ ညီ-ညီမလေးတို့က ဘက်စုံပညာရေး စံနစ်မှာ ဘာသာခြားစာတွေနဲ့ သင်နေရတာမို့ ပိုကြိုးစားရမယ်။ မိခင် (မြန်မာစာ) ကို ပိုင်ပိုင်နိုင်နိုင်ရှိရမယ်။ စိတ်ပါဝင်စားရမယ်။ ဒါမှ အခြားဘာသာစကားကို လေ့လာရာမှာ - မိခင်ဘာသာစကားနဲ့ ချိတ်ဆက်ပြီး ယူရတာမို့ ပိုမိုလွယ်ကူမယ်။

နိုင်ငံတကာ ဆက်ဆံရေးပညာလည်း တွင်ကျယ်လာပြီမို့ အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်၊ ဂျာမန်၊ ပြင်သစ်၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ကိုးရီးယား၊ ဘာသာစကားတွေကိုလည်း ရေးတတ်ပြောတတ် အောင် ကြိုးစားထားကြပါ။

ဝိဇ္ဇာသိပ္ပံ ပညာရပ်ဆိုင်ရာတွေဟာ-သူ့နေရာနဲ့သူ အကျိုး ရှိတယ်။ အသုံးဝင်တယ်။ ဒါကြောင့် ဝိဇ္ဇာရယ် သိပ္ပံရယ် မခွဲခြားပဲ ကျရာတာဝန်ကျွမ်းကျင်ဝါသနာပါရာ ဘာသာရပ်ကို ကိုင်ဆွဲပြီး တို့နိုင်ငံတော်ကြီး ဘက်စုံတိုးတက်ရေးမှာ ပါဝင်ဆင်နွဲကြပါ။ အခြေခံပညာစာမေးပွဲတိုင်းကို အောင်မြင်အောင် ကြိုးစားကြပါလို့ အစ်ကိုကြီး တိုက်တွန်းယင်း ဒီစာကို အဆုံးသတ်လိုက်ပါတယ်။

**ညီ ညီမလေးတို့အနေနဲ့**

**အရာရာမှာ**

**ကြိုးစား ရှုန်းကန်ရင်း**

လူ့ဘဝ လူ့ရွာနမှာ
လိုအင်ဆန္ဒ
ကြံသမျှအပေါင်းနှင့်
ပြည့်ဝပါစေ......
ထာဝစဉ်
ကိုယ်ကျမ္မာ
စိတ်ချမ်းသာရှိကြပါစေ......။

မင်းတို့ရဲ့
အစ်ကိုကြီး
**မင်းထန် B.A (Philosophy)**

## ကျမ်းကိုးစာရင်း

| | | |
|---|---|---|
| ၁။ | ဘဒ္ဒန္တဇောတအရှင် | - လောကနီတိအဖွင့် အကျယ် လက်စွဲကျမ်း |
| ၂။ | ရှင်ဇနကာဘိဝံသ | - ကိုယ်ကျင့်အဘိဓမ္မာ |
| ၃။ | ဦးသြဘာသ | - ဇာတ်ကြီးဆယ်ဘွဲ့ |
| ၄။ | ရှင်မဟာရဋ္ဌသာရ | - လောကသာရပျို့ |
| ၅။ | ဆရာတော်ဦးသေဋ္ဌိလ | - ဓမ္မပဒ (မြန်မာပြန်) |
| ၆။ | စံကျောင်းဆရာတော် | - ကံဉာဏ်ဝီရိယ အကျယ် လက်စွဲကျမ်း |
| ၇။ | လယ်တီဆရာတော် | - မဃဒေဝ |
| ၈။ | သာသနာရေးဦးစီးဌာန | - ပါဠိတော်မြန်မာပြန်ကျမ်းများ |
| ၉။ | ပီမိုးနင်း | - ဘဝတိုက်ပွဲ |
| ၁၀။ | ပီမိုးနင်း | - ကိုယ့်ဒူးကိုယ်ချွန် |
| ၁၁။ | ပီမိုးနင်း | - သားဂုဏ်ရည် |
| ၁၂။ | ပီမိုးနင်း | - သမီးဂုဏ်ရည် |
| ၁၃။ | တက်တိုး | - အချစ်နှင့်စိတ်ပညာ |
| ၁၄။ | တက်တိုး | - သောကကင်းဝေးနေနိုင်ရေး (မြန်မာပြန်) |
| ၁၅။ | ရန်ကုန်တိုင်းစစ်ဌာနချုပ် | - သားလှုရတနာဆုံးမစာ |
| ၁၆။ | ဦးနု-မိတ္တဗလင်္ဂီကာ | - (မြန်မာပြန်) |
| ၁၇။ | ဒဂုဏ်ဦးထွန်းမြင့် | - ပါဠိသက်ဝေါဟာရ အဘိဓါန် |
| ၁၈။ | ပါရဂူ | - ဟိတောပဒေသ |

၁၉။ မြန်မာနိုင်ငံမြန်မာစာအဖွဲ့ - မြန်မာ့အဘိဓါန်ကျမ်း။
၂၀။ မောင်ကျေးဇူး - သုံးပါးရတနာစာပဒေသာ။
၂၁။ ဆရာ (V) အုန်းကျော် - ချစ်တပည့်ထံပေးစာ။
၂၂။ ဝိဇ္ဇာဘွဲ့ရ ရဲထွဋ်လှ - သားများသို့
၂၃။ မောင်အုံ (မဟာဝိဇ္ဇာ-ဘုံဘော) - ဗုဒ္ဓ၏လူမှုရေးလမ်းညွှန်ချက်များ
၂၄။ ဦးဟုတ်စိန် (B.A.B.L) - **THE UNIVERSAL BURMESE-ENGLISH -PALI DICTIONARY ( * 1st EDITION - 1978)**
၂၅။ မဂ္ဂဇင်းအစောင်စောင်မှ မှတ်စုမှတ်ရာများ။